# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်က တည်ထောင်သည်။ Established in 1914

**Myanma Alinn Daily**


## မပြစ်မှားမိအောင် သတိပြု

မပြစ်မှားအပ်သော ပုဂ္ဂိုလ်တို့ကို တုတ်၊ ဓား၊ လှံ စသည် လက်နက်တို့ဖြင့် ပြစ်မှားသောသူမှာ ဆင်းရဲ၏။ ပြင်းထန်သော ဝေဒနာခံစားရ၏။ ဥစ္စာပစ္စည်းဆုံးရှုံး၏။ ကိုယ်အင်္ဂါ ပျက်စီး၏။ အနာစွဲကပ်၏။ ရူးသွပ်၏။ စိတ်ပျံ့လွင့်၏။ အစွပ်စွဲခံရ၏။ ဆွေမျိုးတို့ ပျက်စီး၏။ ပကတိမီး၊ လောင်မီးတို့ လောင်ခြင်းခံရ၏။ သေသော် ငရဲသို့ ကျရောက်ရ၏။ (မပြစ်မှားအပ်သော ပုဂ္ဂိုလ်တို့ကို မပြစ်မှားမိအောင် သတိပြုဆင်ခြင်သင့်၏။)

ဒဏ္ဍဝဂ်(ဓမ္မပဒ-၁၄၀)


၁၃၈၄ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၄ ရက် | ၂၀၂၂ ခုနှစ်၊ စက်တင်ဘာ ၂၈ ရက်၊ ဗုဒ္ဓဟူးနေ့ | အတွဲ (၆၁)၊ အမှတ် (၃၅၈)


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများစစ်ဆေးခြင်းများအပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။

၂။ လတ်တလော ဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှနည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# နိုင်ငံအတွင်း ကမ္ဘာလှည့်ခရီးသွားလုပ်ငန်း၊ ပြည်တွင်းခရီးသွားလုပ်ငန်းများ တိုးတက်လာမည်ဆိုပါက နိုင်ငံ၏ စီးပွားရေးနှင့် ဖွံ့ဖြိုးတိုးတက်မှုများသည် များစွာပြောင်းလဲသွားမည်

**နေပြည်တော် စက်တင်ဘာ ၂၇**

၂၀၂၂ ခုနှစ်၊ ကမ္ဘာ့ခရီးသွားလုပ်ငန်းနေ့ အထိမ်းအမှတ်အခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်း (ဗဟိုဌာန-၂) ၌ ကျင်းပပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်အမှာစကား ပြောကြားသည်။

**တက်ရောက်**

အခမ်းအနားသို့ အမျိုးသားခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေး ဗဟိုကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း၊ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များ၊ ကောင်စီတွဲဖက်အတွင်းရေးမှူး၊ ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ နေပြည်တော် တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ မြန်မာနိုင်ငံဆိုင်ရာ နိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများ၊ ညွှန်ကြားရေးမှူးချုပ်များ၊

*စာမျက်နှာ ၃ ကော်လံ ၁* ❑




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် အခမ်းအနားတက်ရောက်လာသူများ ၂၀၂၂ ခုနှစ်၊ ကမ္ဘာ့ခရီးသွားလုပ်ငန်းနေ့ အထိမ်းအမှတ်အဖြစ် ခင်းကျင်းပြသထားသည့် ခရီးစဉ်ဒေသအလိုက် ပြခန်းများအား လှည့်လည်ကြည့်ရှုစဉ်။

## ယနေ့ ဖတ်စရာ


သေဒဏ်ပေးသည် ဆိုရာတွင် . . . . . — ဆောင်းပါး စာ - ၁၀

၂၀၂၁ ခုနှစ်တွင် ကင်ဆာရောဂါသည် တောင်ကိုရီးယား၌ လူသေဆုံးမှု အများဆုံးအဖြစ်ရှိနေ — နိုင်ငံတကာသတင်း စာ - ၁၃

ရုရှား - မြန်မာနှစ်နိုင်ငံ ရေထွက်ကုန်လုပ်ငန်းပူးပေါင်းဆောင်ရွက်မှုမှ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်မှု၏ လင်းရောင်ခြည်များ ယှက်သန်းစေလျက် — ပြည်တွင်းသတင်း စာ - ၂၀

မြန်မာ့အလင်း

# ခွေးရူးရောဂါကြောင့် သေဆုံးမှုမရှိစေရေး တစ်ခုတည်းသော ကျန်းမာရေးအသိဖြင့် ဆောင်ရွက်ပေး

နှစ်စဉ်စက်တင်ဘာ ၂၈ ရက်ကို ကမ္ဘာ့ခွေးရူးပြန်ရောဂါနေ့ (World Rabies Day) အဖြစ် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ က သတ်မှတ်ထားသည်။ ကမ္ဘာတစ်ဝန်းလုံးတွင် ခွေးရူးပြန်ရောဂါကြောင့် တစ်နှစ်လျှင် လူ ၅၅၀၀၀ မှ ၇၀၀၀၀ ခန့်အထိ အသက်ဆုံးရှုံးလျက်ရှိရာ ခွေးရူးပြန်ရောဂါ၏ အန္တရာယ်ကို ပြည်သူလူထုသတိမူစေနိုင်ရန်အတွက် ကမ္ဘာ့ခွေးရူးပြန်ရောဂါနေ့ ကျင်းပခြင်းဖြင့် ပညာပေးလှုံ့ဆော်နေခြင်းဖြစ်သည်။

ခွေးရူးပြန်ရောဂါကြောင့် သေဆုံးရသူများတွင် အာရှနှင့် အာဖရိကနိုင်ငံများမှ ကျေးလက်ဒေသများတွင် အများဆုံးဖြစ်သည်ဟု ဆိုသည်။ အာရှမှ အိန္ဒိယ၊ ဗီယက်နမ်နှင့် ထိုင်းတို့မှာ ခွေးရူးပြန်ရောဂါကြောင့် သေဆုံးမှုအများဆုံးဖြစ်ပြီး မြန်မာနိုင်ငံသည်လည်း ခွေးရူးပြန်အန္တရာယ် မြင့်မားသည့် နိုင်ငံများတွင် ပါဝင်သည်။ စင်စစ် ခွေးရူးပြန်ရောဂါသည် ကာကွယ်ဆေးထိုးနှံခြင်းအားဖြင့် ရာခိုင်နှုန်းပြည့် ကာကွယ်နိုင်သော ရောဂါဖြစ်သော်လည်း ကျန်းမာရေးအသိ သတိ နည်းပါးကြခြင်းကြောင့် အသက်အန္တရာယ်ကျရောက်သည်အထိ ကြုံတွေ့ခံစားကြရခြင်းဖြစ်သည်။ ခွေးရူးပြန်ရောဂါဖြစ်ပွားစေနိုင်သည့် Rhabdo ဗိုင်းရပ်စ်သည် ခွေး၊ ကြောင်၊ ဝက်၊ နွား၊ သိုး၊ ဆိတ် အစရှိသည့် အိမ်မွေးတိရစ္ဆာန်များနှင့် ဝံပုလွေ၊ မြေခွေး၊ တောခွေး၊ ခွေးအ၊ လင်းနို့ စသည့် တောရိုင်းတိရစ္ဆာန်များတွင်ပါ ရောဂါကျရောက်နိုင်ပြီး ယင်းမှတစ်ဆင့် လူသို့ကူးစက်နိုင်သည်။

ခွေးရူးပြန်ရောဂါ လူများတွင် ဖြစ်ရခြင်း၏ အဓိကအကြောင်းရင်းမှာ ခွေးကိုက်ခံရခြင်းကြောင့်ဖြစ်သည်။ မြန်မာနိုင်ငံတွင် ခွေးရူးပြန်ရောဂါဖြစ်ပွားမှုလျှော့ချရေး အမျိုးသားစီမံကိန်း (၂၀၁၈-၂၀၃၀) ကို ရေးဆွဲထားပြီး နေပြည်တော်ကောင်စီနယ်မြေ လယ်ဝေးမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ်နှင့် ရန်ကုန်တိုင်းဒေသကြီး မှော်ဘီမြို့နယ်တို့၌ ခွေးများကို ခွေးရူးပြန်ရောဂါကာကွယ်ဆေး အစုလိုက်ထိုးနှံခြင်းလုပ်ငန်း ဆောင်ရွက်ခဲ့သည်။ အိမ်မွေးတိရစ္ဆာန်များကို ခွေးရူးပြန်ရောဂါကာကွယ်ဆေးထိုးနှံခြင်းဖြင့် ခွေးရူးပြန်ရောဂါကြောင့် သေဆုံးမှုကို လျှော့ချနိုင်မည်ဖြစ်သည်။

ခွေးရူးပြန်ရောဂါဖြစ်ပွားသည့် တိရစ္ဆာန်များ၏ တံတွေးထဲတွင် ခွေးရူးပြန်ရောဂါပိုးများ ပါဝင်နေပြီး ၎င်းတို့က အခြားတိရစ္ဆာန်ကို ကိုက်သည့်အခါ အကိုက်ခံရသည့် တိရစ္ဆာန်ကိုပါ တံတွေးမှတစ်ဆင့် ရောဂါကူးစက်စေသည်။ ခွေးရူးပြန်ရောဂါပိုး ကူးစက်ခံရပါက ၎င်းဒဏ်ရာမှစ၍ နှာဗ်ဆဲလ်များမှတစ်ဆင့် ရောဂါပိုးများက ဦးနှောက်ဆီသို့ တစ်ရက်လျှင် တစ်စင်တီမီတာနှုန်းဖြင့် ပျံ့နှံ့ရောက်ရှိသွားပြီး ဦးနှောက်ထဲသို့ ပိုးရောက်ရှိချိန်တွင် မည်သည့်နည်းနှင့်မျှ မကုသနိုင်တော့ဘဲ အသက်ဆုံးရှုံးရခြင်းဖြစ်သည်။ သို့ဖြစ်ရာ ခွေးကိုက်ခံရပါက ခွေးရူးပြန်ရောဂါကာကွယ်ဆေးကို အမြန်ဆုံးထိုးနှံပေးနိုင်ရန် အရေးကြီးသည်။ ခွေးကိုက်ခံရပါက ဒဏ်ရာကို ရေများများသုံး၍ ဆေးကြောသန့်စင်ပြီး နီးစပ်ရာကျန်းမာရေးဌာနသို့ အမြန်ဆုံးသွားရောက်၍ ကုသမှုခံယူရန် လိုအပ်သည်။

မိမိတို့၏ အိမ်မွေးခွေးများ အမူအရာပြောင်းသွားခြင်း၊ ထိုင်းမှိုင်းပြီး အစာမစားခြင်း၊ အလိုလိုနေရင်း ရန်လိုနေကာ ကိုက်ခြင်း၊ တုတ်ချောင်း၊ စက္ကူစသည့် မြင်သမျှကို ကိုက်ခြင်း ဝါးခြင်း၊ ကြောက်ရွံ့အားငယ်ခြင်း၊ ဦးတည်ရာမဲ့ ပြေးလွှားခြင်း၊ အသံအက်ဖြင့် အူခြင်းဟောင်ခြင်း၊ အစာနှင့်ရေ မျိုချရန် ခက်ခဲခြင်း၊ နောက်ဘက်ခြေထောက်များ ဆိုင်းသွားခြင်း၊ အလင်းရောင်ကို ကြောက်ခြင်း၊ မျက်စိသူငယ်အိမ်ကျယ်ခြင်း၊ ခက်ခက်ခဲခဲ အသက်ရှူခြင်း၊ မေးရိုးများဟနေပြီး သွားရည်များ အများအပြား ထွက်ကျနေခြင်း စသည်တို့ကိုတွေ့မြင်ပါက ခွေးရူးပြန်ရောဂါ ဖြစ်နေပြီဟူ၍ သိရှိကြရန်လိုအပ်သည်။

သို့ဖြစ်ရာ မိမိတို့၏ အိမ်မွေးခွေးကြောင်တို့ကို ခွေးရူးပြန်ကာကွယ်ဆေး မှန်မှန်ထိုးပေးရန်လိုအပ်ပြီး လူတိုင်းကျန်းမာရေးဗဟုသုတရှိကြဖို့လိုသည်။ ကြိုတင်ကာကွယ်နိုင်သည့် ခွေးရူးရောဂါကြောင့် သေဆုံးမှုမရှိစေရေးအတွက် ကျန်းမာရေးအသိဖြင့် ဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း။ ။

## ဒုတိယစာရင်းစစ်ချုပ် ခန့်အပ်တာဝန်ပေး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ
အမိန့်အမှတ်၊ ၆၃ / ၂၀၂၂
၁၃၈၄ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၃ ရက်
(၂၀၂၂ ခုနှစ်၊ စက်တင်ဘာလ ၂၇ ရက်)

**ဒုတိယစာရင်းစစ်ချုပ် ခန့်အပ်တာဝန်ပေးခြင်း**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ ဒေါ်နိုင်သက်ဦးအား ဒုတိယစာရင်းစစ်ချုပ် အဖြစ် ခန့်အပ်တာဝန်ပေးလိုက်သည်။

အမိန့်အရ

အောင်လင်းဒွေး
ဒုတိယဗိုလ်ချုပ်ကြီး
အတွင်းရေးမှူး

## မြန်မာနိုင်ငံပြန်တမ်း

**ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ပြောင်းရွှေ့ခန့်ထားခြင်းနှင့် ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး အတည်ပြုခန့်ထားခြင်း**

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ယခင် လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးရုံး ညွှန်ကြားရေးမှူးချုပ် ဦးသန်းဇော် ကို စွမ်းအင်ဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးရုံး ညွှန်ကြားရေးမှူးချုပ်အဖြစ် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ ပြောင်းရွှေ့ခန့်ထားလိုက်သည်။

၂။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ပညာရေးဝန်ကြီးဌာန၊ အဆင့်မြင့်ပညာဦးစီးဌာန၊ တောင်ကုတ်တက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာသန်းထွဋ်လွင် ကို အစမ်းခန့်ကာလ (၁)နှစ်ပြည့်မြောက်သည့်နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည်။

## မိုးတစ်ကြိမ် နှစ်ကြိမ် ထစ်ချုန်းရွာမည်

**နေပြည်တော် စက်တင်ဘာ ၂၇**

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။ ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။ မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

ဘင်္ဂလားပင်လယ်အော် အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် မုတ်သုံလေအားအနည်းငယ်မှ အားအသင့်အတင့် ရှိနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် မုတ်သုံလေအားနည်းနေသည်။

မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် မိုးပိုနေမည်။

မိုး/ဇလ

## ပုံနှိပ်ခြင်းနှင့်ထုတ်ဝေခြင်းလုပ်ငန်း ဥပဒေ၊ နည်းဥပဒေများနှင့်အညီ စာအုပ်စာစောင်များပေးအပ်ရန် ပြင်ဆင်သတ်မှတ်ချက်ကို အသိပေးကြေညာခြင်း

၂၀၁၄ ခုနှစ် ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်းဥပဒေ၊ နည်းဥပဒေများအရ ပုံနှိပ်သူ၊ ထုတ်ဝေသူများသည် မိမိတို့ထုတ်ဝေသည့် စာအုပ်စာစောင် ၆ အုပ် သို့မဟုတ် ၆ စောင်ကို ပြန်ကြားရေးဝန်ကြီးဌာနသို့ အဖိုးအခလွတ်ပေးအပ်ရမည်ဖြစ်ပါသည်။ ပြန်ကြားရေးဝန်ကြီးဌာနသည် အဆိုပါ စာအုပ်စာစောင်များကို အမျိုးသားစာကြည့်တိုက်၊ အမျိုးသားမှတ်တမ်းများ မော်ကွန်းတိုက်ဦးစီးဌာနနှင့် အမျိုးသားစာပေဆုရွေးချယ်ရေးကော်မတီများသို့ ခွဲဝေပေးပို့လျက်ရှိပါသည်။ ထို့အပြင် ပေးပို့လာသော ထုတ်ဝေစာများကို ပြက္ခဒိန်နှစ်အလိုက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အတွင်း ထုတ်ဝေသော စာအုပ်စာတမ်းများစာရင်းတွင်လည်း ရေးသွင်းထားပြီး နှစ်စဉ်ထုတ်ပြန်လျက်ရှိပါသည်။

ယခုအခါ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာနက ၈-၉-၂၀၂၂ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ်၊ ၄၃/၂၀၂၂ ဖြင့် အမျိုးသားစာကြည့်တိုက်နည်းဥပဒေများကို ထုတ်ပြန်ခဲ့ပြီး ယင်းနည်းဥပဒေ ၁၇၊ နည်းဥပဒေခွဲ(က)တွင် "အစိုးရဌာန၊ အစိုးရအဖွဲ့အစည်း၊ အစိုးရမဟုတ်သော အဖွဲ့အစည်းအပါအဝင် ထုတ်ဝေသူသည် ယင်းတို့ထုတ်ဝေသည့် ပုံနှိပ်နှင့် ပုံနှိပ်မဟုတ်သော စာပေအနုပညာပစ္စည်း တစ်မျိုးစီ၏ ၅ အုပ်၊ ၅ စောင် သို့မဟုတ် ၅ ခုကို ထုတ်ဝေသည့်နေ့မှ တစ်လအတွင်း အမျိုးသားစာကြည့်တိုက်သို့ စာပေအနုပညာပစ္စည်းပေးပို့ခြင်း ပုံစံ(ပုံစံ-၁)ဖြင့် အခမဲ့ပေးပို့ရမည်" ဟု ပြဋ္ဌာန်းထားရှိပါသည်။

သို့ပါ၍ ထုတ်ဝေသူများအနေဖြင့် ပြန်ကြားရေးဝန်ကြီးဌာနသို့ အဖိုးအခလွတ်ပေးအပ်ရမည့် ထုတ်ဝေစာများကို ၆ အုပ် သို့မဟုတ် ၆ စောင်အစား (၁-၁၀-၂၀၂၂) ရက်နေ့မှစတင်ပြီး ၅ အုပ် သို့မဟုတ် ၅ စောင်ကိုသာ ပေးအပ်ရမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

ပြန်ကြားရေးဝန်ကြီးဌာန

## ပြည်သူ့ကြားက ပြည်သူ့စကား အစီအစဉ် ထုတ်လွှင့်မည်

**နေပြည်တော် စက်တင်ဘာ ၂၇**

မျက်မှောက်ကာလတွင် ဖြစ်ပွားလျက်ရှိသော လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အကြမ်းဖက်မှုတားဆီးရေးဆိုင်ရာ ကိစ္စရပ်များနှင့်ပတ်သက်၍ ပရိသတ်များ၏ ရင်တွင်းခံစားချက်စကားသံများအား သဇင် FM၏ " **ပြည်သူ့ကြားက ပြည်သူ့စကား**" အစီအစဉ်မှ **"အမှားကိုမြင် အမှန်ကိုသိပြီး ဥပဒေဘောင်အတွင်း ဝင်ရောက်လာကြသူများ (သို့မဟုတ်) အမြင်မှန်ရလာကြသောလူငယ်များ"** ခေါင်းစဉ်ဖြင့် စက်တင်ဘာ ၂၈ ရက် မွန်းလွဲ ၁ နာရီတွင် ထုတ်လွှင့်တင်ဆက်ပေးသွားမည်ဖြစ်သည်။

လာမည့်အပတ် ဗုဒ္ဓဟူးနေ့ မွန်းလွဲ ၁ နာရီတွင် **"ငါန်းဇွန်မြို့နယ်မှ ဖမ်းဆီးရမိ ဇာမနီပြောက်ကျားတပ်ဖွဲ့ဝင်များ၏ ကြောက်မက်ဖွယ်ရာ သတ်ဖြတ်ခဲ့မှုကြီးများအကြောင်း"** ခေါင်းစဉ်ဖြင့် ဆွေးနွေးတင်ဆက်မည်ဖြစ်သောကြောင့် ပါဝင်ဆွေးနွေးလိုသူ ပရိသတ်များအနေဖြင့် အပတ်စဉ် ကြာသပတေးနေ့ နံနက် ၁၀ နာရီမှ ၁၁ နာရီအတွင်း ဖုန်းနံပါတ် ၀၉-၈၉၉၀၉၉၅၉၅ သို့ အမည်၊ နေရပ်လိပ်စာ၊ အလုပ်အကိုင်နှင့် ပြန်လည်ဆက်သွယ်ရမည့် ဖုန်းနံပါတ်တို့ကို Message ပေးပို့ပါဝင်နိုင်ပြီဖြစ်ကြောင်းနှင့် ပါဝင်လာသည့် ပရိသတ်များ၏ ဖုန်းနံပါတ်များနှင့် ကိုယ်ရေးအချက်အလက်များအား လျှို့ဝှက်ပေးထားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်






နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ၂၀၂၂ ခုနှစ်၊ ကမ္ဘာ့ခရီးသွားလုပ်ငန်းနေ့ အထိမ်းအမှတ်အခမ်းအနားတွင် အမှာစကားပြောကြားစဉ်။

❖ ပြည်တွင်း/ပြည်ပ ခရီးသွားလာမှုများ တစ်စထက်တစ်စ ဖွံ့ဖြိုးတိုးတက်နေသည်ကို တွေ့မြင်နေရပြီး လာမည့်ပွင့်လင်းရာသီတွင် မြန်မာနိုင်ငံအတွင်း ပြည်တွင်း/ပြည်ပ ခရီးသွားလာမှု ပိုမိုတိုးတက်လာရန်မျှော်မှန်းပြီး လိုအပ်သည်များကို ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားကြရမည်

❖ ပြည်ပဧည့်သည်များနည်းတူ ပြည်တွင်းမှ မိမိတို့နိုင်ငံသားများကိုလည်း စိတ်ချမ်းမြေ့ပျော်ရွှင်စွာဖြင့် ခရီးသွားလည်ပတ်နိုင်ရန်အတွက် ပြည်တွင်းခရီးသွားလုပ်ငန်းများကိုလည်း ပြည့်စုံအောင် ဆောင်ရွက်ပေးကြရမည်

❒ *ရွှေဖုံးမှ*

အမျိုးသားခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးကော်မတီအဖွဲ့ဝင် ခရီးသွားလုပ်ငန်းတတ်သိပညာရှင်များနှင့် ပုဂ္ဂလိကခရီးသွားအဖွဲ့အစည်း ကိုယ်စားလှယ်များ၊ တာဝန်ရှိသူများ တက်ရောက်ကြသည်။

**ဦးဆောင်ထောက်ပံ့ကူညီပေးလျက်ရှိ**

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် က အဖွင့်အမှာစကားပြောကြားရာတွင် ကမ္ဘာ့နိုင်ငံများ၌ တာဝန်ယူမှုရှိပြီး ရေရှည်တည်တံ့ခိုင်မြဲသည့် ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးနှင့် ကမ္ဘာလုံးအတိုင်းအတာဖြင့် ကျယ်ကျယ်ပြန့်ပြန့် သွားလာလည်ပတ်နိုင်ရေးတို့ကို မြှင့်တင်ဆောင်ရွက်နိုင်စေရန် ကမ္ဘာ့ခရီးသွားလုပ်ငန်းအဖွဲ့ချုပ်ကို ၁၉၄၆ ခုနှစ်က စတင်ဖွဲ့စည်းထားခဲ့ပါကြောင်း၊ ယနေ့အချိန်တွင် မြန်မာနိုင်ငံအပါအဝင် ကမ္ဘာ့နိုင်ငံပေါင်း ၁၆၀ က အဖွဲ့ဝင်နိုင်ငံများအဖြစ် ပါဝင်ဆောင်ရွက်လျက်ရှိပါကြောင်း၊ ကမ္ဘာ့ခရီးသွားလုပ်ငန်းအဖွဲ့ချုပ်သည် ခရီးသွားလုပ်ငန်းနယ်ပယ်၏ ဦးဆောင်အဖွဲ့အစည်းတစ်ခုဖြစ်သည့်အတွက် ခရီးသွားလုပ်ငန်းကို စီးပွားရေးတိုးတက်ရန် မောင်းနှင်အားတစ်ရပ်အဖြစ် မြှင့်တင်ရေး၊ ကဏ္ဍစုံဖွံ့ဖြိုးတိုးတက်ရေး၊ သဘာဝပတ်ဝန်းကျင် ရေရှည်တည်တံ့ခိုင်မြဲရေးတို့ကို အားပေးဆောင်ရွက်လျက်ရှိသည့်အပြင် ခရီးသွားလုပ်ငန်းဆိုင်ရာ မူဝါဒများနှင့် အသိပညာများ တိုးတက်ပြန့်ပွားရေးလုပ်ငန်းစဉ်များကိုလည်း ဦးဆောင်ထောက်ပံ့ ကူညီပေးလျက်ရှိသည်ကို တွေ့မြင်ရပါကြောင်း။

ယခုနှစ်အတွက် ကမ္ဘာ့ခရီးသွား လုပ်ငန်းအဖွဲ့ချုပ်၏ အဖွဲ့ဝင်နိုင်ငံဖြစ်သည့် အင်ဒိုနီးရှားနိုင်ငံက ကမ္ဘာ့ခရီးသွားလုပ်ငန်းနေ့အခမ်းအနားကို အိမ်ရှင်အဖြစ် ကျင်းပလျက်ရှိပြီး အထိမ်းအမှတ် ဆောင်ပုဒ်မှာ **“ခရီးသွားလုပ်ငန်းဖွံ့ဖြိုးဖို့ပြန်လည်ကြံဆဆောင်ရွက်စို့” “Rethinking Tourism”** ဖြစ်ပါကြောင်း၊ ပြီးခဲ့သည့်နှစ်များက ကမ္ဘာတစ်ဝန်း ရင်ဆိုင်ခဲ့ရသည့် ကိုဗစ်-၁၉ ကပ်ရောဂါ၏ သက်ရောက်မှုကို ခရီးသွားလုပ်ငန်းနှင့် ဆက်စပ်လုပ်ငန်းများသည် အခက်အခဲများစွာ ရင်ဆိုင်ခဲ့ရပါကြောင်း၊ ထိုသို့သောအခြေအနေတွင် ခရီးသွားလုပ်ငန်းကို ပြန်လည်တွေးတောသုံးသပ်ခြင်း (Rethink)၊ ပြန်လည်ဆောင်ရွက်ခြင်း (React)၊ ပိုမိုခံနိုင်ရည်ရှိစေခြင်း (Resilient) တို့ကို ပူးပေါင်းဆောင်ရွက်ကြရန် လိုအပ်ပါကြောင်း။

ကမ္ဘာ့ခရီးသွားလုပ်ငန်းအဖွဲ့ချုပ် အဖွဲ့ဝင်ဖြစ်သည့် မြန်မာနိုင်ငံအနေဖြင့် ၂၀၁၂ ခုနှစ်မှစပြီး ကမ္ဘာ့ခရီးသွားလုပ်ငန်းနေ့အထိမ်းအမှတ် အခမ်းအနားများကို ကျင်းပလာခဲ့သည်မှာ ယနေ့ဆိုပါက (၁၁)ကြိမ်ပြည့်မြောက်ခဲ့ပြီဖြစ်ပါကြောင်း၊ ယခုနှစ်အတွက် သတ်မှတ်ထားသည့် ဆောင်ပုဒ်နှင့်အညီ မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းများ ပြန်လည်ရှင်သန် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကိုဗစ်-၁၉ ကပ်ရောဂါဆိုင်ရာ အဟန့်အတားများကို ထည့်သွင်းစဉ်းစားပြီး ချမှတ်ထားခဲ့သည့် ခရီးသွားလုပ်ငန်းဆိုင်ရာ မူဝါဒများဖြင့် အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန် ပြန်လည်ကြံဆ ဖော်ထုတ်ကြရမည်ဖြစ်ပါကြောင်း။

**နည်းလမ်းပေါင်းစုံဖြင့် ကူညီပံ့ပိုး**

ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် မြန်မာနိုင်ငံအပါအဝင် ကမ္ဘာ့ခရီးသွားလုပ်ငန်း လုပ်ကိုင်ဆောင်ရွက်မှုများ ရပ်တန့်လုနီးပါးဖြစ်ခဲ့ပြီး ဆက်စပ်စီးပွားရေးလုပ်ငန်းများနှင့် ခရီးသွားလုပ်ငန်းကို မှီခိုရပ်တည်နေရသည့် အများပြည်သူများ၏ အလုပ်အကိုင်အခွင့်အလမ်းများလည်း များစွာထိခိုက်ဆုံးရှုံးစေခဲ့ပါကြောင်း၊ သက်ဆိုင်ရာအစိုးရများအနေဖြင့် ကိုဗစ်-၁၉ ကာလအတွင်းမှာ ကပ်ရောဂါကာကွယ်ထိန်းချုပ်ကုသရေး လုပ်ငန်းစဉ်များအပြင် ခရီးသွားလုပ်ငန်းများ ရပ်တည်ရှင်သန်ရေးကို နည်းလမ်းပေါင်းစုံဖြင့် ကူညီပံ့ပိုးပေးလျက်ရှိပါကြောင်း၊ တစ်ဖက်တွင်လည်း ကျန်းမာရေးဆိုင်ရာ ကန့်သတ်ချက် လုပ်ထုံးလုပ်နည်းများနှင့်အညီ ခရီးသွားလုပ်ငန်းများ ပြန်လည်ဖွင့်လှစ်နိုင်ရန်အတွက် စဉ်ဆက်မပြတ် စီမံဆောင်ရွက်ပေးလျက် ရှိပါကြောင်း။

ကိုဗစ်-၁၉ ကပ်ရောဂါ စတင်ဖြစ်ပွားချိန်မှစပြီး နိုင်ငံတော်အစိုးရအနေဖြင့် ကိုဗစ်-၁၉ ရောဂါဆိုင်ရာ စီးပွားရေးကုစားမှုစီမံကိန်း (COVID-19 Economic Relief Plan)အရ နိုင်ငံတော်ဘဏ္ဍာငွေ၏ ၃ ရာခိုင်နှုန်းမှ ၄ ရာခိုင်နှုန်းအထိ သုံးစွဲရန် သတ်မှတ်ထားခဲ့ရာ ယနေ့အထိ ခရီးသွားကုမ္ပဏီ ၂၄၄ ခု၊ ဟိုတယ်နှင့် တည်းခိုရိပ်သာ ၃၃၉ ခုတို့ကို ငွေကျပ် ၂၁ ဒသမ ၄ ဘီလီယံ ထုတ်ချေးခဲ့ပြီးဖြစ်ပါကြောင်း၊ နိုင်ငံပိုင်ငှားရမ်းဟိုတယ်များအတွက် ငှားရမ်းခများကို ၆ လ ရွှေ့ဆိုင်းပေးခြင်းအပြင် ၂၀၂၀ ပြည့်နှစ်၊ ဧပြီလမှ ၂၀၂၁ ခုနှစ်၊ ဒီဇင်ဘာလအထိ ၂၁ လကို ငှားရမ်းခ ၅၀ ရာခိုင်နှုန်း လျှော့ချပေးခြင်း၊ ဟိုတယ်၊ မိုတယ်၊ ခရီးလှည့်လည်ရေးလုပ်ငန်းများနှင့် ဧည့်လမ်းညွှန်များ၏ လုပ်ငန်းလိုင်စင်ကြေးများကို တစ်နှစ်စာကင်းလွတ်ခွင့်ပြုခြင်းများ ဖြေလျှော့ဆောင်ရွက်ပေးခဲ့ပါကြောင်း။

**ဆက်လက်အကောင်အထည်ဖော်**

ထို့ပြင် ပြည်တွင်း/ပြည်ပ ခရီးသွားလုပ်ငန်း ပြန်လည်ဖွင့်လှစ်နိုင်ရေးအတွက် ဦးစားပေးတစ်ရပ်အဖြစ် ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာနအနေဖြင့် ခရီးသွားလုပ်ငန်း လုပ်ကိုင်နေသူများကို နိုင်ငံတော်၏ ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးနှံခြင်းအစီအစဉ်များတွင် ဦးစားပေးလုပ်ငန်းတစ်ရပ်အဖြစ် ဆောင်ရွက်ပေးလျက်ရှိပြီး နိုင်ငံတစ်ဝန်း ခရီးသွားကဏ္ဍ၌ ပါဝင်လုပ်ကိုင်သူဦးရေ ၃ သိန်းခန့်ကို ကာကွယ်ဆေးထိုးနှံပေးခဲ့ပါကြောင်း၊ ကိုဗစ် - ၁၉ ကပ်ရောဂါကြောင့် မြန်မာနိုင်ငံခရီးသွားလုပ်ငန်းအပေါ် သက်ရောက်မှုများကို တုံ့ပြန်ဆောင်ရွက်နိုင်ရန်အတွက် ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာနက ကာလတို၊ ကာလလတ်၊ ကာလရှည်ပန်းတိုင်များ အောင်မြင်စေရန်အတွက် မဟာဗျူဟာ ၁၈ ခု၊ အသေးစိတ်စီမံချက် ၉၃ ခု ပါဝင်သည့် **“မြန်မာနိုင်ငံခရီးသွားလုပ်ငန်း ပြန်လည်ဦးမော့လာစေရေး မဟာဗျူဟာလမ်းပြမြေပုံ (၂၀၂၁-၂၀၂၅)”** ကို ရေးဆွဲ၍ ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါကြောင်း။

**ခရီးသွားလုပ်ငန်းများကို ပြန်လည်ဖွင့်လှစ်**

ယခုအခါ ကမ္ဘာလုံးဆိုင်ရာ ကပ်ရောဂါဖြစ်ပွားမှုများကို အတိုင်းအတာတစ်ခုအထိ ထိန်းချုပ်နိုင်ပြီဖြစ်သည့်အတွက် မိမိတို့ မြန်မာနိုင်ငံအပါအဝင် နိုင်ငံပေါင်း ၁၀၀ ကျော်သည်ခရီးသွားလုပ်ငန်းများကို ပြန်လည်ဖွင့်လှစ်ခဲ့ပြီးဖြစ်သည်ဟု သိရှိရပါကြောင်း၊ ယခုကဲ့သို့ ပြန်လည်ဖွင့်လှစ်သည့်နေရာတွင် ခရီးသွားဧည့်သည်များ၏ ပြည်ဝင်ခွင့်ဆိုင်ရာ လုပ်ထုံးလုပ်နည်းများမှာ နိုင်ငံတစ်ခုနှင့်တစ်ခု ကွဲပြားမှုများရှိနေသေးသည်ကို တွေ့မြင်ကြရမည်ဖြစ်ပါကြောင်း၊ ယခုကဲ့သို့ ဖွင့်လှစ်ပေးခဲ့သည့်အတွက် ကမ္ဘာအနှံ့ ၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလမှ မေလအထိ ကမ္ဘာလှည့်ခရီးသည် သန်း ၂၅၀ ကျော် လှည့်လည်ဝင်ရောက်ခဲ့ပြီး ယမန်နှစ်က အလားတူကာလတွင် (၇၇) သန်းရှိခဲ့သည့်အတွက် ယခုနှစ်တွင် ၁၇၃ သန်းခန့် ပိုမိုဝင်ရောက်ကြောင်း ကမ္ဘာ့ခရီးသွားလုပ်ငန်း အဖွဲ့ချုပ်၏ စာရင်းဇယားများအရ သိရပါကြောင်း၊ ရာခိုင်နှုန်းအားဖြင့် ၂၂၅ ရာခိုင်နှုန်းမျှ ရှိပါကြောင်း။

**ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားကြရမည်**

မြန်မာနိုင်ငံအနေဖြင့် ၂၀၂၁ ခုနှစ်၊ အောက်တိုဘာလမှစပြီး ကိုဗစ်-၁၉ ကပ်ရောဂါပြန့်ပွားမှုအခြေအနေ လျော့နည်းလာသည်နှင့်အမျှ ပြည်တွင်းခရီးသွားလာမှုများ စတင်တိုးတက်လာသည်ကို တွေ့ရှိရပါကြောင်း၊ ထို့ပြင် ၂၀၂၂ ခုနှစ်၊ ဧပြီလ ၁၇ ရက်နေ့မှ စတင်ပြီး နိုင်ငံတကာလေကြောင်းလိုင်းများ ပြန်လည်ခွင့်ပြုပေးခဲ့ရာတွင် ခရီးသွားလုပ်ငန်း ပြန်လည်စတင်နိုင်မည့် အလားအလာကောင်းများကို တွေ့မြင်ခဲ့ရသည့်အတွက် ကမ္ဘာလှည့် e-Visa ကို ၂၀၂၂ ခုနှစ်၊ မေ ၂၀ ရက်က စတင်ခွင့်ပြုခဲ့ပြီးဖြစ်ပါကြောင်း၊ ပြည်တွင်း/ ပြည်ပ ခရီးသွားလာမှုများ တစ်စထက်တစ်စ ဖွံ့ဖြိုးတိုးတက်နေသည်ကို တွေ့မြင်နေရပြီး လာမည့်ပွင့်လင်းရာသီတွင် မြန်မာနိုင်ငံအတွင်း ပြည်တွင်း/ ပြည်ပ ခရီးသွားလာမှု ပိုမိုတိုးတက်လာရန်မျှော်မှန်းပြီး လိုအပ်သည်များကို ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားကြရမည် ဖြစ်ပါကြောင်း၊ ပြည်ပဧည့်သည်များနည်းတူ ပြည်တွင်းမှ မိမိတို့နိုင်ငံသားများကိုလည်း စိတ်ချမ်းမြေ့ပျော်ရွှင်စွာဖြင့် ခရီးသွားလည်ပတ်နိုင်ရန်အတွက်

*စာမျက်နှာ ၄ သို့*



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ကမ္ဘာ့ခရီးသွားလုပ်ငန်းနေ့အထိမ်းအမှတ် ခရီးသွားလုပ်ငန်းဖွံ့ဖြိုးရေး စွန့်ဦးတီထွင်မှုပြိုင်ပွဲတွင် ဆုရရှိသူ တစ်ဦးအား ဆုပေးအပ်ချီးမြှင့်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း ကမ္ဘာ့ခရီးသွားလုပ်ငန်းနေ့အထိမ်းအမှတ် ဆောင်းပါးပြိုင်ပွဲတွင် ဆုရရှိသူတစ်ဦးအား ဆုပေးအပ် ချီးမြှင့်စဉ်။

*စာမျက်နှာ ၃ မှ*

ပြည်တွင်းခရီးသွားလုပ်ငန်းများကိုလည်း ပြည့်စုံအောင် ဆောင်ရွက်ပေးကြရမည်ဖြစ်ပါကြောင်း။

### အခွင့်အလမ်းများလည်းရရှိ

ခရီးသွားလုပ်ငန်း၏ သဘောသဘာဝအရ လုပ်ငန်းနယ်ပယ်ပေါင်းစုံတွင် အကျိုးဖြစ်ထွန်းစေပါကြောင်း၊ မြို့ပြနှင့် ကျေးလက်ဒေသများတွင်ရှိသည့် အမျိုးသမီးများ၊ လူငယ်များနှင့် ကျေးလက်နေပြည်သူများကို အလုပ်အကိုင် အခွင့်အလမ်းများရရှိစေနိုင်သည့်အပြင် မိမိတို့ တိုင်းရင်းသားလူမျိုးများ၏ ရိုးရာဓလေ့များ၊ ယဉ်ကျေးမှု အမွေအနှစ်များ၊ သဘာဝအရင်းအမြစ်များနှင့် အလှအပများကို ဖွင့်လှစ်ပြသနိုင်သည့် အခွင့်အလမ်းများလည်း ရရှိစေမည်ဖြစ်ပါကြောင်း၊ ထို့ကြောင့် မြန်မာနိုင်ငံ၏ ခရီးသွားလုပ်ငန်းကဏ္ဍကို ပိုမိုကောင်းမွန်စေရေး စီမံခန့်ခွဲပေးနိုင်ရန်အတွက် တာဝန်သိပြီး ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးကို ဦးတည်ဆောင်ရွက်ပေးနိုင်ရန်အတွက် အစိုးရနှင့် ပုဂ္ဂလိကကဏ္ဍမှ တာဝန်ရှိသူများ အတူတကွ ပူးပေါင်းလုပ်ဆောင်ကြရမည်ဖြစ်ပါကြောင်း။

အားလုံးသိရှိကြသည့်အတိုင်း မြန်မာနိုင်ငံအနေဖြင့် ခရီးသွားလုပ်ငန်းကို လုပ်ကိုင်ဆောင်ရွက်ရန်အတွက် အရင်းအမြစ်များစွာ ပိုင်ဆိုင်ထားသည့်နိုင်ငံဖြစ်ပါကြောင်း၊ တောင်ပေါ်၊ မြေပြန့်၊ ကမ်းရိုးတန်း၊ မြစ်ဝှမ်း၊ ပင်လယ်ကမ်းခြေများစသည့် မတူကွဲပြားထူးခြားလှပသည့် သဘာဝရှုခင်းများ၊ သမိုင်းဝင်ရှေးဟောင်းယဉ်ကျေးမှု အမွေအနှစ်များ၊ အရောင်အသွေးစုံလင်သည့် တိုင်းရင်းသားလူမျိုးများ၏ ရိုးရာဓလေ့များနှင့် လူနေမှုဘဝပုံစံများသည် ကမ္ဘာလှည့်ခရီးသည်များကို ဆွဲဆောင်နိုင်သည့်အရာများဖြစ်ကြပါကြောင်း။

### အားလုံးပါဝင်ဆောင်ရွက်နိုင်

တစ်ချိန်တည်းတွင် ခရီးသွားလုပ်ငန်းအနေဖြင့် တည်းခိုနေထိုင်ရေးနှင့် ဧည့်ဝတ်ကျေပွန်ရေးကဏ္ဍအပြင် ကျန်းမာရေးကဏ္ဍ၊ သယ်ယူပို့ဆောင်ရေးကဏ္ဍ၊ စွမ်းအင်ကဏ္ဍ၊ လမ်းတံတားကဏ္ဍ၊ စည်ပင်သာယာလှပရေးကဏ္ဍ၊ မြို့ပြနဲ့ကျေးလက်ဒေသ ဖွံ့ဖြိုးရေးကဏ္ဍ၊ အသေးစားအလတ်စားစီးပွားရေး လုပ်ငန်းများနှင့် ရင်းနှီးမြှုပ်နှံမှုကဏ္ဍစသည့် ကဏ္ဍစုံ ဖွံ့ဖြိုးတိုးတက်ရေးကို ချိတ်ဆက်ဖန်တီးပေးနိုင်သည့် လုပ်ငန်းတစ်ခုဖြစ်သဖြင့် တန်းတူညီမျှပြီး အားလုံးပါဝင်ဆောင်ရွက်နိုင်ရန် အထောက်အကူပြုသည့် လုပ်ငန်းတစ်ရပ်လည်း ဖြစ်သည်ဟုဆိုနိုင်ပါကြောင်း၊ အဆိုပါလုပ်ငန်းများကို စနစ်တကျ စုပေါင်းဆောင်ရွက်ခြင်းဖြင့် တီထွင်ဖန်တီးမှုအခြေပြုသည့် စီးပွားရေးပုံစံတစ်ရပ်ကို ဖော်ဆောင်နိုင်မည့် အလားအလာများကို တွေ့မြင်ရမည်ဖြစ်ပါကြောင်း။

နိုင်ငံအတွင်း ကမ္ဘာလှည့်ခရီးသွားလုပ်ငန်း၊ ပြည်တွင်းခရီးသွားလုပ်ငန်းများ တိုးတက်လာမည်ဆိုပါက နိုင်ငံ၏ စီးပွားရေးနှင့် ဖွံ့ဖြိုးတိုးတက်မှုများသည် များစွာပြောင်းလဲသွားမည်ဖြစ်ကြောင်း၊ ထို့ကြောင့် အားလုံးမှ ကဏ္ဍအသီးသီးက ဝိုင်းဝန်းဆောင်ရွက်ပေးကြရန် တိုက်တွန်းလိုပါကြောင်း။

ထို့ပြင် မြန်မာနိုင်ငံအနေဖြင့် ခရီးသွားလုပ်ငန်း ပြန်လည်စတင်ရာတွင် ရာသီဥတု ပြောင်းလဲမှုဆိုင်ရာ ဆောင်ရွက်မှုများ၊ ကာဗွန်ထုတ်လုပ်မှု လျှော့ချရေး၊ သဘာဝပတ်ဝန်းကျင်နှင့် လူမှုစီးပွားဘဝ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေး၊ ခရီးသွားလုပ်ငန်းဆိုင်ရာ ဝန်ဆောင်မှုများအတွက် အင်တာနက်အခြေခံ ဒစ်ဂျစ်တယ်နည်းပညာ အသုံးပြုရေးစသည့် ကမ္ဘာလုံးဆိုင်ရာ ရည်မှန်းချက်များကိုလည်း ကမ္ဘာ့ခရီးသွားလုပ်ငန်းအဖွဲ့ဝင်နိုင်ငံများနှင့်အတူ ပူးပေါင်းအကောင်အထည်ဖော် ဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း။

### ဝိုင်းဝန်းပံ့ပိုးကူညီဆောင်ရွက်

အထူးသဖြင့် မြန်မာနိုင်ငံကို လာရောက်လည်ပတ်ကြသည့် ခရီးသွားဧည့်သည်များ စိတ်အေးချမ်းသာစွာဖြင့် သွားလာလည်ပတ်နိုင်ရန်၊ ခရီးသွားများအတွက် လိုအပ်သည့် သတင်းအချက်အလက်များကို ဒစ်ဂျစ်တယ်နည်းပညာဖြင့် ပြည့်ပြည့်စုံစုံနှင့် လွယ်ကူလျင်မြန်စွာ ရရှိနိုင်အောင် စီစဉ်ပေးရန်၊ ခရီးသွားဧည့်သည်များ၏ ပြည်ဝင်၊ ပြည်ထွက်ခွင့် လုပ်ထုံးလုပ်နည်းများနှင့် ကျန်းမာရေးဆိုင်ရာ သတ်မှတ်ချက်များကိုလည်း လွယ်ကူရှင်းလင်းစေရန်အတွက် ဆက်စပ်ဝန်ကြီးဌာနများအားလုံးက ဝိုင်းဝန်းပံ့ပိုးကူညီ ဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း။

### အရှိန်အဟုန်ဖြင့် ဖွံ့ဖြိုးတိုးတက်လာမည်

အဆိုပါလုပ်ငန်းစဉ်များအားလုံးကိုလည်း လိုအပ်ရင်လိုအပ်သကဲ့သို့ ပြန်လည်ပြုပြင်ဖန်တီးဖော်ဆောင်သွားကြရမည်ဖြစ်ပါကြောင်း၊ ထိုသို့ဆောင်ရွက်ခြင်းဖြင့် မြန်မာနိုင်ငံ၏ ခရီးသွားလုပ်ငန်းသည်လည်း အခြားနိုင်ငံများနည်းတူ အရှိန်အဟုန်ဖြင့် ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ပါကြောင်း။

**“ခရီးသွားလုပ်ငန်းဖွံ့ဖြိုးဖို့ ပြန်လည်ကြံဆဆောင်ရွက်စို့”** ဆိုသည့် ၂၀၂၂ ခုနှစ်၊ ကမ္ဘာ့ခရီးသွားလုပ်ငန်းနေ့ အထိမ်းအမှတ် ဆောင်ပုဒ်အတိုင်း မြန်မာနိုင်ငံ၏ ခရီးသွားလုပ်ငန်း ရေရှည်တည်တံ့ပြီး ကြံ့ကြံ့ခံနိုင်ရန်အတွက် ပြန်လည်ကြံဆမည့် လုပ်ငန်းစဉ်များတွင် မိမိတို့အားလုံး တက်ညီလက်ညီ ပူးပေါင်းပါဝင် ဆောင်ရွက်သွားကြရန် တိုက်တွန်းပါကြောင်း ပြောကြားသည်။

*စာမျက်နှာ ၅ သို့*

**မြန်မာနိုင်ငံကို လာရောက်လည်ပတ်ကြသည့် ခရီးသွားဧည့်သည်များ စိတ်အေးချမ်းသာစွာဖြင့် သွားလာလည်ပတ်နိုင်ရန်၊ ခရီးသွားများအတွက် လိုအပ်သည့် သတင်းအချက်အလက်များကို ဒစ်ဂျစ်တယ်နည်းပညာဖြင့် ပြည့်ပြည့်စုံစုံနှင့် လွယ်ကူလျင်မြန်စွာ ရရှိနိုင်အောင် စီစဉ်ပေးရန်၊ ခရီးသွားဧည့်သည်များ၏ ပြည်ဝင်၊ ပြည်ထွက်ခွင့် လုပ်ထုံးလုပ်နည်းများနှင့် ကျန်းမာရေးဆိုင်ရာ သတ်မှတ်ချက်များကိုလည်း လွယ်ကူရှင်းလင်းစေရန်အတွက် ဆက်စပ်ဝန်ကြီးဌာနများအားလုံးက ဝိုင်းဝန်းပံ့ပိုးကူညီ ဆောင်ရွက်သွားကြရမည်**



ပြည်ထောင်စုဝန်ကြီး ဒေါက်တာဌေးအောင် ကမ္ဘာ့ခရီးသွားလုပ်ငန်းနေ့အထိမ်းအမှတ် တက္ကသိုလ်အဆင့် စာစီစာကုံးပြိုင်ပွဲတွင် ဆုရရှိသူတစ်ဦးအား ဆုပေးအပ်ချီးမြှင့်စဉ်။




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် အဖွဲ့ဝင်များ ဆုရရှိသူများနှင့်အတူ အမှတ်တရ မှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။

*စာမျက်နှာ ၄ မှ*

ယင်းနောက် ကမ္ဘာ့ခရီးသွားလုပ်ငန်းအဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူးချုပ်၏ သတင်းစကား ရုပ်သံဗီဒီယိုကို ကြည့်ရှုကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ကမ္ဘာ့ခရီးသွား လုပ်ငန်းနေ့အထိမ်းအမှတ် ခရီးသွားလုပ်ငန်းဖွံ့ဖြိုး ရေး စွန့်ဦးတီထွင်မှုပြိုင်ပွဲ (Myanmar Innovative Tourism Startup Competition) တွင် ပထမဆုရရှိ သည့် ဦးကျော်မြတ်သူ၊ ဒုတိယဆုရရှိသည့် ဒေါ်ပိုး သီရိထွန်း၊ တတိယဆုရရှိသည့် ဒေါ်နီလာ၊ ရောင်စုံ ဓာတ်ပုံပြိုင်ပွဲတွင် ပထမဆုရရှိသည့် ဦးမြင့်သန်း၊ ဒုတိယဆုရရှိသည့် ဦးမောင်ရ(ခ) ဦးစိုးလွင်၊ တတိယ ဆုရရှိသည့် ဦးစည်သူအောင်တို့အား ဆုများအသီးသီး ပေးအပ်ချီးမြှင့်သည်။

**ဆုများအသီးသီး ပေးအပ်ချီးမြှင့်**

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်က ကမ္ဘာ့ခရီးသွား လုပ်ငန်းနေ့အထိမ်းအမှတ် ဆောင်းပါးပြိုင်ပွဲတွင် ပထမဆုရရှိသည့် ဒေါ်ဆုရည်ထွန်း၊ ဒုတိယဆုရရှိ သည့် ဒေါ်ခင်သူဇာဝင်း၊ တတိယဆုရရှိသည့် ဒေါ်သီတာအောင်၊ နှစ်သိမ့်ဆုရရှိသည့် ဒေါ်ခိုင်ရတနာ ထိန်ထိန်အောင်၊ ကျပန်းစကားပြောပြိုင်ပွဲတွင် ပထမ ဆုရရှိသည့် ဦးအောင်ကောင်းမြတ်၊ ဒုတိယဆုရရှိ သည့် ဒေါ်သီရိမြတ်နိုး၊ တတိယဆုရရှိသည့် ဒေါ်ခိုင် ရွှေစင်ဝင်း၊ နှစ်သိမ့်ဆုရရှိသည့် ဒေါ်ရွှေရည်လျှံမွန်း တို့အား ဆုများအသီးသီး ပေးအပ်ချီးမြှင့်သည်။

ထို့နောက် ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီး ဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ဌေးအောင်က ကမ္ဘာ့ခရီးသွားလုပ်ငန်းနေ့အထိမ်းအမှတ် တက္ကသိုလ် အဆင့် စာစီစာကုံးပြိုင်ပွဲနှင့် အခြေခံပညာအဆင့် စာစီစာကုံးပြိုင်ပွဲတို့တွင် ဆုရရှိသည့် ကျောင်းသား၊ ကျောင်းသူများကို ဆုများပေးအပ်ချီးမြှင့်သည်။

**မှတ်တမ်းတင် ဓာတ်ပုံရိုက်ကူး**

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ဆုရရှိသူများနှင့်အတူ အမှတ်တရ မှတ်တမ်းတင် ဓာတ်ပုံရိုက်ကူးကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အခမ်းအနား တက်ရောက်လာကြသူများသည် ၂၀၂၂ ခုနှစ်၊ ကမ္ဘာ့ခရီးသွားလုပ်ငန်းနေ့ အထိမ်းအမှတ်အဖြစ် ခင်းကျင်းပြသထားသည့် တိုင်းဒေသကြီးနှင့်ပြည်နယ် များရှိ ခရီးစဉ်ဒေသအလိုက် ပြခန်းများ၊ မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းအဖွဲ့ချုပ်နှင့် ညီနောင်အသင်းများမှ ပြသထားသည့်ပြခန်းများနှင့် တိုင်းရင်းသားလူမျိုး များရေးရာဝန်ကြီးဌာနမှ ပြခန်းများကို လှည့်လည် ကြည့်ရှုခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာနနှင့် နှီးနွှယ်နေသည့် အဖွဲ့အစည်းများအနေဖြင့် ပါတီစွဲ၊ ပုဂ္ဂိုလ်စွဲ မထားရန် အလွန်အရေးကြီး

ရန်ကုန် စက်တင်ဘာ ၂၇

**မြန်မာနိုင်ငံတွင် တိုင်းရင်းသားလူမျိုးပေါင်း ၁၃၅ မျိုးကျော် စုစည်းနေထိုင်သည့် ပြည်ထောင်စုကြီးဖြစ်သည့် အတွက် စည်းစည်းလုံးလုံးဖြင့် အတူတကွလက်တွဲနေထိုင်ကြရန် အလွန်အရေးကြီးပါကြောင်း၊ စည်းလုံး ညီညွတ်မှ တိုင်းပြည်အေးချမ်းမည်၊ တိုင်းပြည်အေးချမ်းမှ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မည်ဖြစ်ပါကြောင်း၊ မိမိတို့ တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာနနှင့် နှီးနွှယ်နေသည့်အဖွဲ့အစည်းများအနေဖြင့် ပါတီစွဲ၊ ပုဂ္ဂိုလ်စွဲမထားရန် အလွန်အရေးကြီးပါကြောင်း ပြည်ထောင်စုဝန်ကြီး ဦးစောထွန်းအောင်မြင့်က ကရင်စာပေ သင်ရိုး Grade 1, 2, 3, Online Teaching ပြီးမြောက်ခြင်း၊ Grade–4 ပြုစုခြင်းနှင့် မြန်မာနိုင်ငံ ကရင် တိုင်းရင်းသားစီးပွားရေးလုပ်ငန်းရှင်များ အသင်းဖွဲ့စည်းခြင်းအခမ်းအနားတွင် အထက်ပါအတိုင်း ပြောကြား သည်။**



ကရင်စာပေသင်ရိုး Grade 1, 2, 3, Online Teaching ပြီးမြောက်ခြင်း၊ G4 ပြုစုခြင်းနှင့် မြန်မာနိုင်ငံ ကရင်တိုင်းရင်းသား စီးပွားရေးလုပ်ငန်း ရှင်များအသင်း ဖွဲ့စည်းခြင်းအခမ်းအနားကို ယမန် နေ့ နံနက် ၉ နာရီတွင် ရန်ကုန်တိုင်းဒေသကြီး ပြည်ထောင်စု တိုင်းရင်းသားကျေးရွာ (ရန်ကုန်) အစည်းအဝေးခန်းမ၌ ကျင်းပရာတွင် ပြည်ထောင်စု ဝန်ကြီး ဦးစောထွန်းအောင်မြင့်က ယင်းသို့ပြောကြား ခဲ့ခြင်းဖြစ်သည်။

အခမ်းအနားတွင် တိုင်းဒေသကြီး တိုင်းရင်းသား ရေးရာဝန်ကြီး ဦးစောလင်းခယ်နှင့် ဦးစောမာတင် လူသာတို့က အခမ်းအနားများ ကျင်းပရခြင်းနှင့် ပတ်သက်ပြီး ရှင်းလင်းတင်ပြကြသည်။

ထို့နောက် တိုင်းဒေသကြီး/ ပြည်နယ် ကရင် တိုင်းရင်းသားလုပ်ငန်းရှင်များက အထွေထွေ ဆွေးနွေးခဲ့ပြီး ကရင်စာပေသင်ရိုးဖြစ်မြောက်ရေး ကော်မတီ၏ ဖွဲ့စည်းပုံပြင်ဆင်ခြင်းအား ကရင်စာပေ သင်ရိုးဖြစ်မြောက်ရေး ကော်မတီအတွင်းရေးမှူး မန်းသန်းဝင်းဦးကလည်းကောင်း၊ စကောကရင် စာပေနှင့်နည်းပညာရှင် ဆရာမ နော်သွယ်လာထူးက TOT Online Teaching ဆောင်ရွက်ခြင်းအဆင့်ဆင့် ကိုလည်းကောင်း ရှင်းလင်းဆွေးနွေးကြသည်။

ဆက်လက်၍ တိုင်းရင်းသားလူမျိုးများရေးရာ ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဇော်အေးမောင်က အမှာစကားပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဦးစောထွန်း အောင်မြင့်က မိမိတို့တိုင်းရင်းသား လူမျိုးများရေးရာ ဝန်ကြီးဌာနသည် တိုင်းရင်းသားရေးရာကိစ္စရပ်များ တွင် အစွမ်းကုန်ကြိုးစား ဆောင်ရွက်လျက်ရှိပါ ကြောင်း၊ တိုင်းဒေသကြီး/ ပြည်နယ်များတွင် တိုင်းရင်းသားရေးရာကိစ္စရပ်များ ပိုမိုထိရောက် မြန်ဆန်စွာ ဆောင်ရွက်နိုင်ရန်အတွက် တိုင်းဒေသ ကြီး/ ပြည်နယ် တိုင်းရင်းသားရေးရာဝန်ကြီးများထံ အခမ်းအနားဖြင့် တာဝန်ခွဲဝေအပ်နှင်းထားပြီး ဖြစ်ပါ ကြောင်း၊ နိုင်ငံတော်၏ ငြိမ်းချမ်းရေးသည် အလွန် အရေးကြီးလှပါကြောင်း၊ ရှမ်းပြည်နယ်သည် ငြိမ်းချမ်းသည့်အတွက် မိမိတို့ဝန်ကြီးဌာနမှ မဲခေါင်– လန်ချန်း အထူးရန်ပုံငွေ ၂၀၂၁ ဖြင့် ရှမ်းပြည်နယ်၊ တိုင်းရင်းသားရေးရာနှင့် သက်မွေးပညာစင်တာကို ယခုဘဏ္ဍာရေးနှစ်တွင် တည်ဆောက်ပေးနေပါ ကြောင်း၊ တိုင်းရင်းသားဒေသများတွင် စီမံကိန်းများ အကောင်အထည်ဖော်ဆောင်ရွက်ရာ၌ အခွင့်အရေး များ နစ်နာဆုံးရှုံးမှု မရှိစေရန်အတွက် မြေလွတ်၊ မြေလပ်၊ မြေရိုင်းများစီမံခန့်ခွဲမှုနှင့် ပတ်သက်ပြီး မိမိတို့ဝန်ကြီးဌာနက မြေပြင်ကွင်းဆင်းစစ်ဆေး ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ တိုင်းရင်းသားများ စည်းလုံးညီညွတ်ရေး၊ ငြိမ်းချမ်းရေးနှင့်ပတ်သက်ပြီး Forum များလည်း စဉ်ဆက်မပြတ် ကျင်းပလျက်ရှိပါ ကြောင်း ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက မြန်မာနိုင်ငံ ကရင်တိုင်းရင်းသား စီးပွားရေးလုပ်ငန်းရှင်များ အသင်း ဖွဲ့စည်းခြင်းနှင့် ကရင်စာပေသင်ရိုး Grade– 1, 2, 3, TOT Online Teaching ပြီးမြောက်ခြင်းတို့ကို အသိအမှတ်ပြုလွှာများ ပေးအပ်သည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး၊ ရန်ကုန်တိုင်း ဒေသကြီး ဝန်ကြီးချုပ်တို့က ကရင်စာပေသင်ရိုး ညွှန်းတမ်းများ ပြုစုရေးဆွဲနိုင်ရန်အတွက် ထောက်ပံ့ ငွေများပေးအပ်ခဲ့ပြီး ဒုတိယဝန်ကြီး ဦးဇော်အေးမောင် က မြန်မာနိုင်ငံ ကရင်တိုင်းရင်းသားစီးပွားရေး လုပ်ငန်းရှင်များအသင်းနှင့် ကရင်တိုင်းရင်းသား စာပေနှင့် ယဉ်ကျေးမှုအဖွဲ့များကို နှာခေါင်းစည်း (Mask)များ ထောက်ပံ့လှူဒါန်းသည်။ ထို့နောက် ကရင်တိုင်းရင်းသား စီးပွားရေးလုပ်ငန်းရှင်များက အထွေထွေမေးမြန်းဆွေးနွေးရာ ပြည်ထောင်စု ဝန်ကြီးနှင့် ဒုတိယဝန်ကြီးတို့က ပြန်လည်ရှင်းလင်း ပြောကြားခဲ့ပြီး လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်း ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အစည်းအဝေး (၈/၂၀၂၂)တွင် အမှာစကားပြောကြားစဉ်။

# သီလဝါ အထူးစီးပွားရေးဇုန် အပါအဝင် အထူးစီးပွားရေးဇုန်များ လုံခြုံစိတ်ချစွာ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြည်ပရင်းနှီးမြှုပ်နှံမှုများ ဖိတ်ခေါ်ဆောင်ရွက်လျက်ရှိ

**○ နိုင်ငံစီးပွားရေးမြှင့်တင်ရေးအတွက် ယခုနှစ်စိုက်ပျိုးရေးရာသီတွင် နွေစပါးနှင့် ပဲတီစိမ်းများကို ယခင်ကထက်အောင်မြင်စွာ စိုက်ပျိုးနိုင်ရန်အတွက် နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေမှ စိုက်ပျိုးရေးချေးငွေအဖြစ် အသုံးပြုခဲ့ခြင်းဖြစ်၊ နွေစပါးနှင့် ပဲတီစိမ်းသည် အချိန်ကာလတစ်ခုအတွင်း အကျိုးအမြတ် ပြန်လည်ရရှိနိုင်သည့် Quick Win ဖြစ်သည့်အတွက် ဦးစားပေးဆောင်ရွက်ခဲ့၊ စိုက်ပျိုးသည့် တောင်သူများကို ငွေထုတ်ပေးခြင်းထက် စိုက်ပျိုးရန်လိုအပ်သော စိုက်ပျိုးရေးသွင်းအားစုများဖြစ်သည့် ဓာတ်မြေဩဇာ၊ စက်သုံးဆီ၊ မျိုး စသည်များကို ပေးအပ်သွားမည်၊ တောင်သူများအနေဖြင့် စိုက်ပျိုးမည့်မြေနှင့် လုပ်အားကိုသာ စိုက်ထုတ်ရမည်ဖြစ်ပြီး စိုက်ပျိုးမြေများကို စက်ယန္တရားများ အသုံးပြုမောင်းနှင်နိုင်သည့် ကေကွက်များအဖြစ် ပြုပြင်ရန်လိုအပ်သဖြင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ ဆောင်ရွက်လျက်ရှိ**

**နေပြည်တော် စက်တင်ဘာ ၂၇**
နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီအစည်းအဝေး (၈/၂၀၂၂) ကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံး အစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်အမှာစကားပြောကြားသည်။

အစည်းအဝေးသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း၊ ကောင်စီအဖွဲ့ဝင်များ ဖြစ်ကြသည့် ဗိုလ်ချုပ်ကြီး မြထွန်းဦး၊ ဗိုလ်ချုပ်ကြီး တင်အောင်စန်း၊ မန်းငြိမ်းမောင်၊ ဦးသိန်းညွန့်၊ ဦးခင်မောင်ဆွေ၊ ဒေါ်အေးနုစိန်၊ Jeng Phang နော်တောင်၊ ဦးမောင်းဟာ၊ ဦးစိုင်းလုံးဆိုင်၊ စောဒန်နီယယ်၊ ဒေါက်တာဗညားအောင်မိုး၊ ဦးရွှေကြိမ်းနှင့် ဒုတိယဗိုလ်ချုပ်ကြီး စိုးထွဋ်၊ အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး အောင်လင်းဒွေး၊ တွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး ရဲဝင်းဦးတို့ တက်ရောက်ကြသည်။

### ရုရှားနိုင်ငံ ချစ်ကြည်ရေးခရီးစဉ်အတွင်း နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်ရေးလုပ်ငန်းများ ဆွေးနွေးဆောင်ရွက်နိုင်ခဲ့မှု

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က အဖွင့်အမှာစကားပြောကြားရာတွင် ရုရှားနိုင်ငံသို့ ချစ်ကြည်ရေးခရီးစဉ်သွားရောက်ခဲ့မှုနှင့် ပတ်သက်၍ အရှေ့ဖျားစီးပွားရေးဖိုရမ်သို့ တက်ရောက်ရန် ကမ်းလှမ်းဖိတ်ကြားခဲ့မှုအရ ရုရှားဖက်ဒရေးရှင်းနိုင်ငံသို့ ချစ်ကြည်ရေးခရီးသွားရောက်၍ အရှေ့ဖျားစီးပွားရေးဖိုရမ် တက်ရောက်ခဲ့မှု၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံ သမ္မတဗလာဒီမာပူတင်နှင့် တွေ့ဆုံဆွေးနွေးချိန်တွင် မြန်မာနိုင်ငံသည် အရှေ့တောင်အာရှဒေသတွင် ရုရှားနိုင်ငံအတွက် ယုံကြည်အားထားရသည့် ကာလရှည်မိတ်ဖက်နိုင်ငံဖြစ်မှု၊ နှစ်နိုင်ငံဘက်ပေါင်းစုံ ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးနိုင်ခဲ့မှု၊ မြန်မာနိုင်ငံနှင့် ပတ်သက်၍ ရုရှားနိုင်ငံမှ အကူအညီပေးရေးဆိုင်ရာ ကိစ္စရပ်များ ဆွေးနွေးနိုင်ခဲ့မှု၊ နှစ်နိုင်ငံကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်နိုင်ရေး ဆွေးနွေးနိုင်ခဲ့မှု၊ စီးပွားရေးဆိုင်ရာကိစ္စရပ်များတွင် ပူးပေါင်းဆောင်ရွက်ရေး ဆွေးနွေးနိုင်ခဲ့မှုများနှင့် ရလဒ်ကောင်းများရရှိခဲ့မှု အခြေအနေများ၊ ရုရှားနိုင်ငံအတွင်း နှစ်နိုင်ငံစီးပွားရေးအရ ပူးပေါင်းဆောင်ရွက်နိုင်မည့် နေရာဒေသများသို့ သွားရောက်ကြည့်ရှုလေ့လာခဲ့မှု၊ ရုရှား – မြန်မာ နှစ်နိုင်ငံသံတမန်ဆက်ဆံရေး ၇၅ နှစ် ပြည့်မြောက်တော့မည်ဖြစ်ပြီး ခေတ်အဆက်ဆက် နှစ်နိုင်ငံဆက်ဆံရေး ကောင်းမွန်ခဲ့မှု အခြေအနေများ၊ ရုရှားနိုင်ငံသို့ ပညာတော်သင်များ စေလွှတ်နိုင်ခဲ့မှု၊ ရုရှား–မြန်မာ နှစ်နိုင်ငံ ကာကွယ်ရေးဆိုင်ရာ ကိစ္စရပ်များပူးပေါင်းဆောင်ရွက်မှုတွင် ရုရှားနိုင်ငံအနေဖြင့် သဘောထားမှန်ကန်စွာဖြင့် ယုံကြည်မှုရှိရှိ မိတ်ဆွေကောင်းပီသစွာဆောင်ရွက်ပေးမှု၊ ရထားပို့ဆောင်ရေးစနစ်များကို လေ့လာခဲ့မှုနှင့် ရုရှားနိုင်ငံနှင့် ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုကိစ္စရပ်များ၊ ကျန်းမာရေးနှင့်ပညာရေး ကဏ္ဍများတွင် ဆက်လက်ပူးပေါင်းဆောင်ရွက်သွားမည့် အခြေအနေများကို ဆွေးနွေးပြောကြားသည်။

### နိုင်ငံစီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးအတွက် စိုက်ပျိုးရေးလုပ်ငန်းများကို အားပေးမြှင့်တင်ဆောင်ရွက်နေ

ဆက်လက်၍ နိုင်ငံစီးပွားရေးမြှင့်တင်ရေးအတွက် ယခုနှစ်စိုက်ပျိုးရေးရာသီတွင် နွေစပါးနှင့် ပဲတီစိမ်းများကို ယခင်ကထက်အောင်မြင်စွာ စိုက်ပျိုးနိုင်ရန်အတွက် နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေမှ စိုက်ပျိုးရေးချေးငွေအဖြစ် အသုံးပြုခဲ့ခြင်းဖြစ်ကြောင်း၊ နွေစပါးနှင့် ပဲတီစိမ်းသည် အချိန်ကာလတစ်ခုအတွင်း အကျိုးအမြတ် ပြန်လည်ရရှိနိုင်သည့် Quick Win ဖြစ်သည့်အတွက် ဦးစားပေး ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း၊ စိုက်ပျိုးသည့် တောင်သူများကို ငွေထုတ်ပေးခြင်းထက် စိုက်ပျိုးရန်လိုအပ်သော စိုက်ပျိုးရေးသွင်းအားစုများဖြစ်သည့် ဓာတ်မြေဩဇာ၊ စက်သုံးဆီ၊ မျိုး စသည်များကို ပေးအပ်သွားမည်ဖြစ်ကြောင်း၊ တောင်သူများအနေဖြင့် စိုက်ပျိုးမည့်မြေနှင့် လုပ်အားကိုသာ စိုက်ထုတ်ရမည်ဖြစ်ပြီး စိုက်ပျိုးမြေများကို စက်ယန္တရားများ အသုံးပြုမောင်းနှင်နိုင်သည့် ကေကွက်များအဖြစ် ပြုပြင်ရန်လိုအပ်သဖြင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ ဆောင်ရွက်လျက်ရှိကြောင်း။

ပဲတီစိမ်းသည် ကမ္ဘာ့စျေးကွက်တွင် ဝယ်လိုအားကောင်းမွန်သည့် ပဲအမျိုးအစားဖြစ်သဖြင့် တိုးချဲ့စိုက်ပျိုးနိုင်မည်ဆိုပါက အကျိုးအမြတ်များ ဖြစ်ထွန်းနိုင်မည်ဖြစ်ကြောင်း၊ စပါးစိုက်ပျိုးမှုကိုလည်း စနစ်တကျဖြင့် အထွက်နှုန်းတိုးအောင် ဆောင်ရွက်နိုင်မည်ဆိုပါက အကျိုးအမြတ်များ ဖြစ်ထွန်းနိုင်မည်ဖြစ်ကြောင်း၊ ရရှိလာသည့် အကျိုးအမြတ်များမှ လာမည့်နှစ်များတွင် စိုက်ကေများ တိုးမြှင့်၍ ထောက်ပံ့ပေးအပ်နိုင်ရန်နှင့် ၂၀၂၄ ခုနှစ်တွင် တစ်နိုင်ငံလုံးရှိ နွေစပါး၊ မိုးစပါးနှင့် ပဲစိုက်ပျိုးမှုများတွင် ထောက်ပံ့ပေးနိုင်ရေး ရည်မှန်းချက်ထား ဆောင်ရွက်လျက်ရှိကြောင်း၊ စိုက်ပျိုးရေးလုပ်ငန်းများမှ ရရှိလာသည့် အကျိုးအမြတ်များကို တောင်သူများအနေဖြင့် ထိုက်သင့်သည့် အကျိုးခံစားခွင့်များရရှိမည်ဖြစ်ပြီး ယခင်နှစ်များက နိုင်ငံတော်သို့ ပြန်လည်ပေးဆပ်ရန် ကျန်ရှိသည့် စိုက်ပျိုးရေးချေးငွေများကို ပြန်လည်ပေးဆပ်နိုင်မည်ဖြစ်ကြောင်း၊ ဝါစိုက်ပျိုးရေးလုပ်ငန်းများအတွက် လာမည့်စိုက်ပျိုးရေးရာသီတွင် ထောက်ပံ့ပေးအပ်နိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း။

စီးပွားရေးဖွံ့ဖြိုးမှု အားနည်းသည့် ကယားပြည်နယ်၊ ချင်းပြည်၊ ရခိုင်ပြည်နယ် ၊ ရှမ်းပြည်နယ်၊ မွန်ပြည်နယ်၊ ကရင်ပြည်နယ်၊ ကချင်ပြည်နယ်နှင့် တနင်္သာရီတိုင်းဒေသကြီးတို့အတွက်လည်း မြစိမ်းရောင်စီမံကိန်းဖြင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် အရင်းမပျောက် မတည်ငွေများ ထုတ်ပေးထားကြောင်း၊ မြစိမ်းရောင်စီမံကိန်းများသည် လက်တွေ့တွင် ဒေသဖွံ့ဖြိုးရေးအတွက်များစွာ အကျိုးဖြစ်ထွန်းသည်ကိုတွေ့ရှိရကြောင်း၊ အလားတူ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသများအတွက်လည်း မြစိမ်းရောင်စီမံကိန်းဖြင့် ဆောင်ရွက်နိုင်ရန် အရင်းမပျောက်မတည်ငွေများ ထုတ်ပေးခဲ့ကြောင်း၊ ဒေသအလိုက် စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရန်

*စာမျက်နှာ ၇ သို့*

> ❖ **နေပြည်တော် State Academy ကိုလည်း လာမည့် အောက်တိုဘာ ကာလအတွင်း ဖွင့်လှစ်နိုင်ရေး စီမံဆောင်ရွက်လျက်ရှိပြီး ရန်ကုန်တက္ကသိုလ်နှင့် မန္တလေးတက္ကသိုလ်တို့နှင့် တန်းတူဖြစ်ရမည်**
>
> ❑ **နေပြည်တော်ရှိ နိုင်ငံ့ဝန်ထမ်းသားသမီးများကို ဦးစားပေးအနေဖြင့် သင်ကြားပေးမည်ဖြစ်ပြီး နေပြည်တော် ၈ မြို့နယ်ရှိ ကျောင်းသား၊ ကျောင်းသူများကို ဦးစားပေး ဆောင်ရွက်ပေးသွားမည်ဖြစ်**
>
> ◆ **တတိယနှစ်မှစတင်ဖွင့်လှစ် သင်ကြားပေးသွားမည်ဖြစ်ပြီး နောင် ၄ နှစ်ကြာမြင့်ချိန်တွင် တက္ကသိုလ်အနေဖြင့် အပြည့်အဝသင်ကြားပေးနိုင်သည့် တက္ကသိုလ်တစ်ခုအဖြစ် ဆောင်ရွက်သွားမည်**

*စာမျက်နှာ ၆ မှ*

အတွက် ဆောင်ရွက်ပေးခြင်းဖြစ်ကြောင်းပြောကြားသည်။

**ဒေသအလိုက် စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်အောင် အားပေးဆောင်ရွက်**

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပတ်သက်၍ ပြောကြားရာတွင် **"SME ကိုလည်း ကျွန်တော် ပြီးခဲ့တဲ့ တစ်နေ့ကပဲ SME တွေ အကုန်လုံးခေါ်တွေ့ပြီးတော့ ကော်မတီ အစည်းအဝေးလုပ်ပြီးတော့ SME တိုးတက်ရေး အတွက် ဆောင်ရွက်နေတာရှိပါတယ်။ SME တွေဟာ တိုင်းပြည်ရဲ့အဓိက စီးပွားရေးမှာ SME အခန်းကဏ္ဍ ၉၀ ရာခိုင်နှုန်းကျော်ပါနေပါတယ်။ ကျွန်တော်ကတော့ အဲ့ဒီလို လုပ်တဲ့အခါမှာလည်း ဒီ SME လုပ်ငန်းတွေသည် ကုန်ကြမ်းကိုအခြေခံတဲ့ SME တွေ ဖြစ်ရမယ်။ အဲ့ဒီကုန်ကြမ်းသည် ဒေသတွင်းမှာ ထွက်တဲ့ကုန်ကြမ်းတွေပဲဖြစ်ရမယ်။ တိုင်းပြည်တွင်းမှာ ထွက်ရမယ်၊ ဒေသတွင်းမှာ ထွက်ရမယ်။ ကုန်ကြမ်းမရှိရင် ဘာမှ လုပ်လို့မရဘူး။ စီးပွားရေးလုပ်ငန်းမှာ ကုန်ကြမ်း မရှိရင် လုပ်လို့မရဘူး။ ဝယ်၊ ရောင်း လုပ်ရင်တောင်မှ အဲ့ဒီကုန်ကြမ်းကို အခြေခံပြီး ထွက်လာတဲ့ ကုန်ချောကိုဝယ်၊ ရောင်း လုပ်လို့ရတယ်။ ဒီအတွက်ကြောင့် ကုန်ကြမ်းက အရေးကြီးတယ်။ ကုန်ကြမ်းက၊ ကျွန်တော်တာဝန်ယူတဲ့အချိန်မှာ ပြည်နယ်နဲ့တိုင်းအားလုံးကို စက်မှုဇုန်တွေ အကုန်လုံး လုပ်ရမယ် ပြောထားတာရှိပါတယ်။ အဲ့ဒီအထဲမှာ အကြွေးကျန်တာ ချင်းပြည်နယ် တစ်ခုကျန်တယ်။ ချင်းပြည်နယ်မှာ စက်မှုဇုန် မရှိဘူး။ စက်မှုရပ်ကွက်လည်း မရှိဘူး၊ စက်မှုဇုန်လည်း မရှိဘူး။ ဒါကြောင့် ချင်းပြည်နယ်ကို ကျွန်တော်က ကော်ဖီရယ်၊ ဝဥရယ်၊ နောက်တစ်ခါ နွားနောက်ရယ် ဒီ သုံးခုကို အခြေခံပြီးတော့ စက်မှုလုပ်ငန်းလုပ်ဖို့အတွက် မှာခဲ့တာရှိပါတယ်။ ကျန်တဲ့ ပြည်နယ်နဲ့ တိုင်းတွေမှာ အကုန်လုံးရှိတယ်။ ဒါကိုလည်း ကျွန်တော်တို့ ခုနကပြောတဲ့ ချင်းပြည်နယ် အတွက်ပေးတဲ့ ရန်ပုံငွေထဲကနေပြီးတော့မှ လုပ်ဖို့ ရည်ရွယ်ထားပါတယ်။ အဲ့ဒီတော့ SME တွေကလည်း စောစောကပြောတဲ့ လုပ်ငန်းတွေမှာ၊ နိုင်ငံတော် အပိုင်းကနေပြီးတော့ ကိုဗစ်ကြောင့် ဖြစ်လာတဲ့ ကျဆင်းမှုတွေနဲ့ စီးပွားရေးမြှင့်တင်ဖို့ လုပ်တဲ့အခါမှာတော့ အတိုးအနည်းဆုံးပေ့ါ၊ အတိုးအနည်းဆုံးနဲ့ ယူမှာဖြစ်တယ်။ SME လုပ်ငန်းကတော့ ပြည်နယ်နဲ့တိုင်းအားလုံးမှာ မဖြစ်မနေလုပ်ရမှာ ဖြစ်ပါတယ်။ ဘာလို့လဲဆိုတော့ ကိုယ့်ဒေသမှာ ကိုယ်စက်မှုလုပ်ငန်းတွေ၊ ကုန်ထုတ်လုပ်မှုလုပ်ငန်းလုပ်မယ်ဆိုရင်တော့ တခြားဒေသကိုသွားပြီးတော့ အလုပ်သွားလုပ်နေတဲ့ ပမာဏတွေ လျှော့ချလိုက်ရမယ်။ လုံးဝမရှိအောင်တော့ လုပ်လို့မရပါဘူး။ လျှော့ချနိုင်ရမယ်၊ ကိုယ့်ဒေသမှာ အလုပ်အကိုင်အခွင့်အလမ်းတွေ ပေါ်လာရမယ်။ ကိုယ့်နိုင်ငံရဲ့ ကိုယ့်ဒေသ။ ပြောရလို့ရှိရင် ကိုယ့်ဒေသမှာ အလုပ်အကိုင် အခွင့်အလမ်းပေ့ါလေ၊ စီးပွားရေးလုပ်ငန်းလုပ်ပြီဆိုရင် ဒေသတွေရဲ့ ဘတ်ဂျက်တွေ သူ့ဟာနဲ့သူ တက်လာလိမ့်မယ်၊ ပြည်နယ်နဲ့ တိုင်းဒေသအလိုက် ဘတ်ဂျက်တွေ တက်လာလိမ့်မယ်။ သူ့ဘတ်ဂျက်နဲ့သူ လည်ပတ်လို့ရအောင် ကျွန်တော်တို့က ဒါကိုမတည်ပေးလိုက်တာ၊ ရှင်းရှင်းပြောရရင်တော့ မတည်ပေးလိုက်တာပါပဲ။ စောစောက ငွေတွေပေးတယ်ဆိုတာလည်း မတည်ပေးလိုက်တာ။ ၁၀ ဘီလီယံစီ လွှဲအပ်ပေးတယ်။ ၈ ဘီလီယံစီ လွှဲအပ်ပေးတယ်။ ၅ ဘီလီယံစီ ပေးတယ်။ သူတို့ကို ဒါတွေ လိုအပ်တာသုံးဖို့ ဖက်ဒရယ်အခွင့်အရေးတွေ ပေးလိုက်တာ ဖြစ်တယ်။

အဲ့ဒီအထဲကနေပြီးတော့ အခုထပ်ပြီးတော့ SME တွေ အားပေးတာလည်း ဒေသအလိုက် ဒေသအလိုက်မှာ လုပ်ငန်းတွေပေါ်လာပြီး အစိုးရတွေက ဒါတော့ လုပ်ရင် ဖြစ်တယ်ဆိုတာပြတာ။ အစိုးရတစ်ရပ်ဆိုတာ လုပ်ပြဖို့ပဲ။ ဟန်ပြ။ တီဗွီထဲပါနေဖို့ သတင်းထဲပါနေဖို့ မဟုတ်ဘူး။ တကယ်တော့ တိုင်းပြည်၊ ဒေသကို တိုးတက်အောင် လုပ်ပေးရမှာ။ ကျွန်တော်တို့ အစိုးရသည်လည်း တိုင်းပြည်တိုးတက်အောင် လုပ်ရမယ်။ ဒေသ အစိုးရကလည်း ဒေသကို တိုးတက်အောင် သူက လုပ်ရမယ်။ ဒါက လက်တွေ့ကျတဲ့ နိုင်ငံရေးပဲ။ လက်တွေ့ကျတဲ့ နိုင်ငံရေး။ နိုင်ငံရေး လုပ်စားတာ မဟုတ်ဘူး။ တကယ့် နိုင်ငံ့အရေးကို လုပ်စားတာ။ နိုင်ငံ့အရေး လုပ်နိုင်ဖို့အတွက် မတည်ငွေတွေ ကျွန်တော်တို့ ပေးလိုက်တာ။ လုပ်ပါစေ။ သူ စွမ်းဆောင်ရည် ရှိသမျှ လုပ်ပါစေ၊ သူစွမ်းဆောင်ရည် ကောင်းလို့ရှိရင် သူစီးပွားတက်လာလိမ့်မယ်။ စီးပွား တက်ပြီဆိုလို့ရှိရင် သူတို့ဒေသမှာ ဝင်ငွေကောင်းလာလိမ့်မယ်။ ဝင်ငွေကောင်းလာလို့ရှိရင် ပြည်နယ်နဲ့ တိုင်း အစိုးရတွေမှာ ဘတ်ဂျက်တွေ ချောင်ချောင် လည်လည် ဖြစ်လာလိမ့်မယ်။ ဗဟိုကနေပေးရတဲ့ ပိုက်ဆံက။ တတ်နိုင်သလောက်။ အတိုင်းအတာ တစ်ခုထိတော့ရှိမှာပေ့ါ။ သို့သော်လည်းပဲ သူတို့ အတွက် သူတို့ဖာသာသူ ပြန်လုပ်ခြင်းအားဖြင့် သူတို့ရဲ့ ရန်ပုံငွေနဲ့လုပ်ခြင်းအားဖြင့် သူတို့ဆီမှာ တိုးတက်မှုတွေ အများကြီး ပြနိုင်မှာဖြစ်ပါတယ်။ ဒါကို ပြည်နယ်နဲ့တိုင်း ဝန်ကြီးချုပ်တွေ အကုန်လုံးကိုမှာလိုက်တယ်။ ခင်ဗျားတို့ ဒါကိုလုပ်ပြပါ။ စီးပွားရေး လုပ်ပြပါ။ ကျွန်တော် မတည်ငွေတွေ ပေးလိုက်တယ်။ ဒီလို ပြောခဲ့ပါတယ်။ SME လုပ်ရတဲ့ ရည်ရွယ်ချက်ပါပဲ။ အရင်တုန်းကတော့ SME ပဲ ခေါ်တာပေ့ါ။ နောက်ပိုင်းကျတော့ MSME လို့ ခေါ်တယ် အသေးစား ၊ အငယ်စား၊ အလတ်စားပေ့ါ။ Micro ရယ် Small ရယ် Medium ရယ် ဖြစ်ပါတယ်။ MSME လို့ ကျွန်တော်တို့ ခေါ်ပါတယ်။ အဲ့ဒါမျိုး ကျွန်တော်တို့ လုပ်နေကြောင်းလည်း ကောင်စီဝင်များကိုလည်း ကျွန်တော် အသိပေးလိုပါတယ်"**ဟု ပြောကြားသည်။

**ခရီးသွားကဏ္ဍသည် စီးပွားရေးလုပ်ငန်းတွင် ဘက်ပေါင်းစုံမှ အထောက်အကူပြုသည့် လုပ်ငန်းတစ်ခုဖြစ်**

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က မိမိတို့နိုင်ငံရှိ စီးပွားရေးလုပ်ငန်းများတွင် ဘက်ပေါင်းစုံမှ အထောက်အကူပြုသည့် လုပ်ငန်းမှာ ကမ္ဘာလှည့်ခရီးသွားလုပ်ငန်းပင်ဖြစ်ကြောင်း၊ ပြည်တွင်း၊ ပြည်ပခရီးသွားလာမှုများကြောင့် ဒေသတွင်းရောင်းဝယ်ဖောက်ကားမှုများ၊ သယ်ယူပို့ဆောင်ရေးလုပ်ငန်းများ လည်ပတ်နိုင်ခြင်းကြောင့် လည်ပတ်သုံးစွဲငွေများ တိုးမြင့်လာမည်ဖြစ်ကြောင်း၊ ပြည်ပခရီးသွားများ ဝင်ရောက်ခြင်းကြောင့် နိုင်ငံခြားဝင်ငွေများ ပိုမိုရရှိလာမည်ဖြစ်ကြောင်း၊ ထို့ကြောင့် ကမ္ဘာလှည့်ခရီးသွားများ ဝင်ရောက်မှုရှိစေရေး နိုင်ငံတော်အနေဖြင့် စီမံဆောင်ရွက်လျက်ရှိကြောင်း၊ ပြည်တွင်း၊ ပြည်ပ ခရီးသွားလာမှုများ မြှင့်တင်ဆောင်ရွက်နိုင်မည်ဆိုပါက စီးပွားရေးအရ များစွာတိုးတက်ပြောင်းလဲလာမည်ဖြစ်ကြောင်း။

**နိုင်ငံရေးအရ တည်ငြိမ်အေးချမ်းမှု၊ လုံခြုံရေးအရတည်ငြိမ်အေးချမ်းမှု ရှိစေရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိ**

ခရီးသွားကဏ္ဍမြှင့်တင်ရေး ဆောင်ရွက်ရာတွင်လည်း နိုင်ငံအတွင်း နိုင်ငံရေးအရ တည်ငြိမ်အေးချမ်းမှု၊ လုံခြုံရေးအရ တည်ငြိမ်အေးချမ်းမှုများရှိရန်လိုကြောင်း၊ နိုင်ငံရေးအရ တည်ငြိမ်အေးချမ်းမှုအတွက် နိုင်ငံရေးပါတီများကိုလည်း နိုင်ငံရေးအရ လှုံ့ဆော်မှုများ ပြုလုပ်ခြင်းမှလွဲ၍ ပါတီတွင်းတွေ့ဆုံမှုများ အပါအဝင် အခြားအုပ်ချုပ်မှုကိစ္စရပ်များ ဆောင်ရွက်ခြင်းကို ခွင့်ပြုပေးထားကြောင်း၊ နိုင်ငံရေးပါတီများနှင့် တွေ့ဆုံဆွေးနွေးမှုများကို ဆောင်ရွက်၍ ရွေးကောက်ပွဲ ဥပဒေပြင်ဆင်ရေးကဏ္ဍနှင့် နိုင်ငံရေးဆိုင်ရာကိစ္စရပ်များကို ဆွေးနွေးဆောင်ရွက်လျက်ရှိကြောင်း၊ အခြေခံဥပဒေပြင်ဆင်ရေးနှင့် ပတ်သက်၍ ပါတီများဘက်မှ အဆိုပြုချက်များလည်းရှိကြောင်း၊ အလားတူ တပ်မတော်အနေဖြင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များနှင့် ငြိမ်းချမ်းရေးရရှိရေး တွေ့ဆုံဆွေးနွေးနေမှုများရှိကြောင်း၊ ထိုသို့ဆောင်ရွက်နေခြင်းမှာ နိုင်ငံရေးအရ တည်ငြိမ်အေးချမ်းမှုရရှိရန် ကြိုးပမ်းဆောင်ရွက်နေခြင်းဖြစ်ပြီး နောင်လာမည့် လွှတ်တော်သက်တမ်းတွင် နိုင်ငံရေးပါတီများနှင့် တွေ့ဆုံဆွေးနွေးခဲ့သည့် သဘောတူညီချက်များနှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များနှင့် တွေ့ဆုံဆွေးနွေးခဲ့သည့် သဘောတူညီချက်များကို ပေါင်းစပ်၍ လွှတ်တော်တွင် ဆွေးနွေးသွားမည်ဖြစ်ကြောင်း၊ ထိုသို့ ဆောင်ရွက်နိုင်မည်ဆိုပါက ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အတွက် ပိုမိုလျင်မြန်စေမည်ဖြစ်ကြောင်း။

လုံခြုံရေးနှင့်ပတ်သက်၍ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များနှင့် ပစ်ခတ်တိုက်ခိုက်မှုများ မဖြစ်စေရေး တတ်နိုင်သမျှ ထိန်းသိမ်းဆောင်ရွက်လျက်ရှိကြောင်း၊ ပြည်သူများ၏ အသက်၊ အိုးအိမ်၊ စည်းစိမ်များ ထိခိုက်မှုမရှိစေရေး တပ်မတော်မှ ထိန်းသိမ်းဆောင်ရွက်နေခြင်း ဖြစ်ကြောင်း၊ တပ်မတော်သည် နိုင်ငံတော်ကာကွယ်ရေးအတွက် ခိုင်မာသည့် အဖွဲ့အစည်းတစ်ခုဖြစ်ကြောင်း၊ လက်တွေ့နယ်ပယ်၌ PDF များနှင့် ဆက်နွယ်နေသည့် EAO အဖွဲ့များတွင် ထိခိုက်မှုများ များပြားလျက်ရှိကြောင်း၊ အဆိုပါ ထိတွေ့တိုက်ခိုက်မှုဖြစ်ပွားသည့် ဒေသများထိခိုက်ဆုံးရှုံးမှုများ ပိုမိုများပြားကြောင်း၊ ပြည်သူလူထု၊ တပ်မတော်နှင့် ရဲတပ်ဖွဲ့များကို ထိခိုက်မှုများရှိလာမည်ဆိုပါက လက်တွေ့ကျသည့် တုံ့ပြန်မှုများ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်ကို ပါတီစုံဒီမိုကရေစီလမ်းကြောင်းပေါ်တွင် လျှောက်လှမ်းနိုင်ရေး ဆောင်ရွက်လျက်ရှိပြီး ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နေခြင်းဖြစ်ကြောင်း၊ ဖက်ဒရယ်အခွင့်အရေးများ ပေးအပ်ရာတွင် ဖြစ်သင့်ဖြစ်ထိုက်သည့် ဖက်ဒရယ်အခွင့်အရေးများကိုသာ ပေးအပ်မည်ဖြစ်ကြောင်း၊ ဖက်ဒရယ်စနစ်ကျင့်သုံးသည့် အခြားနိုင်ငံများတွင်လည်း အလားတူပင်ဖြစ်ကြောင်း။

ငြိမ်းချမ်းရေးနှင့်ပတ်သက်၍ ပထမအဆင့် တွေ့ဆုံဆွေးနွေးခဲ့ပြီး ဒုတိယအဆင့် တွေ့ဆုံဆွေးနွေးမှုများကို ပြုလုပ်လျက်ရှိကြောင်း၊ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) နှင့် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် NCA ကို မျက်ကွယ်ပြု၍ မရကြောင်း၊ ပြည်ပ ပယောဂများကြောင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများအနေဖြင့် ဝိဝါဒကွဲပြားမှုများရှိကြောင်း၊ လက်နက်ကိုင်တိုင်းရင်းသားအဖွဲ့များ၏ တောင်းဆိုချက်များတွင် ဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်ဆင်ရေးဆိုင်ရာကိစ္စရပ်များ ပါဝင်ကြောင်း၊ အဆိုပါကိစ္စရပ်နှင့်ပတ်သက်၍ ဆောင်ရွက်၍ရသည်များရှိကြောင်း၊ နှစ်ဖက်ဖြစ်ချင်သည်နှင့် ဖြစ်သင့်သည်များကို ညှိနှိုင်း၍ သဘောတူညီချက်ရရှိမည်ဆိုပါက ပြင်ဆင်ရေးလုပ်ငန်းများနှင့်ပတ်သက်၍ ဥပဒေနှင့်အညီ ဆောင်ရွက်၍ ရကြောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ပတ်သက်၍ ပြင်ဆင်လိုသည်များကို လွှတ်တော်၌ မဲခွဲဆုံးဖြတ်၍ ဆောင်ရွက်ခြင်းသည် ဒီမိုကရေစီနိုင်ငံတစ်ခုအနေဖြင့် ဖွဲ့စည်းပုံအခြေခံ ဥပဒေအပေါ်တွင် လေးစားစွာဖြင့် ဆောင်ရွက်သည့် သိက္ခာကို ဖော်ဆောင်နိုင်မည်ဖြစ်ကြောင်း၊ လွှတ်တော် လမ်းကြောင်းမှသာ အခြေခံဥပဒေပြင်ဆင်ရေး လုပ်ငန်းများကို ဆောင်ရွက်နိုင်မည်ဖြစ်ပြီး အခြားလမ်းကြောင်းများမှ ဆောင်ရွက်၍မရကြောင်း၊ တိုင်းရင်းသားစည်းလုံး ညီညွတ်မှုကို အားလုံးတညီတညွတ်တည်းရှိခဲ့သည်ကို ပြသခဲ့သည့်ပင်လုံစိတ်ဓာတ်ကို အခြေခံဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ပြည်ထောင်စုနိုင်ငံတော်ကို တည်ဆောက်ရန်၊ အချုပ်အခြာအာဏာပိုင် နိုင်ငံဖြစ်သည့်အတွက် ဖက်ဒရယ်အခွင့်အရေးများကို ပြည်နယ်နှင့်တိုင်းများအားလုံး တစ်ပြေးညီရရှိရေး ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ မိမိတို့အနေဖြင့် လွတ်လပ်ပြီး တရားမျှတသည့် ရွေးကောက်ပွဲတစ်ခုကျင်းပနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များနှင့် ကြိုတင်သဘောတူညီချက်များရရှိရေး ဆောင်ရွက်လျက်ရှိပြီး ဖြစ်နိုင်သည်များကို ဆွေးနွေးဆောင်ရွက်လျက်ရှိကြောင်း။

**ပညာရည်မြှင့်တင်ရေးအတွက် စာသင်ကျောင်းများ တိုးချဲ့ဖွင့်လှစ် ဆောင်ရွက်ပေးလျက်ရှိမှု**

ပညာရည်မြှင့်တင်ရေးအတွက် ဆောင်ရွက်လျက်ရှိရာတွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် စက်မှုအထက်တန်းကျောင်းများ ဖွင့်လှစ်ရန် ဆောင်ရွက်ခဲ့ပြီး လာမည့်ပညာသင်နှစ်တွင် ခရိုင် ၅၀ ၌ စာသင်ကျောင်း ၅၀ ဖွင့်လှစ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ကျောင်းအတွက် လိုအပ်သည့်မြေနေရာနှင့် တက်ရောက်မည့် ကျောင်းသား၊ ကျောင်းသူများ ရှိရမည်ဖြစ်ကြောင်း၊ ပညာရေးရင်းနှီးမြှုပ်နှံမှုအတွက် စာသင်ကျောင်းများ တိုးချဲ့ဆောက်လုပ်ခြင်းသည် ငွေကုန်ကြေးကျများသည့် လုပ်ငန်းများဖြစ်သဖြင့် နိုင်ငံအတွက် ဘတ်ဂျက်များရရှိရေး စီးပွားရေးမြှင့်တင်ရေးလုပ်ငန်းများဖြစ်သည့် ခရီးသွားကဏ္ဍတိုးတက်ရေး၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှုများကို မြှင့်တင်ရေးကို အားပေး ဆောင်ရွက်နေခြင်းဖြစ်ကြောင်း၊ နေပြည်တော် State Academy ကိုလည်း လာမည့် အောက်တိုဘာကာလအတွင်း ဖွင့်လှစ်နိုင်ရေး စီမံဆောင်ရွက်လျက်ရှိပြီး ရန်ကုန်တက္ကသိုလ်နှင့် မန္တလေးတက္ကသိုလ်တို့နှင့် တန်းတူဖြစ်ရမည်ဖြစ်ကြောင်း၊ နေပြည်တော်ရှိ နိုင်ငံ့ဝန်ထမ်းသားသမီးများကို ဦးစားပေးအနေဖြင့် သင်ကြားပေးမည်ဖြစ်ပြီး နေပြည်တော် ၈ မြို့နယ်ရှိ ကျောင်းသား၊ ကျောင်းသူများကို

*စာမျက်နှာ ၈ သို့*

*စာမျက်နှာ ၇ မှ*
ဦးစားပေး ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ တတိယနှစ်မှစတင်ဖွင့်လှစ် သင်ကြားပေးသွားမည် ဖြစ်ပြီး နောင် ၄ နှစ်ကြာမြင့်ချိန်တွင် တက္ကသိုလ် အနေဖြင့် အပြည့်အဝ သင်ကြားပေးနိုင်သည့် တက္ကသိုလ်တစ်ခုအဖြစ် ဆောင်ရွက်သွားမည်ဖြစ် ကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် ကောင်စီအဖွဲ့ဝင်များက နိုင်ငံတော် အတွက် အကျိုးအမြတ်များစွာ ရရှိအောင် ဖော်ဆောင် ပေးနိုင်ခဲ့သည့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ၏ ရုရှားဖက်ဒရေးရှင်းနိုင်ငံ ခရီးစဉ်အား မှတ်တမ်းတင်နိုင်ရေး၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဝင်များအနေဖြင့် တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် ဆောင်ရွက်နေသည့် လုပ်ငန်းများ အောင်မြင်မှုရရှိစေရေးအတွက် မြေပြင်ကွင်းဆင်း တိုက်တွန်းအားပေးဆောင်ရွက်ရေး၊ တိုင်းဒေသကြီး နှင့် ပြည်နယ်အလိုက်ခန့်အပ်ထားသည့် သင်ကြား ရေး အထောက်အကူပြုနှင့် ဘာသာစကားသင်ဆရာ ဆရာမများအတွက် ဆရာအတတ်သင်ကျောင်း သို့မဟုတ် တက္ကသိုလ်ဖွင့်လှစ်ပေးနိုင်ရေး၊ ရောဝတီ တိုင်းဒေသကြီး ညောင်တုန်းမြို့နယ်တွင် ပန်းလှိုင်မြစ်ကူး တံတား တည်ဆောက်ပေးရေး၊ စပါးအထွက်နှုန်း တိုးတက်စေရေးအတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် ရွက်စိမ်းမြေဩဇာ တိုးချဲ့အသုံးပြု ရန် အသိပညာပေးလုပ်ငန်းများ တိုးမြှင့်ဆောင်ရွက် ပေးရေး၊ နေပြည်တော်တွင် မြန်မာ့ယဉ်ကျေးမှု အမျိုးသားကဇာတ်များ စီစဉ်တင်ဆက်နိုင်ရေး အတွက် အမျိုးသားကဇာတ်ရုံတစ်ရုံ တည်ဆောက် ပေးရေး၊ ကုန်ဈေးနှုန်း မတည်မငြိမ်ဖြစ်အောင် ဆောင်ရွက်နေသူများအား အရေးယူဆောင်ရွက်ပေး ရေး၊ နိုင်ငံ့ဝန်ထမ်းများ၏ ချေးငွေပြန်ဆပ်ကာလအား ထပ်မံတိုးမြှင့်ပေးရေး၊ ဒေသမျိုးရင်း ငါးမျိုးများ တိုးပွားစေရေးနှင့် ငါးသယံဇာတတိုးပွားစေရေး အတွက် လိုအပ်သော အမိန့်နှင့်ညွှန်ကြားချက်များ ထုတ်ပြန်တားဆီးပေးနိုင်ရေး၊ ယဉ်ကျေးမှုအမွေအနှစ် များဖော်ထုတ်နိုင်ရန် ရှေးဟောင်းသုတေသနပညာရှင် များအားပြည်ပနိုင်ငံများသို့ ပညာသင်စေလွှတ်ရေးနှင့် ဓာတ်ခွဲခန်း ပညာမြင့်မားလာစေရန် ဆောင်ရွက်ပေး ရေး၊ သီလဝါအထူးစီးပွားရေးဇုန်တွင် အဖျက် အမှောင့်လုပ်ငန်းများ ဝင်ရောက်မလာစေရေး အတွက် လုံခြုံရေးအစီအမံများ တိုးမြှင့်ဆောင်ရွက် ပေးရေး၊ ကျောင်းပိတ်ရက်များတွင် ကျောင်းသား လူငယ်များအတွက် မြန်မာ့ရိုးရာအားကစားပြိုင်ပွဲ များ ကျင်းပပေးနိုင်ရေး၊ ဝန်ကြီးဌာနများတွင် ဝန်ထမ်းမိသားစုများ သံယောဇဉ်နှင့် မိသားစု စိတ်ဓာတ်တိုးပွားစေရန် ဝန်ထမ်းများနှင့် တာဝန်ရှိ သူများ လက်ရည်တစ်ပြင်တည်း အတူတကွ စားသောက်နိုင်ရန် စီစဉ်ဆောင်ရွက်ပေးရေး၊ ပြည်တွင်းစားသုံးမှုဖူလုံရေးနှင့် ကုန်ဈေးနှုန်းကျဆင်း စေရေးအတွက် ယခုနှစ် မိုးစပါးအမှန်တကယ်ထွက် ရှိမှုနှင့် အရန်ဆန် လျှာထားမှုစာရင်းဇယားများအား အလေးထား ဆောင်ရွက်ရေး၊ ကျောင်းသား၊ ကျောင်းသူများ အထက်အောက်အနိုင်ကျင့်မှု မဖြစ် စေရန် မိဘ၊ ဆရာ ပူးပေါင်းထိန်းသိမ်းဆောင်ရွက် ရေး၊ တာဝန်ထမ်းဆောင်နေသည့် ဆရာ၊ ဆရာမများ နှင့် ကျောင်းသား၊ ကျောင်းသူများအား CDM ဝန်ထမ်း များနှင့် ၎င်းတို့နှင့် ဆက်နွယ်နေသူများက နှောင့်ယှက်နေမှုများအား ဖော်ထုတ်အရေးယူ ဆောင်ရွက်ပေးရေး၊ စီမံကိန်း သိမ်းဆည်းမြေများနှင့် စပ်လျဉ်း၍ လုပ်ငန်းဆောင်ရွက်ရာတွင် ဝန်ထမ်း အချို့၏ မသမာမှုလုပ်ရပ်ဆောင်ရွက်နေမှုများကို ဖော်ထုတ်အရေးယူ ဆောင်ရွက်ပေးရေးတို့နှင့် စပ်လျဉ်း၍ ဆွေးနွေးတင်ပြကြသည်။

ဆွေးနွေးတင်ပြချက်များနှင့် စပ်လျဉ်း၍ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌက ကောင်စီဝင်များ တိုင်းဒေသကြီးနှင့် ပြည်နယ်များသို့ သွားရောက်၍ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ လုပ်ငန်းအောင်မြင်မှုရရှိ စေရေးအတွက် မြေပြင်ကွင်းဆင်း တိုက်တွန်းအား ပေးဆောင်ရွက်နိုင်ရန် စနစ်တကျဖွဲ့စည်း၍ စီစဉ် ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ တိုင်းဒေသကြီး နှင့် ပြည်နယ်အလိုက် သင်ကြားရေးအထောက်အကူ ပြုနှင့် ဘာသာစကားသင်ဆရာ ဆရာမများ ခန့်အပ် တာဝန်ပေးခြင်းမှာ တိုင်းရင်းသားစာပေ၊ ယဉ်ကျေးမှု နှင့် ဘာသာကိုထိန်းသိမ်းဆောင်ရွက်ကြရန်ဖြစ် ကြောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ပညာရေးကောလိပ်များတွင် သင်တန်းပေးရန် စီစဉ် ဆောင်ရွက်လျက်ရှိကြောင်း၊ ၎င်းတို့အား ဒီပလိုမာ ဘွဲ့ ပေးအပ်သွားမည်ဖြစ်ကြောင်း၊ ပန်းလှိုင်မြစ်ကူး တံတားစီမံကိန်းနှင့်ပတ်သက်၍ အကြိုဆန်းစစ် လေ့လာမှုများ ဆောင်ရွက်သွားစေမည်ဖြစ်ကြောင်း၊ ရွက်စိမ်းမြေဩဇာ ကျယ်ကျယ်ပြန့်ပြန့်အသုံးပြု နိုင်ရေးအတွက် သက်ဆိုင်ရာဝန်ကြီးဌာနအား ညွှန်ကြားထားကြောင်း၊ အထွက်နှုန်းကောင်းမွန်စေ ရေးအတွက် အခြားသော ဓာတ်မြေဩဇာကိုလည်း ပေါင်းစပ်အသုံးပြုသွားရမည်ဖြစ်ကြောင်း၊ ဓာတ် မြေဩဇာရရှိရေးအတွက် အချို့သောနိုင်ငံများနှင့် ချိတ်ဆက်ဆောင်ရွက်လျက်ရှိကြောင်း၊ နေပြည်တော် ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်း (ဇဟို ဌာန-၂) တွင် အမျိုးသားဇာတ်ရုံအဖြစ် အသုံးပြု နိုင်ရေးနှင့် ရိုးရာယဉ်ကျေးမှုပြဇာတ်များ ပြန်လည် ဖော်ထုတ်ပေးသွားမည်ဖြစ်ကြောင်း၊ ဝန်ထမ်းများ ချေးငွေဆိုင်းငံ့ရေးကိစ္စ အချိန်တိုးမြှင့်ဆောင်ရွက် ပေးသွားမည်ဖြစ်ကြောင်း၊ စီးပွားရေးတိုးတက်ရေးနှင့် ငွေကြေးတည်ငြိမ်ရေးအတွက် ကြိုးပမ်းဆောင်ရွက် လျက်ရှိကြောင်း၊ ငါးသယံဇာတ မပြုန်းတီးစေရေး အတွက် ထိန်းသိမ်းဆောင်ရွက်ပေးသွားမည်ဖြစ် ကြောင်း၊ ရှေးဟောင်းသုတေသနပညာရှင်များ ပြည်ပနိုင်ငံများသို့ ပညာတော်သင်စေလွှတ်လျက်ရှိ ကြောင်း၊ သီလဝါ အထူးစီးပွားရေးဇုန် အပါအဝင် အထူးစီးပွားရေးဇုန်များ လုံခြုံစိတ်ချစွာ ဖွံ့ဖြိုးတိုးတက် ရေးအတွက် ပြည်ပရင်းနှီးမြှုပ်နှံမှုများ ဖိတ်ခေါ် ဆောင်ရွက်လျက်ရှိကြောင်း၊ ကျောင်းသား လူငယ် များအတွက် ရိုးရာအားကစားပြိုင်ပွဲများ ကျင်းပပေး သွားမည်ဖြစ်ကြောင်း၊ နိုင်ငံ့ဝန်ထမ်းများ မိတ်ဆုံ စားပွဲများ ဆောင်ရွက်နိုင်ရေး ညွှန်ကြားဆောင်ရွက် ပေးသွားမည်ဖြစ်ကြောင်း၊ တာဝန်ထမ်းဆောင်နေ သည့် နိုင်ငံ့ဝန်ထမ်းများအား CDM ပြုလုပ်သူများနှင့် ဆက်နွယ်သူများက နှောင့်ယှက်မှုများ မပြုနိုင်စေရန် ဖော်ထုတ်အရေးယူ ဆောင်ရွက်သွားမည်ဖြစ် ကြောင်း ပြောကြားသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ်က နိဂုံးချုပ် အမှာစကားပြောကြားရာတွင် မိမိတို့အနေဖြင့် တိုင်းပြည်ကို စိတ်ချရသည့် အနာဂတ်နိုင်ငံတော် ဖြစ်စေရန် ဝိုင်းဝန်းဆောင်ရွက်သွားကြရမည်ဖြစ် ကြောင်း၊ နိုင်ငံရေးပါတီများကို လေ့လာကြည့်ရာတွင် နိုင်ငံရေးကို အခြေခံသည့်ပါတီ၊ ဒေသကို အခြေခံ သည့်ပါတီနှင့် တိုင်းရင်းသားလူမျိုးကို အခြေခံသည့် ပါတီဟူ၍တွေ့ရှိရပါကြောင်း၊ နိုင်ငံရေးပါတီများ၏ လှုပ်ရှားမှုကို ကန့်သတ်ချက်များ မထားပါကြောင်း၊ ဖွဲ့စည်းပုံအခြေခံ ဥပဒေ(၂၀၀၈ ခုနှစ်)နှင့် NCA ကို အခြေခံ၍ ပြည်ထောင်စုနိုင်ငံတော်ကို တည်ဆောက် သွားရမည်ဖြစ်ကြောင်း၊ ရွေးကောက်ပွဲ ဥပဒေနှင့် နိုင်ငံရေးပါတီများ မှတ်ပုံတင်ခွင့်ဥပဒေကို ပြင်ဆင်နိုင် ရေး ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ သို့ဖြစ်၍ ယင်းဥပဒေများကို စနစ်တကျ လေ့လာထားရှိရန် လိုအပ်ပါကြောင်း၊ မိမိတို့အနေဖြင့် တိုင်းပြည်ကို လမ်းမှန်ပေါ်ရောက်ပြီး အနာဂတ်နိုင်ငံတော်ကို အာမခံချက်ပေးနိုင်သည့် ပြည်ထောင်စုနိုင်ငံ တည်ဆောက်နိုင်ရေးအတွက် ကောင်စီဝင်များက လေးလေးနက်နက် စဉ်းစားဆောင်ရွက်သွားကြရန် လိုအပ်ပါကြောင်းဖြင့် ပြောကြားခဲ့ကြောင်း သတင်း ရရှိသည်။ **သတင်းစဉ်**

# ပြည်တွင်းရုပ်ရှင်ဇာတ်ကား၊ ဇာတ်လမ်းတွဲ၊ နိုင်ငံခြားဇာတ်ကား၊ ဇာတ်လမ်းတွဲများအား ဗီဒီယိုဆင်ဆာစိစစ်ခွင့်ပြုချက်ရယူပြသရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

**ရန်ကုန် စက်တင်ဘာ ၂၇**

မြန်မာအသံနှင့် ရုပ်မြင်သံကြားနှင့် ဆက်စပ်ပြီး ရုပ်မြင်သံကြား ထုတ်လွှင့်ဝန်ဆောင်မှုပေးနေသည့် ကုမ္ပဏီများနှင့် Content Provider များအနေဖြင့် ပြည်တွင်းရုပ်ရှင် ဇာတ်ကား၊ ဇာတ်လမ်းတွဲ၊ နိုင်ငံခြား ဇာတ်ကား၊ ဇာတ်လမ်းတွဲများအား ဗီဒီယိုဆင်ဆာ စိစစ်ခွင့်ပြုချက် ရယူပြီးမှ ပြသရေး ညှိနှိုင်းအစည်း အဝေးကို ယမန်နေ့ မွန်းလွဲပိုင်းက ရန်ကုန်မြို့ ဗဟန်းမြို့နယ် ကုက္ကိုင်းရိပ်သာလမ်းရှိ ပြန်ကြားရေး နှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ရုပ်ရှင်မြှင့်တင်ရေး ဌာနခွဲ၌ ကျင်းပသည်။(ယာပုံ)

**ဆင်ဆာခွင့်ပြုချက်ရပြီးမှ ပြသ**

အစည်းအဝေးတွင် ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးရဲတင့်က အမှာစကားပြောကြား ရာ၌ ရုပ်သံထုတ်လွှင့်မှုတွင် နိုင်ငံပိုင်မီဒီယာများအပြင် ပုဂ္ဂလိက မီဒီယာများကလည်း ရုပ်သံထုတ်လွှင့်မှု ဆောင်ရွက်လျက်ရှိကြောင်း၊ မြန်မာ့ရုပ်မြင်သံကြား နှင့် ပူးပေါင်းဆောင်ရွက်နေသည့် ရုပ်မြင်သံကြား ထုတ်လွှင့်နေသူများအနေဖြင့် ရုပ်ရှင်ဇာတ်ကားကြီး များနှင့် ဗီဒီယိုဇာတ်ကားကြီးများကို ဆင်ဆာခွင့်ပြု ချက်ရပြီးမှ ပြသလျက်ရှိကြသော်လည်း ပြည်တွင်း ပြည်ပ ဇာတ်လမ်းတွဲများနှင့် နိုင်ငံခြားဇာတ်လမ်းတွဲ များကို မြန်မာစာတန်းထိုး၊ မြန်မာစကားပြော အသံထပ်၍ ပြသခြင်းတို့ကိုမူ ဆင်ဆာစိစစ်ရေး အဖွဲ့ သို့ မတင်ဘဲ မိမိတို့ကိုယ်တိုင် စိစစ်တာဝန်ယူမှုဖြင့် ပြသလျက်ရှိကြောင်း။

**ညှိနှိုင်းဆောင်ရွက်**

ယခုအခါ ၎င်းဇာတ်လမ်းတွဲများ၏ ဇာတ်လမ်း နှင့် ပါဝင်သော စကားပြောများနှင့် ဇာတ်လမ်းတွဲ များမှာ လက်ရှိအခြေအနေအရ မပြသင့်သည်များ ပါနေသည်ကို တွေ့လာရကြောင်း၊ ထို့ကြောင့် ယခုမှ စတင်၍ ဇာတ်လမ်းတွဲများကိုပါ ဆင်ဆာခွင့်ပြုချက် ရယူပြီးမှ ပြသရန်လိုကြောင်း၊ နေပြည်တော်တွင် သက်ဆိုင်ရာကုမ္ပဏီများမှ အကြီးအကဲများနှင့် ရှင်းလင်းဆွေးနွေးပြီးဖြစ်၍ ယခုလက်တွေ့လုပ်ကိုင် နေသည့် ရုပ်သံလွှင့်တာဝန်ခံ ဝန်ထမ်းများနှင့် ရုပ်ရှင် နှင့် ဗီဒီယိုဆင်ဆာအဖွဲ့တို့တွေ့ဆုံ၍ ညှိနှိုင်း ဆောင်ရွက်ကြရန်ဖြစ်ကြောင်း မှာကြားသည်။

**ပေါင်းစပ်ညှိနှိုင်းဆွေးနွေး**

ထို့နောက် တက်ရောက်လာကြသည့် ရုပ်သံလွှင့် ကုမ္ပဏီများမှ တာဝန်ရှိသူများနှင့် ရုပ်ရှင်နှင့် ဗီဒီယို ဆင်ဆာအဖွဲ့တို့က ဆက်လက်ဆောင်ရွက်ကြမည့် အစီအစဉ်၊ လုပ်ငန်းစဉ်များကို ညှိနှိုင်းဆွေးနွေးကြပြီး ဒုတိယဝန်ကြီးက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆွေးနွေးခဲ့သည်။



ယင်းနောက် ဒုတိယဝန်ကြီးက ညှိနှိုင်းဆုံးဖြတ် ထားသည့်အတိုင်း အမြန်ဆောင်ရွက်ရန်နှင့် လက်ရှိ ပြသဆဲ ရုပ်ရှင်နှင့် ဗီဒီယိုဇာတ်ကားများ ၊ ဇာတ်လမ်း တိုများကိုလည်း မပြသမီ သေချာစိစစ်ပြီး နိုင်ငံရေး၊ ဘာသာရေး၊ ယဉ်ကျေးမှုနှင့် အမျိုးသားစည်းလုံး ညီညွတ်မှုကို ထိခိုက်စေသည့် အပြောအဆို၊ စာသား များ၊ ကာမရာဂကို နှိုးဆွသည့် အကြောင်းအရာများ မပါရှိစေရေး အလေးထားကြပ်မတ်ဆောင်ရွက်ပေး ကြရန် တိုက်တွန်းမှာကြားခဲ့သည်။ **သတင်းစဉ်**

# ကျောက်တော်မြို့၌ ကလေးအလုပ်သမားပပျောက်ရေး အသိပညာပေးဆွေးနွေး

**ကျောက်တော် စက်တင်ဘာ ၂၇**

ရခိုင်ပြည်နယ် ကျောက်တော် မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ ဆက်ဆံရေးဦးစီးဌာနနှင့် မြို့နယ် ဥပဒေရုံးတို့ ပူးပေါင်း၍ ကလေး အလုပ်သမား ပပျောက်ရေး အသိပညာပေး ဆွေးနွေးပွဲကို ယနေ့ နံနက်ပိုင်းက မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံ ရေးဦးစီးဌာန လူထုအခြေပြုဗဟို ဌာနခန်းမ၌ ကျင်းပသည်။

အဆိုပါ ကလေးအလုပ်သမား ပပျောက်ရေး အသိပညာပေး ဆွေးနွေးပွဲတွင် ကျောက်တော် မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ ဆက်ဆံရေးဦးစီးဌာနဦးစီးအရာရှိ ဒေါ်ဖြူဖြူဝင်းက Talk Show ဆွေးနွေးပွဲ ပြုလုပ်ရခြင်း ရည်ရွယ်ချက်များနှင့် ကလေး အလုပ်သမား ပပျောက်ရေး အတွက် ကာကွယ်စောင့်ရှောက် ရေးနည်းလမ်းများနှင့် ပတ်သက် ၍ လက်ရှိဆောင်ရွက်ပေးနေမှု အခြေအနေတို့ကို တွေ့ဆုံ မေးမြန်းဆွေးနွေးသည်။

ဆက်လက်၍ ကျောက်တော် မြို့နယ် ဥပဒေအရာရှိ ဦးညို မင်းနိုင်က ကလေးအလုပ်သမား ပပျောက်ရေးအတွက် မိမိတို့ဌာန အနေဖြင့် ဆောင်ရွက်ပေးနေမှု အခြေအနေများ၊ ကလေးအလုပ် သမားအဓိပ္ပာယ်၊ ကလေးအလုပ် သမား အသက်အရွယ်၊ ကလေး အလုပ်သမား ပပျောက်ရေး အတွက် ဥပဒေရေးရာနှင့် ပတ်သက်ပြီး ဆောင်ရွက်ပေးနေမှု၊ ကလေးသူငယ်များအား ခိုင်းစေ ခြင်းအတွက် တားမြစ်ချက်များ၊ ကလေးသူငယ် အခွင့်အရေးများ ဆိုင်ရာ ဥပဒေများနှင့် ကလေး သူငယ်များကို အဆိုးရွားဆုံးပုံစံ ဖြင့် အလုပ်စေခိုင်းခြင်း၊ ကလေး သူငယ်များအပေါ် ခွဲခြားဆက်ဆံမှု များ ပပျောက်ရေး၊ ကလေးသူငယ် များ အသက်ရှင်သန်ခွင့်၊ ဖွံ့ဖြိုး တိုးတက်ခွင့်၊ ကာကွယ် စောင့်ရှောက်ပိုင်ခွင့်တို့ ပါဝင် သည့် အကြောင်းအရာများကို ရှင်းလင်းဆွေးနွေးကြောင်း သိရ သည်။ **ခင်မောင်ထွန်း(ပြန်/ဆက်)**

# နိုင်ငံတော်၏ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့နှင့် “ဝ” ပြည်သွေးစည်းညီညွတ်ရေးပါတီ (UWSP)ဒုတိယဥက္ကဋ္ဌ၊ အမျိုးသားဒီမိုကရက်တစ်မဟာမိတ်အဖွဲ့(NDAA)ဒုတိယဥက္ကဋ္ဌ၊ ရှမ်းပြည်တိုးတက်ရေးပါတီ(SSPP) ဒုတိယဥက္ကဋ္ဌ(၂)တို့ ဦးဆောင်သော ငြိမ်းချမ်းရေးကိုယ်စားလှယ်အဖွဲ့ တွေ့ဆုံဆွေးနွေး

နေပြည်တော် စက်တင်ဘာ ၂၇

**နိုင်ငံတော်၏ ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့နှင့် “ဝ” ပြည်သွေးစည်းညီညွတ်ရေးပါတီ (UWSP) ဒုတိယဥက္ကဋ္ဌ၊ အမျိုးသားဒီမိုကရက်တစ်မဟာမိတ်အဖွဲ့(NDAA) ဒုတိယဥက္ကဋ္ဌ၊ ရှမ်းပြည်တိုးတက်ရေး ပါတီ (SSPP) ဒုတိယဥက္ကဋ္ဌ(၂) ဦးဆောင်သော ငြိမ်းချမ်းရေး ကိုယ်စားလှယ်အဖွဲ့တို့ တွေ့ဆုံဆွေးနွေးပွဲကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ဗဟိုဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။** (ယာပုံ)



တွေ့ဆုံဆွေးနွေးပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီအဖွဲ့ဝင်၊ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၊ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေးကော်မတီဥက္ကဋ္ဌ၊ ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့ခေါင်းဆောင် ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်၊ အဖွဲ့ဝင်များဖြစ်ကြသည့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင် ဒုတိယဗိုလ်ချုပ်ကြီး မိုးမြင့်ထွန်း၊ အမျိုးသား စည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေးကော်မတီအတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး မင်းနောင်၊ အမျိုးသား စည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေးကော်မတီ အဖွဲ့ဝင်များဖြစ်ကြသည့် ဒုတိယဗိုလ်ချုပ်ကြီး မင်းနိုင်၊ ဒုတိယဗိုလ်ချုပ်ကြီး ဝင်းဗိုလ်ရှိန်၊ ဒုတိယဗိုလ်ချုပ်ကြီး အေးဝင်းနှင့် “ဝ” ပြည် သွေးစည်းညီညွတ်ရေးပါတီ (UWSP)ဒုတိယဥက္ကဋ္ဌ ဦးလော့ယာကု၊ နိုင်ငံရေးဌာနကြီးမှူး ဦးအိုက်နပ်လိုင်း၊ အမျိုးသားဒီမိုကရက်တစ် မဟာမိတ်အဖွဲ့ (NDAA) ဒုတိယဥက္ကဋ္ဌ ဦးစန်ပေ့၊ အထွေထွေအတွင်းရေးမှူး ဦးကြည်မြင့်၊ ရှမ်းပြည်တိုးတက်ရေးပါတီ(SSPP) ဒုတိယဥက္ကဋ္ဌ(၂) စဝ်ခွန်ဆိုင်၊ အတွင်းရေးမှူး(၂) စဝ်စိုင်းဆုတို့ တက်ရောက်ကြသည်။

**နှုတ်ခွန်းဆက်အမှာစကား ပြောကြား**

တွေ့ဆုံ ဆွေးနွေးပွဲတွင် ငြိမ်းချမ်းရေး ဆွေးနွေးရေးအဖွဲ့ခေါင်းဆောင် ဒုတိယ ဗိုလ်ချုပ်ကြီး ရာပြည့်နှင့် တက်ရောက်လာကြသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များကိုယ်စား “ဝ” ပြည် သွေးစည်း ညီညွတ်ရေးပါတီ (UWSP) ဒုတိယဥက္ကဋ္ဌ ဦးလော့ယာကုတို့က နှုတ်ခွန်းဆက်အမှာစကား ပြောကြားကြသည်။

ထို့နောက် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) ကို အလေးအနက်ထားပြီး စုပေါင်းရေးဆွဲခဲ့ကြရာတွင် အမျိုးသားညီလာခံကျင်းပပြီး အသိပညာရှင်၊ အတတ်ပညာရှင်၊ နိုင်ငံရေးသမားများ၊ တိုင်းရင်းသားလက်နက်ကိုင် ခေါင်းဆောင်များ ပါဝင်တက်ရောက်နိုင်ခဲ့မှု အခြေအနေ၊ ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) ပါ ဇယား ၁ ပြည်ထောင်စု ဥပဒေပြုစာရင်းနှင့် ဇယား ၂ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ဥပဒေပြုစာရင်းတို့နှင့် ပတ်သက်၍ ညှိနှိုင်းရေးကော်မတီ အဖွဲ့ဝင် ဒုတိယ ဗိုလ်ချုပ်ကြီး ဝင်းဗိုလ်ရှိန်က ရှင်းလင်းတင်ပြသည်။

**အပြန်အလှန် ဆွေးနွေး**

ယင်းနောက် ပထမအကြိမ် တွေ့ဆုံဆွေးနွေးချိန်တွင် သဘောတူညီချက်ပါအတိုင်း “ဝ” ပြည်သွေးစည်း ညီညွတ်ရေးပါတီ (UWSP)နှင့် အမျိုးသားဒီမိုကရက်တစ်မဟာမိတ်အဖွဲ့ (NDAA)တို့၏ နိုင်ငံရေး လိုလားချက်များနှင့် ပတ်သက်၍ လုပ်ဆောင်နိုင်သည့် နည်းလမ်းများအား နိုင်ငံတော်၏ ငြိမ်းချမ်းရေး ဆွေးနွေးရေးအဖွဲ့မှ ရှင်းလင်းဆွေးနွေးသည်။ ထို့နောက် တက်ရောက်လာကြသူများက မိမိတို့၏သဘောထားများ၊ လိုလားချက်များကို အပြန်အလှန် ဆွေးနွေးညှိနှိုင်းခဲ့ကြပြီး တွေ့ဆုံဆွေးနွေးပွဲ ပထမနေ့ကို ရပ်နားခဲ့သည်။ ဒုတိယနေ့ ဆွေးနွေးပွဲကို စက်တင်ဘာ ၂၈ ရက်တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# မဲခေါင်ဒေသနိုင်ငံများအတွင်းရှိ ကျွန်းပေါက်ရောက်နေသော သစ်တောများ ထိန်းသိမ်းကာကွယ်ခြင်း၊ ထာဝစဉ်တည်တံ့စေရန် စီမံအုပ်ချုပ်ခြင်းနှင့် တရားဝင်သစ်ထောက်ပံ့မှုကွင်းဆက် ရေရှည်တည်တံ့မှုမြှင့်တင်ရေးစီမံကိန်း၏ အပြီးသတ်အလုပ်ရုံဆွေးနွေးပွဲကျင်းပ

နေပြည်တော် စက်တင်ဘာ ၂၇






ယခုစီမံကိန်းသည် မဲခေါင်ဒေသတွင်းရှိ မြန်မာ၊ ကမ္ဘောဒီးယား၊ လာအို၊ ထိုင်းနှင့် ဗီယက်နမ်နိုင်ငံ စသည့် နိုင်ငံ ၅ နိုင်ငံတို့ အတူတကွ ပူးပေါင်းအကောင်အထည်ဖော် ဆောင်ရွက်နေသည့် ဒေသအဆင့် စီမံကိန်းတစ်ခုဖြစ်ကြောင်း၊ သစ်တောဦးစီးဌာနနှင့် International Tropical Timber Organization–ITTO တို့ပူးပေါင်းပြီး စီမံကိန်းကာလအတွင်း ကျွန်းမျိုးသန့်ပင်များ ရှာဖွေခြင်း၊ သစ်စေ့ထုတ်ရေိယာများ၊ မျိုးသန့်ဥယျာဉ်များ၊ ခန္ဓာပိုင်းမျိုးထုတ်ဥယျာဉ်များ၊ ဒေသမျိုးရင်းစမ်းသပ်ကွက်များ၊ စိုက်ပျိုးပင် အမျိုးမျိုးစမ်းသပ်ကွက်များ တည်ထောင်ခြင်း စသည်တို့ကို တည်ထောင်နိုင်ခဲ့ပြီး သစ်တောသုတေသနစခန်းများဖြစ်သည့် အမှတ်(၅) မိုးစွေစခန်းနှင့် အမှတ်(၇)လက်ပံခုံစခန်းများတွင် ပြုစုထိန်းသိမ်းထားရှိကြောင်း ဒုတိယဝန်ကြီး ဦးထွန်းအုံက ပြောကြားသည်။

မဲခေါင်ဒေသ နိုင်ငံများအတွင်းရှိ ကျွန်းပေါက်ရောက်နေသော သစ်တောများအား ထိန်းသိမ်း ကာကွယ်ခြင်း၊ ထာဝစဉ်တည်တံ့စေရန် စီမံအုပ်ချုပ်ခြင်းနှင့် တရားဝင်သစ်ထောက်ပံ့မှုကွင်းဆက် ရေရှည်တည်တံ့မှုမြှင့်တင်ရေး” (International Tropical Timber Organization–ITTO–Mekong –Teak Project) စီမံကိန်း၏ အပြီးသတ်အလုပ်ရုံ ဆွေးနွေးပွဲကို ယနေ့နံနက် ၈ နာရီခွဲတွင် နေပြည်တော် Grand Amara ဟိုတယ်၌ ကျင်းပရာတွင် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးထွန်းအုံက ယင်းသို့ ပြောကြားခဲ့ခြင်းဖြစ်သည်။

ဆက်လက်၍ ကမ္ဘာပေါ်တွင် သဘာဝကျွန်းပေါက်ရောက်သည့် နိုင်ငံ ၄ နိုင်ငံရှိပြီး မြန်မာနိုင်ငံသည် အဆိုပါနိုင်ငံများအနက် တစ်နိုင်ငံပါဝင်သည့်အပြင် ရှေးယခင်မင်းများ လက်ထက်ကတည်းကပင် ကျွန်းတောများကို စနစ်တကျစီမံအုပ်ချုပ်ခဲ့ကြကြောင်း၊ ယခုအခါ တစ်နိုင်ငံလုံးအနေဖြင့် ကျွန်းနှင့် သစ်မာထုတ်လုပ်မှုကို ရပ်နားပေးထားပြီး သစ်တောသယံဇာတများ ပြုစုထိန်းသိမ်းရန်အတွက် နိုင်ငံတကာနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိရာ ယခုစီမံကိန်းသည် တစ်ခုအပါအဝင် ဖြစ်ကြောင်း၊ ကျွန်းမျိုးရိုးဗီဇများ ထိန်းသိမ်းရေးနှင့် မျိုးကောင်းမျိုးသန့် ပြန့်ပွားရေးအတွက် သစ်တောဝန်ထမ်းများအပြင် ဒေသခံပြည်သူများ၏ စွမ်းဆောင်ရည်မြှင့်တင်ပေးနိုင်ရန် သင်တန်းများကိုလည်း ဖွင့်လှစ်နိုင်ခဲ့ကြောင်း၊ ၂၀၂၂–၂၀၂၃ ဘဏ္ဍာနှစ်တွင် စီမံကိန်းပြီးစီးပြီဖြစ်သည့်အတွက် ဤအလုပ်ရုံဆွေးနွေးပွဲမှ စီမံကိန်းလုပ်ငန်းဆောင်ရွက်ပြီးစီးမှု အခြေအနေများနှင့်ရလဒ်များ၊ အတွေ့အကြုံများနှင့် ကျွန်းအပါအဝင် သစ်တောသယံဇာတများ ထိန်းသိမ်းရေးလုပ်ငန်းများ၊ Timber Legality လုပ်ငန်းများအတွက် အကြံဉာဏ်များ၊ ဆွေးနွေးမှုများရရှိကြ၍ ဌာနအတွက်သာမက နိုင်ငံ့အတွက်ပါ အကျိုးရှိသည့်ဆွေးနွေးမှုရလဒ်များ ရရှိလိမ့်မည်ဟု ယုံကြည်ပါကြောင်း ဒုတိယဝန်ကြီးက ပြောကြားခဲ့သည်။

အခမ်းအနားသို့ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမင်းသူ၊ အမြဲတမ်းအတွင်းဝန် ဦးလှမောင်သိန်း၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးများ၊ ပါမောက္ခချုပ်၊ ဒုတိယအမြဲတမ်းအတွင်းဝန်၊ သစ်တောဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများ၊ သစ်တောသုတေသနဌာနမှ သုတေသီများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြကြောင်း သိရသည်။ **သတင်းစဉ်**

❖ အပြင်ထွက်တိုင်း ပါးစပ်နှင့် နှာခေါင်းစည်း (mask) ကို စနစ်တကျ မပျက်မကွက် တပ်ဆင်ပါ

# သေဒဏ်ပေးသည်ဆိုရာတွင် ............

မင်းခန့်ကျော်(ဥပဒေ)

**သေဒဏ်ဆိုသည်မှာ လူတစ်ဦးတစ်ယောက်အား နိုင်ငံတစ်နိုင်ငံ၏ အာဏာပိုင်အဖွဲ့အစည်းမှ တရားဥပဒေကြောင်းအရ ရာဇဝတ်မှုတစ်ခုအတွက် အပြစ်ဒဏ်ပေးသည့်အနေဖြင့် သတ်စေခြင်းကိုဆိုလိုပါသည်။ အင်္ဂလိပ်ဘာသာဖြင့် Capital punishment ဟု သုံးနှုန်းလေ့ရှိကြပြီး လက်တင်ဘာသာ capitalis မှ ဆင်းသက်လာသည်။ လက်တင်ဘာသာတွင် ခေါင်းနှင့်ဆိုင်သောဟု အဓိပ္ပာယ်ရပြီး ရှေးယခင်ခေတ်များက ခေါင်းဖြတ်သတ်ခြင်းကို ဆိုလိုခြင်းဖြစ်ပါသည်။ ရှေးကျသော ဥပဒေသဖြစ်သည့် ဟမ်မူရာဘီ၏ ကိုဋ္ဌပဒေ (Babylonian Code of Hammurabi)တွင် " မျက်လုံးတစ်လုံးအတွက် မျက်လုံးတစ်လုံး၊ သွားတစ်ချောင်းအတွက် သွားတစ်ချောင်း၊ အသက်တစ်ချောင်းအတွက် အသက်တစ်ချောင်း " ဆိုသည့် ဥပဒေသပါဝင်ပါသည်။**

> ❑ **တရားစီရင်ရေးဆိုင်ရာ အကာအကွယ်အတွက် ဥပဒေနှင့်အညီ တရားမျှတစွာ စီရင်ဆောင်ရွက်သော သေဒဏ်စီရင်မှုကို အပြည်ပြည်ဆိုင်ရာဥပဒေက တားမြစ်ထားခြင်းမရှိပါ။ အချုပ်အခြာအာဏာပိုင် နိုင်ငံတစ်နိုင်ငံအနေဖြင့် ရာဇဝတ်မှုဆိုင်ရာ တရားစီရင်ရေးစနစ်တွင် သေဒဏ်ချမှတ်ခြင်းကို သတ်မှတ်ပြဋ္ဌာန်းမှုအတွက် ဆုံးဖြတ်နိုင်သည့် အခွင့်အရေးရှိပါသည်။ လူတစ်ဦးတစ်ယောက်ကို တမင်ရည်ရွယ်၍ ကြိုတင်စီစဉ်သတ်ဖြတ်မှုအတွက် မဖြစ်မနေသေဒဏ်ချမှတ်ရမည်ကို ရာဇသတ်ကြီးတွင် ပြဋ္ဌာန်းထားပါသည်**
>
> ❖ **လူအမြောက်အမြားကို သတ်ဖြတ်နိုင်ရန်အတွက် အစီအမံများချမှတ်ပြီး ကြိုးကိုင်စီမံသူများသည် မည်သို့မျှပြင်ဆင်၍ မရသောအကြီးလေးတကအကြီးလေးဆုံးသော ရာဇဝတ်မှုကြီးကို ကျူးလွန်သူနှင့် ရက်ရက်စက်စက် လုယက်သတ်ဖြတ်မှုကျူးလွန်သူများကို သေဒဏ်က ကင်းလွတ်ဖို့အတွက် စာနာထောက်ထားမည်ဆိုလျှင် ကျူးလွန်ခံရသူများဘက်ကို မည်သို့မျှထည့်သွင်း မစဉ်းစားတော့ဘူးလားဆိုသည့်အချက်ကို ထည့်သွင်းစဉ်းစားရမည်ဖြစ်ပါသည်**

တရားဝင် သေဒဏ်ပေးခြင်းသည် သမိုင်းတင်သည့် ခေတ်ဦးအစကပင် ရှိခဲ့ပါသည်။ သမိုင်းမှတ်တမ်းများအရ ရှေးဦးမျိုးနွယ်စု အဖွဲ့အစည်းအမျိုးမျိုးသည် သေဒဏ်ပေးခြင်းကို ၎င်းတို့၏ တရားစီရင်ရေးစနစ်၏ တစ်စိတ်တစ်ပိုင်းအဖြစ် အသုံးပြုခဲ့ကြသည်။ သေဒဏ်ပေးခြင်းကို ရှေးယခင်အခါက လူ့အဖွဲ့အစည်းအားလုံးလိုလိုတွင် ကျင့်သုံးခဲ့ကြပါသည်။ ယခုလက်ရှိတွင် နိုင်ငံပေါင်း ၅၈ နိုင်ငံတွင် ဆက်လက်ကျင့်သုံးလျက်ရှိပြီး နိုင်ငံပေါင်း ၉၇ နိုင်ငံတွင် တရားဝင်ပယ်ဖျက်ပြီးဖြစ်ကြောင်း Wikipedia တွင် ဖော်ပြထားသည်ကို တွေ့ရပါသည်။

## သေဒဏ်ပေးခြင်း ဆက်လက်ကျင့်သုံး

နိုင်ငံအတော်များများတွင် သေဒဏ်ပေးမှုကို ဖျက်သိမ်းပြီးဖြစ်သော်လည်း ကမ္ဘာ့လူဦးရေ၏ ၆၀ ရာခိုင်နှုန်းသည် သေဒဏ်ပေးခြင်း မဖျက်သိမ်းသေးသော နိုင်ငံများတွင် နေထိုင်နေကြပါသည်။ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ အမေရိကန်ပြည်ထောင်စု၊ အိန္ဒိယနိုင်ငံနှင့် အင်ဒိုနီးရှားနိုင်ငံ အစရှိသော ကမ္ဘာပေါ်တွင် လူဦးရေအများဆုံးသော နိုင်ငံကြီးများက သေဒဏ်ပေးခြင်းကို ဆက်လက်ကျင့်သုံးနေကြသောကြောင့်ပင်ဖြစ်သည်။

သေဒဏ်ပေးခြင်း ကျင့်သုံးသော နိုင်ငံအတော်များများတွင် သေဒဏ်ပေးခြင်းကို လူသတ်မှု၊ သူလျှိုမှု၊ နိုင်ငံတော်သစ္စာဖောက်မှုများနှင့် စစ်ဘက်ဆိုင်ရာ တရားစီရင်မှုများတွင်သာ အသုံးပြုလေ့ရှိပါသည်။ အချို့သော နိုင်ငံများတွင် မုဒိမ်းမှု၊ မယားခိုးမှု၊ သဘာဝနှင့် ဆန့်ကျင်၍ လိင်ဆက်ဆံမှု အစရှိသော လိင်ပိုင်းဆိုင်ရာ ရာဇဝတ်မှုများအတွက် သေဒဏ်ပေးခြင်း ပြုလေ့ရှိပါသည်။ သေဒဏ်ပေးခြင်းကို ကျင့်သုံးသော နိုင်ငံအတော်များများတွင် မူးယစ်ဆေးဝါးမှောင်ခို ကုန်သွယ်ခြင်းသည်လည်း သေဒဏ်ပေးရလောက်အောင် ကြီးကျယ်သောပြစ်မှုဖြစ်ပါသည်။ တရုတ်နိုင်ငံတွင် လူကုန်ကူးခြင်းနှင့် နိုင်ငံရေးဆိုင်ရာ အကြီးအကျယ် ခြစားခြင်းတို့ကိုလည်း သေဒဏ်အပြစ်ပေးလေ့ရှိပါသည်။ နိုင်ငံတကာရှိ တပ်မတော်များတွင် သူရဲဘောကြောင်ခြင်း၊ တပ်ပြေးခြင်း၊ အမိန့်မနာခံခြင်းနှင့် တပ်တွင်းသူပုန်ထခြင်း ပြစ်မှုများတွင် စစ်ဘက်ဆိုင်ရာ တရားရုံးများမှ သေဒဏ် ချမှတ်လေ့ရှိကြပါသည်။

သေဒဏ်ပေးခြင်းကို ပြန်လည်ပြင်ဆင်၍ မရနိုင်သော ကိစ္စရပ်များအတွက်သာ အသုံးပြုသင့်သည်ဟု ပလေတိုက ဆိုပါသည်။ တစ်ပါးသူ၏ အသက်ကို တမင်ရည်ရွယ်သော လုပ်ဆောင်မှုဖြင့် ဆုံးရှုံးစေခြင်းသည် ပြန်လည်ပြင်ဆင်၍ရသောကိစ္စ ဟုတ်ပါသလား။ နစ်နာဆုံးရှုံးသူများဘက်ကို ထည့်သွင်းစဉ်းစားရန်လိုပါသည်။ ဥပဒေနှင့်အညီ သေဒဏ်ပေးခြင်းကို ဥပဒေမဲ့တရားမဲ့သတ်ဖြတ်ခြင်းနှင့် မရောထွေးရန်လိုပါသည်။ လူသတ်မှုကျူးလွန်ခြင်းသည် တစ်ပါးသူ၏အသက်ကို နုတ်ယူခြင်းဖြစ်၍ လူသတ်သူ၏ အသက်ကိုလည်း ပြန်လည်နုတ်ယူသင့်သည်ဟု သေဒဏ်ပေးခြင်းကို ထောက်ခံသူများက ယုံကြည်ကြပါသည်။ သေဒဏ်ပေးခြင်းသည် ခံစားရသူများ၏ ဆွေမျိုးသားချင်းများအပြင် ဥပဒေလိုက်နာသည့် နိုင်ငံသားများအား ပြစ်မှုကျူးလွန်သူကို ပြစ်ဒဏ်ပေးကြောင်း ပြသခြင်းဖြစ်ပါသည်။ အကြမ်းဖက် ပြစ်မှုကျူးလွန်သူများကို တားဆီးရန်မှာ ထောင်ဒဏ်ပေးခြင်းသည် မလုံလောက်ကြောင်း သေဒဏ်ပေးခြင်းကို ထောက်ခံသူများက ဆိုပါသည်။

စင်ကာပူနိုင်ငံသည် သေဒဏ်ပေးခြင်းကို ဆက်လက်ကျင့်သုံးလျက်ရှိသော နိုင်ငံဖြစ်ပါသည်။ စင်ကာပူနိုင်ငံသားအများစုက ကြီးလေးသောပြစ်မှုများကို တားဆီးရန်အတွက် ထောင်ဒဏ်တစ်သက်ချမှတ်ခြင်းထက် သေဒဏ်ချမှတ်ခြင်းက ပိုမိုထိရောက်ကြောင်း ယုံကြည်ကြပါသည်။ စင်ကာပူနိုင်ငံတွင် သတ်မှတ်ပမာဏထက် ကျော်လွန်ပြီး မူးယစ်ဆေးဝါး တရားမဝင်ရောင်းဝယ်ခြင်းအတွက် သေဒဏ်သတ်မှတ်ထားပါသည်။

သေဒဏ်ဖျက်သိမ်းရေး လှုပ်ရှားမှုများရှိနေသော်လည်း နိုင်ငံအများအပြားသည် သေဒဏ်ပေးခြင်းကို ဆက်လက်ကျင့်သုံးမှုရှိသည့်အပြင် သေဒဏ်ပေးနိုင်သည့် နယ်ပယ်ကို တိုးချဲ့လာကြသည်ကို တွေ့ရှိရပါသည်။ နိုင်ငံပေါင်း ၃၀ ကျော်တွင် သတ်မှတ်ထားသည့် မူးယစ်ဆေးဝါးရောင်းချမှုကို သေဒဏ်ပေးနိုင်သောပြစ်မှုအဖြစ် သတ်မှတ်ပါသည်။ အီရန်၊ စင်ကာပူ၊ မလေးရှားနှင့် ဖိလစ်ပိုင်နိုင်ငံတို့တွင် တရားမဝင် မူးယစ်ဆေးဝါး အနည်းငယ်သောပမာဏ လက်ဝယ်ထားရှိမှုအတွက် မဖြစ်မနေ သေဒဏ် (mandatory death sentence)ချမှတ်ရန် သတ်မှတ်ထားပါသည်။ စင်ကာပူနိုင်ငံသည် မူးယစ်ဆေးဝါးအမှုအတွက် ပြစ်ဒဏ်ချမှတ်သူများအနက် လေးပုံသုံးပုံကို သေဒဏ်စီရင်ခဲ့ပါသည်။

## နိုင်ငံပေါင်း ၃၀ ကျော် သေဒဏ်စီရင်ခြင်းဆောင်ရွက်

သေဒဏ်ကို ဆက်လက်ကျင့်သုံးသည့် နိုင်ငံများအနက် နိုင်ငံပေါင်း ၃၀ ကျော်တွင် သေဒဏ်စီရင်ခြင်းကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါသည်။ အမေရိကန်ပြည်ထောင်စုရှိ ပြည်နယ်များ၏ ၆၀ ရာခိုင်နှုန်းနှင့် ဖက်ဒရယ်အစိုးရသည် သေဒဏ်ကို ဆက်လက်ကျင့်သုံးလျက် ရှိပါသည်။ ၁၉၇၆ ခုနှစ်မှစတင်၍ အမေရိကန်ပြည်ထောင်စု၏ Texas, Virginia, Florida, Missouri, Louisiana နှင့် Oklahoma ပြည်နယ်များတွင် သေဒဏ်စီရင်မှုများ၏ သုံးပုံနှစ်ပုံကို စီရင်ဆောင်ရွက်ခဲ့ပါသည်။ ကမ္ဘာတစ်ဝန်း သေဒဏ်ချမှတ်မှုများသည် နှစ်အလိုက်ပြောင်းလဲမှုရှိသော်လည်း ဘီလာရုစ်၊ ကွန်ဂို၊ အီရန်၊ ဂျော်ဒန်၊ နိုင်ဂျီးရီးယား၊ ဆော်ဒီအာရေဘီးယား၊ စင်ကာပူ၊ ထိုင်ဝမ်၊ ဗီယက်နမ်နှင့် ယီမင်နိုင်ငံများအပါအဝင် အချို့သော နိုင်ငံများတွင် သေဒဏ်စီရင်မှုကို ပုံမှန်အတိုင်း ဆောင်ရွက်လျက်ရှိပါသည်။ ဂျပန်နှင့် အိန္ဒိယနိုင်ငံတို့သည် သေဒဏ်သတ်မှတ်မှုကို ဆက်လက်ကျင့်သုံးလျက်ရှိပြီး သေဒဏ်စီရင်မှုကို အခါအားလျော်စွာ ဆောင်ရွက်လျက်ရှိပါသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က ရုရှားဖက်ဒရေးရှင်းနိုင်ငံ Rossiya Segodnya သတင်းအေဂျင်စီ၊ RIA သတင်းဌာနမှ အထူးသတင်းထောက် Ms. Kukushkina Tatiana ၏ တွေ့ဆုံမေးမြန်းမှုကို ဖြေကြားရာတွင် " No One Above the Law မည်သူမျှ တရားဥပဒေအထက်မှာမရှိဘူးဆိုတဲ့ စကားလေးတစ်ခုရှိပါတယ်။ သူတို့ပြစ်ဒဏ်စီရင်ခြင်းခံရတဲ့ ၄ ယောက်နဲ့ပတ်သက်လို့ရှိရင် ဒီ ၄ ယောက်မှာ နှစ်ပိုင်းခွဲတွေ့ရပါတယ်။ အုပ်စုပေါ့လေ။ တစ်အုပ်စုကတော့ ခုနကမေးတဲ့အထဲမှာ NLD ပါတီဝင်ဆိုတဲ့ အမာခံပါတီဝင် ခေါင်းဆောင်ပိုင်း ပါတီဝင်ပေါ့လေ။ သူတို့တွေနဲ့ပတ်သက်တာဖြစ်ပါတယ်။ အဲဒီတော့ ဒီမှာလည်း နိုင်ငံမှာဖြစ်ပေါ်လာခဲ့တဲ့ ဆူပူအကြမ်းဖက်မှုနဲ့ ပတ်သက်ပြီးတော့ ဒီအထိကတော့ ကျွန်တော်တို့အနေနဲ့ ဘာမှပြဿနာမရှိဘူး။ သို့သော်လည်း သတ်ဖြတ်တဲ့အချိန်၊ မိုင်းထောင်ဖောက်ခွဲသတ်ဖြတ်တဲ့ အခြေအနေမျိုးကျရင်တော့ ဘာကြောင့်ဒီပြဿနာဖြစ်လာလဲဆိုတာ ကျွန်တော်တို့ ဒီအဖြေထုတ်ရမယ်။ အဲဒီတော့ ကျွန်တော်တို့ အဖြေထုတ်တဲ့အခါမှာ ဒီလူတွေက အကြမ်းဖက် သတ်ဖြတ်မှုအတွက် တစ်အချက် စီမံဆောင်ရွက်ခဲ့တာတွေရှိတယ်။ သူတို့အားပေးခဲ့တာရှိတယ်။ သူတို့ရဲ့ လုပ်ဆောင်ချက်တွေကြောင့် ပြည်သူတွေအများကြီး သေကျေခဲ့တာရှိတယ်။ သေတဲ့အထဲမှာ နိုင်ငံ့ဝန်ထမ်းတွေပါတယ်။ အပြစ်မဲ့တဲ့ပြည်သူတွေပါတယ်။ နောက် ဆရာ၊ ဆရာမတွေပါတယ်။ ကျန်းမာရေးဝန်ထမ်းတွေပါတယ်။ ရဟန်းသံဃာတွေပါတယ်။ သီလရှင်တွေပါတယ်။ ဒါတွေက သူတို့ရဲ့ကြံစည်မှုတွေကြောင့်၊ သူတို့ရဲ့ အားပေးမှုတွေကြောင့်၊ သူတို့ရဲ့စီမံမှုတွေကြောင့် ဖြစ်လာခဲ့တဲ့ဟာတွေဖြစ်တယ်။ ဒါတွေကတော့ ဥပဒေအရလည်း အရေးယူရမှာ ဖြစ်ပါတယ်။ ထို့အတူပဲ နောက်နှစ်ယောက်လည်း ရက်ရက်စက်စက်နဲ့ လူသတ်တဲ့ကိစ္စဖြစ်ပါတယ်။ ခင်ဗျားကို ကျွန်တော် ဥပမာတစ်ခုပြောပြမယ်။ လူတစ်ယောက်ကို သတ်တယ်ပေါ့နော်။ သေနတ်နဲ့ပစ်သတ်မယ်။ တစ်ချက်ချင်းပစ်တယ်။ တစ်ချက်တည်းပစ်ပြီး သေသွားတဲ့ဟာရှိမယ်၊ မသေတာလည်းရှိမယ်၊ တစ်ချက်ထိပြီးတော့ သူရှောင်သွားမယ်။ သို့သော်လည်း သူလူသတ်တာပဲ။ သို့သော် နှစ်ချက်ပစ်မယ်၊ သုံးချက်ပစ်မယ်၊ လေးချက်ပစ်မယ်၊ ငါးချက်ပစ်မယ်ဆိုရင်တော့ ဒါတွေတကယ့်ကို သေအောင်လုပ်တဲ့ ရည်ရွယ်ချက်နဲ့ လုပ်တာဖြစ်တယ်။ အခုလုပ်တဲ့သူတွေက အဲဒီလိုလူတွေဖြစ်ပါတယ်။ တစ်ချက်နဲ့မဟုတ်ဘဲနဲ့ နှစ်ချက်၊ သုံးချက်၊ လေးချက်၊ ငါးချက် သေနတ်နဲ့ ပစ်တယ်၊ ဓားနဲ့ ထိုးတယ်၊ ဒီလိုလူမျိုးကို ကျွန်တော်တို့ အပြစ်ပေးခြင်းဖြစ်ပါတယ်။ ခင်ဗျားတို့ ဘယ်လိုဒီလိုလူမျိုးကို ဘယ်လိုလုပ်ခွင့်လွှတ်လို့ရတော့မလဲ။ သူတို့သတ်ထားတဲ့ လူတွေရဲ့မိသားစုတွေ ဘယ်လိုခံစားရမလဲ။ ဒါလည်း သူတို့ပြန်ကြည့်ရမှာဖြစ်ပါတယ်။ ဒါကြောင့် ကျွန်တော်တို့ အရင်ကမလုပ်ခဲ့ဘူး။ သို့သော်လည်းပဲ ဒီတစ်ခါမှာ ရက်ရက်စက်စက်ကို လုပ်လွန်း အားကြီးတဲ့အတွက်ကြောင့် ဒီပြစ်ဒဏ်ကိုပေးဖို့အတွက် ဆုံးဖြတ်ခဲ့ခြင်းဖြစ်တယ် " ဟု ဖြေကြားခဲ့ပါသည်။

## အပြည်ပြည်ဆိုင်ရာဥပဒေက တားမြစ်ထားခြင်းမရှိ

တရားစီရင်ရေးဆိုင်ရာ အကာအကွယ်အတွက် ဥပဒေနှင့်အညီ တရားမျှတစွာ စီရင်ဆောင်ရွက်သော သေဒဏ်စီရင်မှုကို အပြည်ပြည်ဆိုင်ရာဥပဒေက တားမြစ်ထားခြင်းမရှိပါ။ အချုပ်အခြာအာဏာပိုင် နိုင်ငံတစ်နိုင်ငံအနေဖြင့် ရာဇဝတ်မှုဆိုင်ရာ တရားစီရင်ရေးစနစ်တွင် သေဒဏ်ချမှတ်ခြင်းကို သတ်မှတ်ပြဋ္ဌာန်းမှုအတွက် ဆုံးဖြတ်နိုင်သည့် အခွင့်အရေး ရှိပါသည်။ လူတစ်ဦးတစ်ယောက်ကို တမင်ရည်ရွယ်၍ ကြိုတင်စီစဉ် သတ်ဖြတ်မှုအတွက် မဖြစ်မနေ သေဒဏ်ချမှတ်ရမည်ကို ရာဇသတ်ကြီးတွင် ပြဋ္ဌာန်းထားပါသည်။ လူအမြောက်အမြားကို သတ်ဖြတ်နိုင်ရန်အတွက် အစီအမံများချမှတ်ပြီး ကြိုးကိုင်စီမံသူများသည် မည်သို့မျှပြင်ဆင်၍ မရသော အကြီးလေးတက အကြီးလေးဆုံးသော ရာဇဝတ်မှုကြီးကို ကျူးလွန်သူနှင့် ရက်ရက်စက်စက် လုယက်သတ်ဖြတ်မှုကျူးလွန်သူများကို သေဒဏ်က ကင်းလွတ်ဖို့အတွက် စာနာထောက်ထားမည်ဆိုလျှင် ကျူးလွန်ခံရသူများဘက်ကို မည်သို့မျှထည့်သွင်း မစဉ်းစားတော့ဘူးလား ဆိုသည့်အချက်ကို ထည့်သွင်းစဉ်းစားရမည် ဖြစ်ပါသည်။ လူ့အသက်များကို ဥပဒေမဲ့သတ်ဖြတ်နေမှုများအား ဟန့်တားရန်အတွက် သေဒဏ်ပေးရခြင်းအကြောင်းကို အစွဲများခွာချပြီး ယထာဘူတကျကျဖြင့် ရှုမြင်ကြရန် လိုအပ်ပါကြောင်း ရေးသားတင်ပြလိုက်ရပေသည်။

# စစ်ကိုင်းတိုင်းဒေသကြီး လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ အစည်းအဝေးအမှတ်စဉ် ( ၄/ ၂၀၂၂) ကျင်းပ

## လယ်ယာမြေအငြင်းပွားမှုပြဿနာများ၏ စီစစ်ဆုံးဖြတ်ချက်များကို ဥပဒေ၊ နည်းဥပဒေညွှန်ကြားချက်များနှင့်အညီ ဆောင်ရွက်



**မုံရွာ စက်တင်ဘာ ၂၇**

စစ်ကိုင်းတိုင်းဒေသကြီး လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ အစည်းအဝေး အမှတ်စဉ် (၄/၂၀၂၂) ကို ယနေ့ မွန်းလွဲပိုင်းတွင် တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ကျင်းပရာ အစည်းအဝေးသို့ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကျော်၊ တိုင်းဒေသကြီး လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး ဝင်းတင်စိုး၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်များ၊ တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာများ၊ တိုင်းဒေသကြီး လယ်ယာမြေစီမံခန့်ခွဲမှု အဖွဲ့ဝင်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။(ယာပုံ)

ရှေးဦးစွာ တိုင်းဒေသကြီး လယ်ယာမြေ စီမံခန့်ခွဲမှုအဖွဲ့ဥက္ကဋ္ဌ၊ တိုင်းဒေသကြီးဝန်ကြီးချုပ်က တိုင်းဒေသကြီး လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ဝင်များအနေဖြင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် စီးပွားဖြစ် စိုက်ပျိုးရေး၊ မွေးမြူရေး၊ ဓာတ်သတ္တုထုတ်လုပ်ခြင်း၊ အစိုးရကခွင့်ပြုထားသည့် ဥပဒေနှင့် ညီညွတ်သည့် အခြားလုပ်ငန်းများကို ထိရောက်မှန်ကန်စွာ အသုံးချစီမံဆောင်ရွက်နိုင်စေရန်အတွက် လယ်ယာမြေ နည်းဥပဒေများနှင့်အညီ တိုင်းဒေသကြီး လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ဝင်များက ဝိုင်းဝန်းပူးပေါင်းကာ နိုင်ငံအကျိုးကို ရှေးရှုဆောင်ရွက်၍ အဂတိကင်းရှင်းစွာဖြင့် အမျှတဆုံးဖြစ်အောင် ပွင့်ပွင့်လင်းလင်းဖြင့် လုပ်ငန်းများဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း၊ တိုင်းဒေသကြီး လယ်ယာမြေစီမံခန့်ခွဲမှု အဖွဲ့ဝင်များအားလုံးအနေဖြင့် လုပ်ငန်းများ ဆောင်ရွက်ရာတွင် ပုဂ္ဂိုလ်ရေးရင်းနှီးခြင်း၊ မရင်းနှီးခြင်းများကိုရှောင်ရှားပြီး နိုင်ငံတော်စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးနှင့် မြေယာမဲ့နိုင်ငံသားများ၊ ဒေသခံများ၏ အလုပ်အကိုင် အခွင့်အလမ်းများကိုလည်း ရရှိစေမည်ဖြစ်ကြောင်း၊ မိမိတို့အနေဖြင့် လယ်ယာမြေ အငြင်းပွားမှုပြဿနာများ၏ စိစစ်ဆုံးဖြတ်ချက်များကို ဥပဒေ၊ နည်းဥပဒေ ညွှန်ကြားချက်များနှင့်အညီ ဆောင်ရွက်သွားကြရန် ဖြစ်ကြောင်း ပြောကြားသည်။

ယင်းနောက် တိုင်းဒေသကြီး လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနမှ တိုင်းဒေသကြီး ဦးစီးမှူး ဦးသန်းလွင်က လယ်ယာမြေအခြားနည်း သုံးစွဲခွင့်၊ လုပ်ပိုင်ခွင့် လျှောက်ထားခြင်းများနှင့် ပတ်သက်၍ ရှင်းတင်းတင်ပြပြီး အစည်းအဝေးသို့ တက်ရောက်လာကြသော တိုင်းဒေသကြီး လယ်ယာမြေ စီမံခန့်မှုအဖွဲ့ဝင်များက လုပ်ငန်းများနှင့် ပတ်သက်၍ ဆွေးနွေးတင်ပြကြသည်။

ယင်းနောက် တိုင်းဒေသကြီး လယ်ယာမြေ စီမံခန့်ခွဲမှု ကော်မတီဥက္ကဋ္ဌ၊ တိုင်းဒေသကြီး ဝန်ကြီးချုပ်က လယ်ယာမြေအခြားနည်း သုံးစွဲခွင့်၊ လုပ်ပိုင်ခွင့် လျှောက်ထားခြင်းများနှင့် ပတ်သက်၍ ဆွေးနွေးတင်ပြချက်များအပေါ် လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ဖြည့်ဆည်းပေါင်းစပ်ဆောင်ရွက်ပေးကာ နိဂုံးချုပ်စကားပြောကြားပြီး အစည်းအဝေးကို ရုပ်သိမ်းကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

# လာမည့်ပညာသင်နှစ်မှ စတင်ပြီး ခရိုင် ၅၀ ရှိ အခြေခံပညာအထက်တန်းကျောင်း ၅၀ တွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် စက်မှုပေါင်းစည်း အထက်တန်းကျောင်းများ တွဲဖက်ဖွင့်လှစ်သွားမည်



**နေပြည်တော် စက်တင်ဘာ ၂၇**

လာမည့်ပညာသင်နှစ်မှ စတင်ပြီး ခရိုင် ၅၀ ရှိ အခြေခံပညာအထက်တန်းကျောင်း ၅၀ တွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် စက်မှုပေါင်းစည်း အထက်တန်းကျောင်းများ တွဲဖက်ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဇော်ဝင်းက ယနေ့ကျင်းပသည့် ပြည်တွင်းနေရပ်စွန့်ခွာသူများ ပြန်လည်နေရာချထားရေးနှင့် ယာယီခိုလှုံရာစခန်းများ ပိတ်သိမ်းရေးဆိုင်ရာ အမျိုးသားအဆင့် ကော်မတီ၏ ပညာရေးနှင့် ကျန်းမာရေးလုပ်ငန်း ကော်မတီ (ပထမအကြိမ်) အစည်းအဝေးတွင် ထည့်သွင်းပြောကြားသည်။

ဆက်လက်၍ ပညာရေးနှင့် ကျန်းမာရေးလုပ်ငန်းကော်မတီ ဥက္ကဋ္ဌ၊ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးက ပညာရေးဝန်ကြီးဌာနအနေဖြင့် ကျောင်းနေအရွယ်ကလေးတိုင်း ပညာသင်ယူမှု အခွင့်အလမ်းများရရှိစေရန်အတွက် မည်သည့်ခွဲခြားမှုမျိုးမှ မရှိစေဘဲ ကျောင်းသို့ရောက်ရှိစေရန် ပုံစံအမျိုးမျိုးဖြင့် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း၊ နိုင်ငံသားတိုင်း KG+9 အခြေခံပညာသင်ယူပြီးမြောက်ရေးကို အကောင်အထည်ဖော် ဆောင်ရွက်နေကြောင်း၊ KG+9 အောင်မြင်ပြီးသူများအနေဖြင့် စိုက်ပျိုးရေးအထက်တန်းကျောင်း၊ မွေးမြူရေးအထက်တန်းကျောင်းနှင့် နည်းပညာအထက်တန်း ကျောင်းများသို့ တက်ရောက်လိုပါက တက်ရောက်နိုင်ကြောင်း၊ KG+9 ပြီးမြောက်သည်နှင့် သက်မွေးပညာသင်ကြားလိုသူများ ဆက်လက်သင်ယူနိုင်ရေးအတွက် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနတို့နှင့် ပူးပေါင်းချိတ်ဆက် ဆောင်ရွက်ထားကြောင်း ပြောကြားသည်။

အဆိုပါ အစည်းအဝေးကို ယနေ့နံနက်ပိုင်းက နေပြည်တော်ရှိ ပညာရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပခြင်းဖြစ်ပြီး လုပ်ငန်းကော်မတီဥက္ကဋ္ဌ၊ ကော်မတီအဖွဲ့ဝင်များနှင့် တာဝန်ရှိသူများ၊ တိုင်းဒေသကြီး/ပြည်နယ် ပညာရေးမှူးများ၊ ကုသရေးဦးစီးမှူးများ တက်ရောက်ကြကာ ပြန်လည်နေရာချထားရေးအတွက် ဆောင်ရွက်ထားရှိမှု၊ ကျောင်းပြင်ပ ပညာရေးလုပ်ငန်းဆိုင်ရာ ဆောင်ရွက်နေမှု၊ ပြည်နယ်အတွင်း ကိုဗစ်-၁၉ ကူးစက်ရောဂါ ကာကွယ်ရေး၊ ကုသရေး ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရှိမှုနှင့် လုပ်ငန်းကော်မတီအလိုက် လုပ်ငန်းများဆောင်ရွက်နေမှု အခြေအနေများကို တင်ပြဆွေးနွေးကြကြောင်း သိရသည်။

ထို့ပြင် ယင်းအစည်းအဝေး၌ ဒုတိယဝန်ကြီးက ၂၀၂၂-၂၀၂၃ ပညာသင်နှစ်တွင် ရခိုင်ပြည်နယ်ရှိ ကျောင်းပေါင်း ၃၃၁၆ ကျောင်း၌ ဆရာ ဆရာမ ၂၅၆၁၁ ဦးဖြင့် ကျောင်းသားဦးရေ ၅၅၉၉၀၇ ဦးကို ပညာသင်ကြားပေးလျက်ရှိကြောင်း၊ ယခုပညာသင်နှစ်တွင် မူလတန်းအဆင့်သင်၊ အလယ်တန်းအဆင့်သင်၊ အထက်တန်းအဆင့်သင် ကျောင်းပေါင်း ၁၉၂ ကျောင်းကို ကျောင်းအဆင့်တိုးမြှင့်ပေးခဲ့ကြောင်း၊ နေရပ်စွန့်ခွာသူများအတွက် အခြေခံလိုအပ်ချက်များ ဖြည့်ဆည်းပေးရာတွင် ပညာရေးကဏ္ဍအနေဖြင့် လိုအပ်သည်များကို မူဝါဒ၊ လမ်းညွှန်ချက်များနှင့်အညီ စနစ်တကျ အကောင်းဆုံးဖြစ်အောင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ အလုပ်အကိုင် အခွင့်အလမ်းများ တိုးမြှင့်ရရှိစေရေးအတွက် ပြန်လည် ဝင်ရောက်လာသည့် ကလေးများ၏ အသက်အရွယ်၊ ဉာဏ်ပညာနှင့် လိုက်ဖက်စွာ KG+9 အခြေခံပညာသင်ယူနိုင်ရေးအတွက် စနစ်တကျ ဆောင်ရွက်ပေးနိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း၊ ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့်လည်း ကျန်းမာရေးဆိုင်ရာ ဆောင်ရွက်မှုများကို စနစ်တကျ အကောင်အထည်ဖော်ဆောင်ရွက်လျက် ရှိကြောင်း၊ ကော်မတီအဖွဲ့များအနေဖြင့် မိမိတို့ တာဝန်ကျရာ ကဏ္ဍအလိုက် လုပ်ငန်းများ အောင်မြင်ပြီးမြောက်ရေးအတွက် အဘက်ဘက်က ဝိုင်းဝန်းပူးပေါင်း အကောင်အထည်ဖော် ဆောင်ရွက်ကြစေလိုကြောင်း ပြောကြားသည်။

**သတင်းစဉ်**

# ဝေါမြို့နယ်၌ ပဲခူး - စစ်တောင်းတူးမြောင်းအတွင်း ငါးမျိုးစိုက်ထည့်ပွဲကျင်းပ



**ဝေါ စက်တင်ဘာ ၂၇**

ပဲခူးတိုင်းဒေသကြီး ဝေါမြို့နယ် ငါးလုပ်ငန်းဦးစီးဌာနက သဘာဝမြစ်ချောင်းများအတွင်း ငါးသယံဇာတများ ရေရှည်တည်တံ့စေရန်နှင့် ကျေးလက်နေပြည်သူများ ငါးရိက္ခာ ပိုမိုစားသုံးနိုင်စေရန် ရည်ရွယ်၍ ပဲခူး-စစ်တောင်း တူးမြောင်းအတွင်း ငါးမျိုးစိုက်ထည့်ပွဲကို ယနေ့ နံနက်ပိုင်းက ဝေါ ကားလမ်းတံတားထိပ်၌ ကျင်းပသည်။

ရှေးဦးစွာ ငါးမျိုးစိုက်ထည့်ရခြင်းနှင့်ပတ်သက်၍ မြို့နယ် ငါးလုပ်ငန်းဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်ခင်မျိုးနိုင်က ရှင်းလင်းပြောကြားပြီး ပဲခူးခရိုင် ငါးလုပ်ငန်းဦးစီးဌာနမှ ဦးစီးမှူး ဦးဇော်မြင့်နိုင်နှင့် တာဝန်ရှိသူများက ငါးမျိုးအိတ်များအား တက်ရောက်လာသူများထံ လွှဲပြောင်းပေးအပ်သည်။

ထို့နောက် ခရိုင်ငါးလုပ်ငန်း ဦးစီးဌာနမှ ဦးစီးမှူးနှင့် တာဝန်ရှိသူများ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးသီဟထွန်းနှင့် အဖွဲ့ဝင်များ၊ မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် မြို့နယ် ငါးလုပ်ငန်း ကြီးကြပ်မှု ကော်မတီဝင်များက ပဲခူး-စစ်တောင်း တူးမြောင်းအတွင်း ငါးမြစ်ချင်း ကောင်ရေ ၃၇၀၀၀၀ တို့ကို ငါးမျိုးစိုက်ထည့်ကြကြောင်း သိရသည်။

**အောင်မြတ်လင်း**
**(ပြန်/ဆက်)**

# ဧရာဝတီတိုင်းဒေသကြီး မြောင်းမြမြို့ ညောင်ချောင်းလေးကျေးရွာတွင် လောင်စာတောင့်စက်ရုံဖွင့်ပွဲ ကျင်းပ

မြောင်းမြ စက်တင်ဘာ ၂၇

**ဧရာဝတီတိုင်းဒေသကြီး မြောင်းမြမြို့နယ် ပိုးလောင်းကျေးရွာအုပ်စု ညောင်ချောင်းလေးကျေးရွာတွင် SSBE Myanmar Group Co ., Ltd ၏ လောင်စာတောင့် စက်ရုံဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီက ကျင်းပရာ ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် တက်ရောက်ဖွင့်လှစ်ပေးခဲ့သည်။**




လောင်စာတောင့်စက်ရုံ ဖွင့်ပွဲအခမ်းအနားကို ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင်မောင်ဝင်း၊ စီးပွားရေးရာဝန်ကြီး ဦးတင်အေး၊ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်အောင်အောင်၊ SSBE ကုမ္ပဏီမှ မန်နေးဂျင်းဒါရိုက်တာ မစ္စတာဖုန့်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးသည်။

ယင်းနောက် ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ်က ဧရာဝတီတိုင်းဒေသကြီးတွင် နွေစပါး၊ မိုးစပါး ကေငါးသန်းကျော်ရှိ၍ စပါးတင်းသိန်းပေါင်းလေးထောင်ကျော်ထွက်ရာ စပါးခွံများတောင်လိုပုံနေကြောင်း၊ ယခုစပါးခွံများကို အကျိုးရှိအောင်အသုံးချ၍ရပြီဖြစ်ကြောင်း၊ အမှန်အသုံးချ နိုင်အောင် အကောင်အထည်ဖော်နိုင်ရန်လိုကြောင်း၊ စပါးခွံသာမက မြေပဲခွံများကိုလည်း လောင်စာတောင့်အဖြစ်အသုံးချ၍ရကြောင်းကို သိရကြောင်း၊ MSME ကို ကိုယ့်တိုင်းဒေသကြီးတွင်ရှိသည့် ကုန်ကြမ်းများဖြင့်လုပ်မှသာ ရေရှည်ဖွံ့ဖြိုး တိုးတက်မည်ဖြစ်ကြောင်း၊ မိမိတိုင်းဒေသကြီးတွင် ကုန်ကြမ်းများစွာရှိကြောင်း၊ စပါးခွံမှ လောင်စာစွမ်းအင်ဖြင့် လျှပ်စစ်ဓာတ်အားရရှိအောင်ထုတ်နိုင်ကြောင်းသိရ၍ တိုင်းဒေသကြီး အတွင်းရှိကျေးရွာများ လျှပ်စစ်လိုအပ်မှုကို ဖြည့်ဆည်းပေးနိုင်ကြောင်း ပြောကြားသည်။

ထို့နောက် SSBE ကုမ္ပဏီမှ မန်နေးဂျင်းဒါရိုက်တာ မစ္စတာဖုန့်က စက်ရုံ၏ လုပ်ငန်းဆောင်ရွက်နေမှုများကို ရှင်းလင်းတင်ပြပြီး ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် အစိုးရအဖွဲ့ဝင်များသည် စက်ရုံအတွင်း လုပ်ငန်းဆောင်ရွက်နေမှုများကို လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

ဆက်လက်၍ ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ်သည် မြောင်းမြပညာရေးဒီဂရီကောလိပ်တွင် ကျောင်းသားကျောင်းသူများနှင့်တွေ့ဆုံအမှာစကား ပြောကြားပြီး ဆန်၊ ဆီ၊ ကြက်ဥများ ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

---

❖ *ကျော့ဖုံးမှ*

အသည်းအစားထိုး ခွဲစိတ်ကုသမှုကို တပ်မတော်ဆေးတက္ကသိုလ် ပါမောက္ခချုပ် ဗိုလ်မှူးချုပ် ခင်အောင်ထွန်းနှင့် ဒုတိယဗိုလ်မှူးကြီး သူရိန်ကျော်မြင့် တို့ ဦးစီးသော ခွဲစိတ်ပါရဂူအဖွဲ့၊ ပါမောက္ခ ဗိုလ်မှူးကြီး ဒေါ်ယုအေးလတ် ဦးစီးသော မေ့ဆေးနှင့် အထူးကြပ်မတ်ကုသမှုအဖွဲ့တို့နှင့် အိန္ဒိယနိုင်ငံ နယူးဒေလီမြို့ရှိ Apollo Hospital မှ အသည်းအစားထိုးခွဲစိတ်ဆရာဝန်ကြီး Dr. Neerav Goyal ဦးဆောင်သော အသည်းအစားထိုး ခွဲစိတ်ကုသမှုအဖွဲ့တို့က ပူးပေါင်းဆောင်ရွက်ခဲ့ကြခြင်းဖြစ်သည်။

အိန္ဒိယနိုင်ငံမှ အသည်းအစားထိုးခွဲစိတ်ကုသမှုအဖွဲ့တွင် ခွဲစိတ်ဆရာဝန်များအဖြစ် Dr. Neerav Goyal နှင့် Dr. Arun Kuman၊ မေ့ဆေးဆရာဝန်များအဖြစ် Dr. Sanjeev Aneja နှင့် Dr. Anupam Raj ၊ အထူးကြပ်မတ်ကုသမှု ဆရာဝန်အဖြစ် Dr. Arvind Jerome Bose ၊ ခွဲစိတ်ခန်းသူနာပြုများအဖြစ် Mr. Krishna Pathivada နှင့် Ms. Priya Shanthi Lewis ၊ ခွဲစိတ်ခန်း/ မေ့ဆေးအကူကျွမ်းကျင်သူအဖြစ် Mr. Priyank Uphdayay တို့ ပါဝင်ခဲ့ကြသည်။

### ခွဲစိတ်ကုသမှုဆောင်ရွက်ခဲ့

အဆိုပါ အသည်းအစားထိုးကုသမှုတွင် တပ်ခွဲတပ်ကြပ်ကြီး အောင်ချစ်ဝင်းနှင့် အသည်းအလှူရှင်ဖြစ်သည့် ၎င်း၏ ဇနီးဖြစ်သူ ဒေါ်မျိုးသူဇာ တို့ကို ခွဲစိတ်ကုသမှုဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။

အသည်းအစားထိုးခွဲစိတ်ကုသမှု ဆောင်ရွက်ရာတွင် အသည်းအလှူရှင်လူနာထံမှ အသည်းထုတ်ယူခြင်းကို ယနေ့နံနက်ပိုင်းတွင် စတင်ခဲ့ပြီး ထုတ်ယူရရှိသောအသည်းကို နေ့လယ်ပိုင်းတွင် အသည်းလက်ခံလူနာထံသို့ အသည်းအစားထိုးခြင်း ဆောင်ရွက်ခဲ့ကာ စုစုပေါင်း ခွဲစိတ်ချိန် ၁၁ နာရီခန့်ကြာမြင့်ခဲ့သည်။ အသည်းအလှူရှင်လူနာနှင့် အသည်းလက်ခံလူနာများ၏ ကျန်းမာရေးအခြေအနေမှာ ကောင်းမွန်လျက်ရှိပြီး ယခုအချိန်တွင် အထူးကြပ်မတ်ကုသခန်း၌ လိုအပ်သော ပြုစုကုသမှုများကို သက်ဆိုင်ရာပါရဂူများ၊ ဆေးမှူးများနှင့် သူနာပြု/ ကျွမ်းကျင်သူများက ဆက်လက်ဆောင်ရွက်ပေးလျက်ရှိသည်။

ယင်းသို့ အသည်းအစားထိုးခွဲစိတ်ကုသမှုကို ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် ညွန့်ဝင်းဆွေ၊ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း) ဆေးဝန်ထမ်းညွှန်ကြားရေးမှူးရုံး ညွှန်ကြားရေးမှူး ဗိုလ်ချုပ် ကိုကိုလွင်နှင့် အစာအိမ်အူလမ်းကြောင်းနှင့် အသည်းရောဂါဖောင်ဒေးရှင်း (မြန်မာ) မှ တာဝန်ရှိသူများက ကြည့်ရှုအားပေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

---

# ဆန်၊ ဆီ၊ ဆား၊ ကြက်ဥ၊ ဟင်းသီးဟင်းရွက်များနှင့် စားသောက်ကုန်ပစ္စည်းများ သက်သာသောဈေးနှုန်းများဖြင့် ရောင်းချ

**နေပြည်တော် စက်တင်ဘာ ၂၇**



ဒေသတွင်း စားနပ်ရိက္ခာဖူလုံရေး၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် ဒေသခံပြည်သူများ စားသောက်ရေး အထောက်အကူဖြစ်စေရန် ရည်ရွယ်၍ တိုင်းစစ်ဌာနချုပ်နယ်မြေများရှိ မြို့နယ်အသီးသီး၌ နယ်မြေခံ တပ်မတော်သားများက တန်ဖိုးသင့်ထမင်းဟင်းများ၊ ဟင်းသီးဟင်းရွက်များ နှင့် တပ်မတော်စက်ရုံထုတ် အသား၊ ငါးဘူးများနှင့် စားသောက်ကုန်ပစ္စည်းများကို ရောင်းချပေးလျက်ရှိသည်။

ထိုသို့ ရောင်းချပေးလျက်ရှိရာ စက်တင်ဘာ ၂၆ ရက်နှင့် ယနေ့တွင် ရှမ်းပြည်နယ် (မြောက်ပိုင်း) အတွင်းရှိ မြို့နယ် ခြောက်မြို့နယ်၊ တနင်္သာရီတိုင်းဒေသကြီး အတွင်းရှိ မြို့နယ် လေးမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ခရိုင်များအတွင်းရှိ မြို့နယ် ၄၄ မြို့နယ်၊ ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ခုနစ်မြို့နယ်၊ ရခိုင်ပြည်နယ်အတွင်းရှိ မြို့နယ် သုံးမြို့နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး အတွင်းရှိ မြို့နယ် ၁၇ မြို့နယ်၊ ချင်းပြည်နယ်အတွင်းရှိ မြို့နယ် သုံးမြို့နယ်၊ မန္တလေးတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် လေးမြို့နယ်၊ မကွေးတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် လေးမြို့နယ်နှင့် ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့တို့၌ သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်များရှိ နယ်မြေခံတပ်မတော်သားများနှင့် တာဝန်ရှိသူများက တပ်ပိုင်နှင့် တစ်ပိုင်တစ်နိုင် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းနှင့် ဘက်စုံစိုက်ပျိုးမွေးမြူရေးလုပ်ငန်းများမှ ထွက်ရှိသည့် ဆန်၊ ဆီ၊ ဆား၊ အသား၊ ငါး၊ ကြက်ဥ၊ ဘဲဥ၊ နို့ထွက်ပစ္စည်းများ၊ ဟင်းသီးဟင်းရွက်များ၊ ကြက်သွန်နီ၊ ကြက်သွန်ဖြူနှင့် တပ်မတော်စက်ရုံများမှ ထုတ်လုပ်သည့် ခေါက်ဆွဲခြောက်၊ ဘီစကစ်နှင့် စည်သွတ်ဘူးများစသည့် စားသောက်ကုန်ပစ္စည်းများကို ပြင်ပပေါက်ဈေးထက် သက်သာသောဈေးနှုန်းများဖြင့် ရောင်းချပေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

---

◆ *ကျော့ဖုံးမှ*

အဆိုပါ ဇာတ်တော်ကြီးကို သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၊ အနုပညာဦးစီးဌာနမှ အရာထမ်း၊ အမှုထမ်းများနှင့် အနုပညာရှင်များက ပူးပေါင်းတင်ဆက်ထားခြင်းဖြစ်ပြီး နတ်သျှင်နောင်အဖြစ် တက္ကသိုလ် အားမာန်၊ ရာဇဓာတုကလျာအဖြစ် ဒေါ်ဇာနည်အောင်၊ အင်းဝဘုရင် မင်းရဲနန္ဒမိတ်အဖြစ် ရွှေတံဆိပ်ဆုများရှင် ဦးဉာဏ်ဝင်း၊ ဘုရင့်နောင်မင်းတရားကြီးအဖြစ် ဦးလှမျိုးထက်၊ လူရွှင်တော်များဖြစ်ကြသည့် ဝမ်းတူး၊ အာပြဲ၊ ရောင်နီ၊ လမုန့်တို့ အဓိကပါဝင်၍ ရွှေစားနိုင်လင်းဗိုလ် ဆိုင်းအဖွဲ့က ဇာတ်ပို့တီးခတ်ထားကြောင်း၊ ဇာတ်တော်ကြီး၌ မြန်မာ့သမိုင်းတွင် ရတုရေးသားရာ၌ တံခွန်စိုက်ထူခဲ့သည့် တောင်ငူဘုရင် နတ်သျှင်နောင်နှင့် ရာဇဓာတုကလျာမင်းသမီးတို့၏ အချစ်ဇာတ်လမ်းနှင့်အတူ ပြည်တွင်းရေးကို ဖြေရှင်းရာ၌ တိုင်းတစ်ပါးသားကို အကြွင်းမဲ့ယုံစားပြီး ပူးပေါင်းဆောင်ရွက်မှုကြောင့် ဇာတ်သိမ်းမလှသည့်ဖြစ်ရပ်ကို သမိုင်းတစ်ကွေ့၏ သတိမူစရာ သင်ခန်းစာအဖြစ် တင်ဆက်ကပြခြင်းဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

---

❒ *ကျော့ဖုံးမှ*

၂၈-၉-၂၀၂၂ ရက်နေ့ နံနက်ပိုင်းတွင် ဗီယက်နမ်နိုင်ငံ အလယ်ပိုင်းကမ်းခြေကို ဒါနန်းမြို့အနီးမှ ဖြတ်ကျော်ဝင်ရောက်နိုင်ကာ အပူပိုင်းမုန်တိုင်း "နိုရူ" အဖြစ်သို့ အားလျော့သွားမည်ဟု ခန့်မှန်းရသည်။ အဆိုပါတိုင်ဖွန်းမုန်တိုင်း "နိုရူ" သည် အနောက်ဘက်သို့ ဆက်လက်ရွေ့လျားနိုင်ပြီး ကုန်းတွင်းမုန်တိုင်းငယ်အဖြစ် တဖြည်းဖြည်းအားလျော့သွားမည်ဟု ခန့်မှန်းရသည်။

အဆိုပါ တိုင်ဖွန်းမုန်တိုင်း "နိုရူ" ၏ အရှိန်ကြောင့် စက်တင်ဘာ ၂၈ ရက်မှ အောက်တိုဘာ ၂ ရက်အတွင်း နေပြည်တော်၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာစိပ်စိပ်မှ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး အချို့ဒေသများတွင် ဒေသအလိုက်နှင့် နေရာကွက်၍ မိုးကြီးခြင်းများနှင့်အတူ လေပြင်းတိုက်ခတ်ခြင်းများ ဖြစ်ပေါ်နိုင်သည်။

မြစ်ဝကျွန်းပေါ်၊ မုတ္တမကွေ့၊ မွန်-တနင်္သာရီ ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/ မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြစ်ဝကျွန်းပေါ်၊ မုတ္တမကွေ့၊ မွန်-တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန် ပင်လယ်ပြင်တို့တွင် ၈ ပေမှ ၁၀ ပေခန့် ရှိနိုင်သည်။

သို့ဖြစ်၍ မိုးသည်းထန်စွာ ရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ လျှပ်တစ်ပြက် ရေကြီးခြင်းနှင့် မြေပြိုခြင်း စသည့် သဘာဝဘေးအန္တရာယ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် ကုန်မြင့်ဒေသအနီးတွင် နေထိုင်ကြသူများအနေဖြင့် မြေပြိုမှုအန္တရာယ်နှင့် မြစ်ငယ်၊ ချောင်းငယ်များအနီးတွင် နေထိုင်ကြသူများအနေဖြင့် ရေကြီး၊ ရေလျှံမှုများကို ကြိုတင်သတိပြုနိုင်ပါရန်နှင့် ပြည်တွင်းရေကြောင်း သွားလာရေးနှင့် လေကြောင်းပျံသန်းရေးအနေဖြင့်လည်း ကြိုတင်သတိပြုနိုင်ပါရန် အသိပေးနှိုးဆော်အပ်ပါသည်။

**မိုး/ဇလ**

## နျူကလီးယားခြိမ်းခြောက်မှုခေတ်ကို အဆုံးသတ်ရန် ကုလသမဂ္ဂအတွင်းရေးမှူးချုပ် တောင်းဆို

**ဂျီနီဗာ စက်တင်ဘာ ၂၇**

ကုလသမဂ္ဂ အတွင်းရေးမှူးချုပ် အန်တိုနီယို ဂူတာရက်စ်က နျူကလီးယား ခြိမ်းခြောက်မှု ခေတ်ကို အဆုံးသတ်ရန် တောင်းဆိုလိုက်သည်။ နျူကလီးယား လက်နက် မဖျက်သိမ်းဘဲနှင့် ငြိမ်းချမ်းရေးမရနိုင်ဟု ဂူတာရက်စ်က ပြောကြားလိုက်သည်။

ကုလသမဂ္ဂသည် စက်တင်ဘာလ ၂၆ ရက်နေ့ကို အပြည်ပြည်ဆိုင်ရာ နျူကလီးယားလက်နက်များ လုံးဝပပျောက်ရေးနေ့အဖြစ် သတ်မှတ်ခဲ့သည်။

ဂူတာရက်စ်သည် အပြည်ပြည်ဆိုင်ရာ နျူကလီးယား လက်နက်များ လုံးဝပပျောက်ရေးနေ့ အထိမ်းအမှတ်အဖြစ် နယူးယောက်ရှိ ကုလသမဂ္ဂဌာနချုပ်တွင် စက်တင်ဘာ ၂၆ ရက်က မိန့်ခွန်းပြောကြားသည်။ အဆိုပါ အထိမ်းအမှတ်ပွဲသို့ ကမ္ဘာ့ခေါင်းဆောင်များနှင့် အဆင့်မြင့် အစိုးရအရာရှိများ တက်ရောက်ကြသည်။

ဂူတာရက်စ်က ၎င်းသည် ၁၉၄၅ ခုနှစ် အမေရိကန်အဏုမြူ ဗုံးကြဲချခဲ့သည့် (၇၇) နှစ်မြောက် နှစ်ပတ်လည် အထိမ်းအမှတ် ကျင်းပရန် ပြီးခဲ့သည့်လက နျူကလီးယားဗုံးဒဏ်ခံခဲ့ရသော ဂျပန်နိုင်ငံ အနောက်ပိုင်း ဟီရိုရှီးမားမြို့သို့သွားရောက်ခဲ့ကြောင်း ပြောကြားသည်။

နျူကလီးယား ဗုံးဒဏ်ခံစားခဲ့ရသူများနှင့်တွေ့ဆုံမှုကို ပြောကြားရာတွင် ဂူတာရက်စ်က နျူကလီးယားဗုံးဒဏ်မှ အသက်ရှင်သန်ကျန်ရစ်သူများ တစ်နှစ်ထက်တစ်နှစ် နည်းလာပြီဖြစ်ကြောင်း၊ သို့သော်လည်း ၎င်းတို့ဆီမှထွက်ပေါ်လာသည့် သတင်းစကားသည် ပိုမိုကျယ်လောင်လာကြောင်း ပြောကြားသည်။

နျူကလီးယားလက်နက် ဖျက်သိမ်းရေးသည် အနာဂတ်မျိုးဆက်သစ်များအတွက် အကောင်းဆုံးလက်ဆောင်ဖြစ်ကြောင်း ၎င်းက ပြောကြားလိုက်သည်။

**အင်န်အိတ်ချ်ကေ**



ကုလသမဂ္ဂအတွင်းရေးမှူးချုပ် အန်တိုနီယို ဂူတာရက်စ်။

## လောင်းမာ့ချ်-၆ သယ်ဆောင်ရေးဒုံးပျံဖြင့် ဂြိုဟ်တုသုံးစင်းကို အာကာသထဲသို့ တရုတ်လွှတ်တင်

**တိုင်ယွမ် စက်တင်ဘာ ၂၇** - တရုတ်နိုင်ငံသည် စက်တင်ဘာ ၂၇ ရက်တွင် လောင်းမာ့ချ်-၆ သယ်ဆောင်ရေးဒုံးပျံဖြင့် ဂြိုဟ်တုသုံးစင်းကို အာကာသထဲသို့ လွှတ်တင်လိုက်ကြောင်း ဆင်ဟွာသတင်းတစ်ရပ်တွင် ဖော်ပြထားသည်။

ရှီယန်-၁၆ အေ၊ ရှီယန်-၁၆ ဘီနှင့် ရှီယန်-၁၇ စသည့် ဂြိုဟ်တုသုံးစင်းကို နိုင်ငံမြောက်ပိုင်း ရှန်းရှီးပြည်နယ်ရှိ တိုင်ယွမ်ဂြိုဟ်တုလွှတ်တင်ရေးစင်တာမှ ပေကျင်းဒေသစံတော်ချိန် နံနက် ၇ နာရီ မိနစ် ၅၀ တွင် လွှတ်တင်ခဲ့ခြင်းဖြစ်ပြီး စီစဉ်သတ်မှတ်ထားသည့် ဂြိုဟ်တုပတ်လမ်းထဲသို့ အောင်မြင်စွာဝင်ရောက်နိုင်ခဲ့ကြောင်း သိရသည်။

အဆိုပါ ဂြိုဟ်တုသုံးစင်းကို မြေယာစစ်တမ်း၊ မြို့ပြစီမံကိန်း၊ ဘေးအန္တရာယ် ကာကွယ်ရေးနှင့် လျှော့ပါးရေးဆိုင်ရာ နယ်ပယ်ကဏ္ဍများ၌ အချက်အလက်များပံ့ပိုးပေးရာတွင် အဓိကထား အသုံးပြုသွားမည်ဖြစ်သည်။ ဂြိုဟ်တုလွှတ်တင်ရေးစင်တာ၏ အဆိုအရ အဆိုပါ ဂြိုဟ်တုလွှတ်တင်မှုသည် လောင်းမာ့ချ်သယ်ဆောင်ရေး ဒုံးပျံများ၏ အကြိမ် (၄၄၀) မြောက်ဖြစ်ကြောင်း သိရသည်။ **ဆင်ဟွာ**



## အင်အားပြင်းတိုင်ဖွန်း နိုရူ ဖိလစ်ပိုင်နိုင်ငံသို့ ဝင်ရောက်ခဲ့ရာ လူရှစ်ဦးသေဆုံး

**မနီလာ စက်တင်ဘာ ၂၇**

အင်အားပြင်း တိုင်ဖွန်းမုန်တိုင်း နိုရူသည် ဖိလစ်ပိုင်နိုင်ငံ လူဇုံကျွန်းသို့ မိုးသည်းထန်စွာ ရွာသွန်းပြီး လေပြင်းများနှင့်အတူ လွန်ခဲ့သော သီတင်းပတ်က ဝင်ရောက်တိုက်ခတ်ခဲ့ရာ လူရှစ်ဦး သေဆုံးပြီး သုံးဦးပျောက်ဆုံးကြောင်း အစိုးရအေဂျင်စီက စက်တင်ဘာ ၂၆ ရက်က ပြောကြားလိုက်သည်။

အမျိုးသား သဘာဝဘေး လျှော့ချရေးနှင့် စီမံခန့်ခွဲရေးကောင်စီက မနီလာ မြောက်ပိုင်းပြည်နယ် တစ်ခုဖြစ်သော ဘူလာကန်သို့ တနင်္ဂနွေ မွန်းလွဲပိုင်းက အင်အားပြင်းတိုင်ဖွန်း မုန်တိုင်း ကျရောက်ခဲ့သဖြင့် လျှပ်တစ်ပြက် ရေကြီးမှုဖြစ်ပွားခဲ့ရာ ကယ်ဆယ်ရေးသမား ငါးဦး သေဆုံးခဲ့ကြောင်း အတည်ပြုပြောကြားသည်။

ထို့အပြင် မုန်တိုင်းဆက်စပ် သဘာဝဘေး အန္တရာယ်များကြောင့် နောက်ထပ်သုံးဦး သေဆုံးခဲ့သေးကြောင်းနှင့် မနီလာအရှေ့တောင်ပိုင်း ဘိုင်ကောဒေသတွင် သုံးဦး ထပ်မံပျောက်ဆုံးလျက်ရှိကြောင်း အဆိုပါအေဂျင်စီက ထုတ်ပြန်ဖော်ပြခဲ့သည်။

နိုရူသည် ယခုနှစ်အတွင်း ဖိလစ်ပိုင်နိုင်ငံကို ဝင်ရောက်တိုက်ခတ်ခဲ့သည့် (၁၁) ကြိမ်မြောက် အင်အားအပြင်းဆုံး မုန်တိုင်းဖြစ်သည်။ **ဆင်ဟွာ**



မုန်တိုင်းကြောင့် ဖိလစ်ပိုင်ဒေသအချို့တွင် ရေကြီးရေလျှံမှု ဖြစ်ပွားနေသည်ကို တွေ့ရစဉ်။

## ဘင်္ဂလားဒေ့ရှ်နိုင်ငံ၌ ကူးတို့ယာဉ်တိမ်းမှောက်မှုမှ သေဆုံးသူ ၆၁ ဦးအထိ ရှိလာ

**ဒါကာ စက်တင်ဘာ ၂၇** - ဘင်္ဂလားဒေ့ရှ်နိုင်ငံ၌ ဟိန္ဒူဘုရားဖူးအဖွဲ့ကို တင်ဆောင်လာသော ကူးတို့ယာဉ်တစ်စင်း တိမ်းမှောက်မှုဖြစ်ပွားရာမှ သေဆုံးသူအရေအတွက်သည် စက်တင်ဘာ ၂၇ ရက်တွင် ၆၁ ဦး အထိ မြင့်တက်လာပြီး ပျောက်ဆုံးသူများ ရှိနေဆဲဖြစ်ကြောင်း သိရသည်။

လူ ၁၀၀ နီးပါး တင်ဆောင်လာသော အဆိုပါဝန်ပိုကူးတို့ယာဉ်သည် ဘင်္ဂလားဒေ့ရှ်နိုင်ငံမြောက်ပိုင်း ပန်ချဂါတ်ခရိုင်ရှိ ကာရာတိုရာမြစ်တစ်ဖက်ကမ်း ဟိန္ဒူဘုရားကျောင်းမှ ပြန်လာခြင်းဖြစ်ပြီး စက်တင်ဘာ ၂၅ ရက် မွန်းလွဲပိုင်းက ကာရာတိုရာမြစ်၌ တိမ်းမှောက်ခဲ့ခြင်းဖြစ်သည်။ ဘင်္ဂလားဒေ့ရှ်အာဏာပိုင်များသည် ကူးတို့ယာဉ် တိမ်းမှောက်ရခြင်း၏ အကြောင်းရင်းကို စုံစမ်းနေဆဲဖြစ်ကြောင်းနှင့် ကနဦးစုံစမ်းစစ်ဆေးချက်များအရ ကူးတို့ယာဉ်သည် ပုံမှန်ခံနိုင်ဝန်ထက် သုံးဆပိုတင်ခြင်းကြောင့်ဟု ယူဆထားသည်။

ဘင်္ဂလားဒေ့ရှ်နိုင်ငံ လူဦးရေ၏ ရှစ်ရာခိုင်နှုန်းသည် ဟိန္ဒူလူမျိုးများဖြစ်ကြောင်းနှင့် အဆိုပါ တိမ်းမှောက်မှုသည် ၂၀၁၅ ခုနှစ်နောက်ပိုင်း အဆိုးရွားဆုံး တိမ်းမှောက်မှုဖြစ်ကြောင်း သိရသည်။ **အင်န်အိတ်ချ်ကေ**

## ၂၀၂၁ ခုနှစ်တွင် ကင်ဆာရောဂါသည် တောင်ကိုရီးယား၌ လူသေဆုံးမှု အများဆုံးအဖြစ်ရှိနေ

**ဆိုးလ် စက်တင်ဘာ ၂၇**

ကိုဗစ်-၁၉ ရောဂါ ကူးစက်ပျံ့နှံ့လျက်ရှိသော တောင်ကိုရီးယားနိုင်ငံ၌ ၂၀၂၁ ခုနှစ်တွင် ကင်ဆာရောဂါသည် နိုင်ငံ၏ လူသေဆုံးမှု အများဆုံးအဖြစ် ရှိနေကြောင်း စက်တင်ဘာ ၂၇ ရက်တွင် ဖော်ပြသော စာရင်းအင်းရုံး အချက်အလက်အရ သိရသည်။

စာရင်းအင်းရုံး၏ အချက်အလက်အရ တောင်ကိုရီးယားနိုင်ငံ၌ ၂၀၂၁ ခုနှစ်တွင် ကင်ဆာရောဂါကြောင့် လူ ၁၀၀၀၀၀ လျှင် ၁၆၁ ဒသမ ၁ ရာခိုင်နှုန်း သေဆုံးလျက်ရှိပြီး ယခင်နှစ်ကထက် ၀ ဒသမ ၆ ရာခိုင်နှုန်း မြင့်တက်လာကြောင်း သိရသည်။ ကင်ဆာရောဂါသေဆုံးမှုများအနက် အဆုတ်ကင်ဆာကြောင့် သေဆုံးမှုနှုန်းသည် လူ ၁၀၀၀၀၀ လျှင် ၃၆ ဒသမ ၈ ရာခိုင်နှုန်းဖြင့် အမြင့်ဆုံးဖြစ်ပြီး ၎င်းနောက်တွင် အသည်းကင်ဆာက ၂၀ ဒသမ ၀ ရာခိုင်နှုန်း၊ အူမကြီးကင်ဆာက ၁၇ ဒသမ ၅ ရာခိုင်နှုန်း၊ အစာအိမ်ကင်ဆာက ၁၄ ဒသမ ၁ ရာခိုင်နှုန်းနှင့် ပန်ကရိယကင်ဆာက ၁၃ ဒသမ ၅ ရာခိုင်နှုန်းဖြင့် အများဆုံးဖြစ်သည်။

တောင်ကိုရီးယားနိုင်ငံ၌ ဒုတိယအများဆုံး သေဆုံးရသောရောဂါသည် နှလုံးရောဂါဖြစ်ပြီး ၂၀၂၁ ခုနှစ်၌ လူ ၁၀၀၀၀၀ လျှင် ၆၁ ဒသမ ၅ ရာခိုင်နှုန်း သေဆုံးမှုဖြစ်ပေါ်ခဲ့သည်။ ထို့ပြင် တတိယအများဆုံး သေဆုံးရသော ရောဂါသည် အဆုတ်ရောင်ရောဂါဖြစ်ပြီး လူ ၁၀၀၀၀၀ လျှင် ၄၄ ဒသမ ၄ ရာခိုင်နှုန်း သေဆုံးမှုဖြစ်ပေါ်ခဲ့ကြောင်း သိရသည်။

တောင်ကိုရီးယားနိုင်ငံ၌ သေဆုံးမှုဖြစ်ပွားရခြင်း ထိပ်ဆုံးသုံးခုကြောင့် ယခင်နှစ်က သေဆုံးမှုစုစုပေါင်း၏ ၄၃ ဒသမ ၁ ရာခိုင်နှုန်းရှိကြောင်း သိရသည်။

**ဆင်ဟွာ**



# ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၂၈-၉-၂၀၂၂

ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၁၁၀ | ၂၁၅၅ | ၂၁၅၀ | ၂၁၁၅ | ၂၁၅၅ | ၂၁၇၅ | ၂၁၆၀ | ၂၁၄၀ | ၂၂၃၅ | ၂၂၅၀ | ၂၁၄၅ | ၂၁၅၅ | ၂၁၉၀ | ၂၁၉၀ | ၂၁၉၅ | ၂၄၁၀ | ၂၉၄၀ |
| 95 Ron | ၂၁၈၅ | ၂၂၃၀ | ၂၂၃၀ | ၂၁၉၀ | ၂၂၃၀ | ၂၂၅၀ | ၂၂၃၅ | ၂၂၁၅ | ၂၃၁၀ | ၂၃၂၅ | ၂၂၂၀ | ၂၂၃၅ | ၂၂၆၅ | ၂၂၆၅ | ၂၂၇၀ | ၂၄၈၅ | ၃၀၃၀ |
| HSD (500 ppm) | ၂၅၄၀ | ၂၅၉၀ | ၂၅၈၅ | ၂၅၅၀ | ၂၅၈၅ | ၂၆၁၀ | ၂၆၀၅ | ၂၅၇၅ | ၂၆၉၀ | ၂၆၈၅ | ၂၅၈၀ | ၂၅၉၀ | ၂၆၂၅ | ၂၆၂၅ | ၂၆၂၅ | ၂၈၄၅ | ၃၆၂၀ |
| HSD (50 ppm) | ၂၆၂၅ | ၂၆၇၅ | ၂၆၇၀ | ၂၆၃၅ | ၂၆၇၀ | ၂၆၉၅ | ၂၆၉၀ | ၂၆၆၀ | ၂၇၇၅ | ၂၇၇၀ | ၂၆၆၅ | ၂၆၇၅ | ၂၇၁၀ | ၂၇၁၀ | ၂၇၁၀ | ၂၉၃၀ | ၃၆၅၅ |
| HSD (10 ppm) | ၂၆၂၅ | ၂၆၇၅ | ၂၆၇၀ | ၂၆၃၅ | ၂၆၇၀ | ၂၆၉၅ | ၂၆၉၀ | ၂၆၆၀ | ၂၇၇၅ | ၂၇၇၀ | ၂၆၆၅ | ၂၆၇၅ | ၂၇၁၀ | ၂၇၁၀ | ၂၇၁၀ | ၂၉၃၀ | ၃၆၅၅ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၀၀၇ | ၂၀၈၁ |
| 95 Ron | ၂၀၇၉ | ၂၁၅၅ |
| HSD (500 ppm) | ၂၄၃၂ | ၂၅၁၀ |
| HSD (50 ppm) | ၂၅၁၁ | ၂၅၉၀ |
| HSD (10 ppm) | ၂၅၁၁ | ၂၅၉၀ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူ မိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှု မရှိပါက ကော်မတီ၏ အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၀၉၈၈၁၊ ၀၉-၆၉၉၆၁၁၁၁၆

၀၆၇- ၄၁၁၁၂၉၊ ၀၉-၄၄၀၄၃၃၅၃၃

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ

# နိုင်ငံတစ်ဝန်း ကိုဗစ်-၁၉ ကာကွယ်ရေး အရှိန်မြှင့်တင်ဆောင်ရွက်

ယခုအခါ ကိုဗစ်-၁၉ ကမ္ဘာ့ကပ်ရောဂါကူးစက်ပြန့်ပွားမှုသည် ပြည်တွင်းကူးစက်မှုများ ပိုမိုများပြားလာလျက်ရှိရာ အမြို့မြို့အနယ်နယ်၌ ကြိုတင်ကာကွယ်ရေးအစီအမံများ အရှိန်မြှင့်တင်ဆောင်ရွက်လျက်ရှိပြီး ပြည်သူတစ်ရပ်လုံးအနေဖြင့်လည်း ရောဂါကူးစက်မှု မဖြစ်ပွားရေးအတွက် ဝိုင်းဝန်းပူးပေါင်းပါဝင်ဆောင်ရွက်ကြရန် လိုအပ်လျက်ရှိပါသည်။ မြို့နယ်များ၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်နိုင်ရေး ဆောင်ရွက်မှုများကို ဖော်ပြလိုက်ပါသည်။

## တွံတေးမြို့နယ်၌ ပြည်သူများနှင့် ဝန်ထမ်းများအား ကိုဗစ်ကာကွယ်ဆေးများ အရှိန်အဟုန်မြှင့်ထိုးနှံ

**တွံတေး စက်တင်ဘာ ၂၇**

ရန်ကုန်တိုင်းဒေသကြီး တွံတေးမြို့နယ်၌ အသက်၁၈နှစ်အထက် ပြည်သူများအား ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးကို အရှိန်အဟုန်မြှင့် ဆက်လက်ထိုးနှံခြင်းလုပ်ငန်းကို ယနေ့နံနက်ပိုင်းက မြို့နယ်ပြည်သူ့ဆေးရုံ အစည်းအဝေးခန်းမ၌ ထိုးနှံပေးခဲ့သည်။

ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ထိုးနှံရာတွင် တွံတေးမြို့နယ် ကျန်းမာရေးဦးစီးဌာန မှတာဝန်ရှိသူများက အသက်၁၈နှစ်နှင့် အထက်ပြည်သူများ၊ အကြောင်းအမျိုးမျိုးကြောင့် ကျန်ရှိနေသော ဌာနဆိုင်ရာဝန်ထမ်း မိသားစုများ၊ ပရဟိတအဖွဲ့ဝင်များ၊ ဈေးသည်များ၊ ပို့ဆောင်ရေး အဖွဲ့အစည်းများနှင့် ပုဂ္ဂလိကဝန်ထမ်းများကို ထိုးနှံပေးခြင်းဖြစ်ပြီး ဌာနဆိုင်ရာ ဝန်ထမ်းများနှင့် ပရဟိတ အသင်းတို့က ပူးပေါင်းပါဝင်ဆောင်ရွက်ပေးခဲ့သည်။

အဆိုပါ ကာကွယ်ဆေးထိုးခြင်းလုပ်ငန်းများကို ကျန်းမာရေးဝန်ကြီးဌာန၏ ညွှန်ကြားချက်များနှင့်အညီ ဆောင်ရွက်ပေးခဲ့ပြီး တွံတေးမြို့နယ်၌ အသက်၁၈နှစ်နှင့်အထက် ဆေးထိုးရန်အကျုံးဝင်သူ ၁၇၅၈၁၆ ဦးတွင် စက်တင်ဘာ ၂၆ ရက်အထိ ပထမအကြိမ် ထိုးနှံပြီးသူ ၁၇၁၉၁၈ ဦး၊ ဒုတိယအကြိမ် ထိုးနှံပြီးသူ ၁၂၀၄၉၃ ဦး၊ တတိယအကြိမ် ထပ်ဆောင်းကာကွယ်ဆေးထိုးနှံပြီးသူ ၁၁၀၆၁ ဦးရှိပြီး အသက်ငါးနှစ်မှ ၁၂ နှစ်အထိ ကျောင်းသားကျောင်းသူ ထိုးနှံပြီးသူ ၁၈၉၆၁ ဦးရှိသည့်အတွက် ရာခိုင်နှုန်းအားဖြင့် ၉၇ ဒသမ ၇၈ ရာခိုင်နှုန်းရှိကြောင်း သိရသည်။

**တွံတေးသား**

## မိုးနဲမြို့နယ်၌ ပြည်သူများအား ဒုတိယအကြိမ်ကာကွယ်ဆေးနှင့် ထပ်ဆောင်းကာကွယ်ဆေးများ ထိုးနှံပေး

**မိုးနဲ စက်တင်ဘာ ၂၇**

ရှမ်းပြည်နယ်တောင်ပိုင်း မိုးနဲမြို့နယ်၌ ပြည်သူများ ကိုဗစ်- ၁၉ ရောဂါ ကင်းဝေးစေရန်နှင့် ထိရောက်စွာ ကြိုတင်ကာကွယ် ထိန်းချုပ်နိုင်ရေးအတွက် ယနေ့နံနက်ပိုင်းက မြို့နယ်ကျန်းမာရေးဦးစီးဌာနမှ ဝန်ထမ်းများက ဌာနဆိုင်ရာနှင့် ပြည်သူများအား ကိုဗစ်- ၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပေးခြင်းနှင့် ထပ်ဆောင်းကာကွယ်ဆေးထိုးနှံခြင်းကို မြို့နယ်ကမ္ဘောဇခန်းမ၌ ထိုးနှံပေးခဲ့သည်။

အဆိုပါ ကာကွယ်ဆေးထိုးနှံပေးခြင်း လုပ်ငန်းကို မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့၏ ဦးဆောင်မှုဖြင့် မြို့နယ်ကျန်းမာရေးဦးစီးဌာနမှ ကျန်းမာရေးဝန်ထမ်းများက မြို့နယ်အတွင်းရှိ ကာကွယ်ဆေးလုံးဝမထိုးနှံရသေးသူများ၊ နှစ်ကြိမ်ထိုးနှံပြီး ထပ်ဆောင်းကာကွယ်ဆေးထိုးရန် ကျန်ရှိသူများနှင့် ထပ်ဆောင်းကာကွယ်ဆေး နှစ်ကြိမ်ထိုးနှံပြီး ခြောက်လပြည့်ပြီးသူ စုစုပေါင်း ၁၃၀ ကို ထပ်ဆောင်းကာကွယ်ဆေးထိုးနှံပေးခဲ့သည်။

အဆိုပါ ကိုဗစ်-၁၉ရောဂါကာကွယ်ဆေးများ ထိုးနှံပေးရာသို့ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများက ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**မျိုးညွှန့်ရွှေ (မိုးနဲ)**



## ကျောက်ပန်းတောင်းမြို့နယ်၌ ပြည်သူများနှင့် ကျောင်းသားကျောင်းသူများအား ကာကွယ်ဆေးများ နေ့စဉ်ထိုးနှံပေးလျက်ရှိ

**ကျောက်ပန်းတောင်း စက်တင်ဘာ ၂၇**

မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့နယ်၌ ကိုဗစ်- ၁၉ ရောဂါကူးစက်ဖြစ်ပွားမှု လျော့နည်းကျဆင်းစေရေးအတွက် မြို့နယ်ကိုဗစ်- ၁၉ ရောဂါထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီ၏ ကြီးကြပ်မှုဖြင့် ပုံမှန်ကာကွယ်ဆေးထိုးခြင်းနှင့် ထပ်ဆောင်းကာကွယ်ဆေးထိုးနှံခြင်းလုပ်ငန်းများကို နေ့စဉ်ဆောင်ရွက်ပေးလျက်ရှိရာ စက်တင်ဘာ ၂၆ ရက်က ဆေးထိုးစုရပ်ဖြစ်သည့် မြို့နယ်အားကစားခန်းမ၌ ကာကွယ်ဆေးလာရောက်ထိုးနှံသူများပြားခဲ့သည်။

ကျောက်ပန်းတောင်းမြို့နယ်၌ စက်တင်ဘာ ၂၅ ရက်အထိ အသက် ၁၈ နှစ်နှင့်အထက် ဆေးထိုးရန် အကျုံးဝင်သူဦးရေ ၁၆၉၇၆၇ ဦးအနက် ပုံမှန်ကာကွယ်ဆေး ပထမအကြိမ်ထိုးနှံပြီးသူ ၁၆၈၃၁၀ ရှိပြီး ဒုတိယအကြိမ် ထိုးနှံပြီးသူ ၁၁၅၄၈၅ ဦး ရှိကြောင်း သိရသည်။ အသက် ၁၂ နှစ်အောက် ကျောင်းသား ကျောင်းသူများအနေဖြင့် ဆေးထိုးရန် အကျုံးဝင်သူ ၆၅၃၄ ဦးရှိသည့်အနက် ပထမအကြိမ် ထိုးနှံသူ ၈၁၆၅ ဦးရှိပြီး ဒုတိယအကြိမ် ထိုးနှံပြီးသူ ၄၃၄၅ ဦးရှိရာ ရာခိုင်နှုန်းအားဖြင့် ၁၂၄ ဒသမ ၉၆ ရာခိုင်နှုန်းအထိ ကျော်လွန်ထိုးနှံပြီးစီးခဲ့သည်။ ထို့ပြင် ထပ်ဆောင်းကာကွယ်ဆေးအနေဖြင့် ၇၈၈၅ဦး ထိုးနှံပြီးစီးခဲ့ကြောင်း၊ ဒုတိယအကြိမ် ထပ်ဆောင်းကာကွယ်ဆေး ထိုးနှံမှုအနေဖြင့် ၃၂၁၀ ထိုးနှံပြီးစီးပြီဖြစ်သည်။**နေအောင်(ပြန်/ဆက်)**

## ကိုဗစ်–၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၃၅၆ ဦး တွေ့ရှိ

### ယနေ့တွင် ကိုဗစ်–၁၉ ရောဂါဖြင့် သေဆုံးသူ မရှိ

(၂၇–၉–၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီ

ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် နိုင်ငံအတွင်းကူးစက်ဖြစ်ပွားနေသော ကိုဗစ်–၁၉ ရောဂါ ကာကွယ်၊ ကုသ၊ ထိန်းချုပ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပြတ် ဆောင်ရွက်လျက်ရှိပါသည်။

ကိုဗစ်–၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာကန့်သတ်ထားရှိသူများအား ကိုဗစ်–၁၉ ရောဂါ ရှိ၊ မရှိ ဓာတ်ခွဲစစ်ဆေးခြင်း ပုံမှန်ဆောင်ရွက်လျက်ရှိပြီး (၂၆–၉–၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၂၇–၉–၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၁၂,၉၀၃) ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်–၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၃၅၆) ဦး တွေ့ရှိရပါသည်။ ထို့ကြောင့် ယနေ့အတွက် ရောဂါပိုးတွေ့ရှိမှုရာခိုင်နှုန်းမှာ (၂.၇၆) ရာခိုင်နှုန်း ရှိပါသည်။

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၉,၀၃၁,၇၃၃) ခုအား စစ်ဆေးခဲ့ပြီး ကိုဗစ်–၁၉ ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၆၂၂,၀၄၂) ဦး ရှိပြီဖြစ်ပါသည်။

ဓာတ်ခွဲအတည်ပြုလူနာများအား နေအိမ်တွင်သီးခြားထားရှိခြင်းနှင့် ဆေးရုံများတွင် သီးခြားထားရှိကုသမှုပေးခြင်းများဆောင်ရွက်ခဲ့ရာ ယနေ့တွင် ပြန်လည်ကောင်းမွန်လာသူ (၂၃၉) ဦး ရှိသဖြင့် ယနေ့အထိ ပြန်လည်ကောင်းမွန်လာသူ စုစုပေါင်း (၅၉၇,၄၂၁) ဦး ရှိပြီဖြစ်ပါသည်။ ယနေ့တွင် ကိုဗစ်–၁၉ ရောဂါဖြင့် သေဆုံးသူမရှိသဖြင့် ယနေ့အထိ သေဆုံးသူ စုစုပေါင်း (၁၉,၄၅၅) ဦး ရှိပါသည်။

မြန်မာနိုင်ငံတွင် (၂၈–၁–၂၀၂၂) ရက်နေ့မှ (၂၆–၉–၂၀၂၂) ရက်နေ့အထိ တွေ့ရှိရသော ကိုဗစ်–၁၉ ရောဂါကြောင့် သေဆုံးသူ စုစုပေါင်း (၁၄၅) ဦးရှိရာ ၎င်းတို့အနက် (၁၀၂) ဦး (၇၀ ရာခိုင်နှုန်း) မှာ ဆီးချို၊ သွေးတိုး၊ နှလုံး၊ အသည်း၊ ကျောက်ကပ်၊ အဆုတ်၊ ကင်ဆာရောဂါ စသည့်နာတာရှည်ရောဂါ အခံတစ်ခုခုရှိသူများဖြစ်ကြပါသည်။ အဆိုပါ ကိုဗစ်–၁၉ ရောဂါကြောင့် သေဆုံးသည့် နာတာရှည်ရောဂါ ရောဂါအခံရှိသူများ၏ ကိုဗစ်–၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံထားရှိမှု အခြေအနေများကို ဆန်းစစ်ချက်အရ သေဆုံးသူများ၏ (၈၁.၄) ရာခိုင်နှုန်းမှာ ကာကွယ်ဆေးလုံးဝ ထိုးနှံထားခြင်းမရှိသူများနှင့် ကာကွယ်ဆေး အကြိမ်ပြည့် ထိုးနှံထားခြင်းမရှိသူများဖြစ်ကြပြီး (၁၇.၂) ရာခိုင်နှုန်းမှာ ကာကွယ်ဆေးအကြိမ်ပြည့် ထိုးနှံထားရှိသူများနှင့် (၁.၄) ရာခိုင်နှုန်းမှာ ထပ်ဆောင်းကာကွယ်ဆေး ထိုးနှံထားသူများဖြစ်ကြောင်း တွေ့ရှိရပါသည်။

ကိုဗစ်–၁၉ ရောဂါကြောင့် သေဆုံးသည့် ရောဂါအခံရှိသူများ၏
ကာကွယ်ဆေးထိုးနှံထားရှိမှုအခြေအနေ

| ကိုဗစ်–၁၉ ရောဂါကြောင့် သေဆုံးသည့်ရောဂါအခံရှိသူများ၏ | | |
|---|---|---|
| ၈၁.၄ ရာခိုင်နှုန်းသည် | ၁၇.၂ ရာခိုင်နှုန်းသည် | ၁.၄ ရာခိုင်နှုန်းသည် |
| ကာကွယ်ဆေး လုံးဝထိုးနှံထားခြင်း မရှိသူများနှင့် ကာကွယ်ဆေး အကြိမ်ပြည့် ထိုးနှံထားခြင်းမရှိ သူများ ဖြစ်ကြပါသည်။ | ကာကွယ်ဆေး အကြိမ်ပြည့် ထိုးနှံထားသူများဖြစ်ကြပါသည်။ | ထပ်ဆောင်း ကာကွယ်ဆေး ထိုးနှံထားသူများ ဖြစ်ကြပါသည်။ |

သို့ဖြစ်ပါ၍ မြန်မာနိုင်ငံတွင် ကိုဗစ်–၁၉ ရောဂါကြောင့် သေဆုံးသူများအတွင်း နာတာရှည်ရောဂါ ရောဂါအခံရှိသူများ၏ ကာကွယ်ဆေးထိုးနှံမှုအခြေအနေကို လေ့လာသုံးသပ်ချက်အရ အဆိုပါပုဂ္ဂိုလ်များအနက် ကာကွယ်ဆေးအကြိမ်ပြည့် ထိုးနှံထားသူများနှင့် ထပ်ဆောင်းကာကွယ်ဆေး ထိုးနှံထားသူများတွင် ကိုဗစ်–၁၉ ရောဂါကြောင့် သေဆုံးမှုကို သိသာစွာ လျှော့ချနိုင်ကြောင်းကို တွေ့ရှိရသည်ဖြစ်ရာ ဆီးချို၊ သွေးတိုး၊ နှလုံး၊ အသည်း၊ ကျောက်ကပ်၊ အဆုတ်၊ ကင်ဆာရောဂါ စသည်တို့ကဲ့သို့သော နာတာရှည်ရောဂါ အခံတစ်ခုခုရှိသူ ပြည်သူများအနေဖြင့် ကိုဗစ်–၁၉ ရောဂါ ကာကွယ်ရေးစည်းမျဉ်းစည်းကမ်းများကို တိကျစွာ လိုက်နာခြင်း၊ ပါးစပ်နှင့် နှာခေါင်းစည်း (Mask) ကို စနစ်တကျ တပ်ဆင်ခြင်းတို့အပြင် နီးစပ်ရာ ကျန်းမာရေးဌာနများ၊ ကျေးရွာ/ ရပ်ကွက် အုပ်ချုပ်ရေးမှူးရုံးများနှင့် ဆက်သွယ်၍ ကိုဗစ်–၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံမှုနှင့် ထပ်ဆောင်းကာကွယ်ဆေးများ ထိုးနှံခြင်းတို့ကို မပျက်မကွက်ဆောင်ရွက်ကြပါရန် အသိပေးနှိုးဆော်အပ်ပါသည်။

ကိုဗစ်–၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန

## တိုင်းဒေသကြီးနှင့် ပြည်နယ်များ၌ ကိုဗစ်- ၁၉ ရောဂါ ကာကွယ်ဆေးများ ဆက်လက်ထိုးနှံ

**နေပြည်တော် စက်တင်ဘာ ၂၇**

တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတို့၌ ကာကွယ်ဆေးထိုးနှံခြင်းကို ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် ရန်ကုန်တိုင်းဒေသကြီး ရန်ကင်းမြို့နယ်၌ ဒေသခံပြည်သူ ၂၀၅ ဦး၊ ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၂၆ မြို့နယ်၌ ဒေသခံပြည်သူ ၅၅၇၁ ဦး၊ ရခိုင်ပြည်နယ်အတွင်းရှိ မြို့နယ် လေးမြို့နယ်၌ ဒေသခံပြည်သူ ၁၈၆၃ ဦး၊ မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ခရိုင် ခုနစ်ခရိုင်၌ ဒေသခံပြည်သူ ၇၁၁၂ ဦးနှင့် ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့၌ တပ်မတော်မှ ဆေးအဖွဲ့များက ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ သက်ဆိုင်ရာ ကျန်းမာရေးဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများနှင့် ပူးပေါင်း၍ ကိုဗစ်–၁၉ ရောဂါ ကာကွယ်ဆေး ထိုးနှံပေးသည်။

ထို့အတူ ကျောင်းသား ကျောင်းသူများကိုလည်း ကိုဗစ်–၁၉ ရောဂါ ကာကွယ်ဆေးများ ထိုးနှံပေးလျက်ရှိရာ ယနေ့တွင် ရခိုင်ပြည်နယ်အတွင်းရှိ မြို့နယ် လေးမြို့နယ်၌ ကျောင်းသား ကျောင်းသူ ၁၇၄၈ ဦးနှင့် မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ခရိုင်ခုနစ်ခရိုင်၌ ကျောင်းသား ကျောင်းသူ ၇၃၉၈ ဦးတို့ကို တပ်မတော်မှ ဆေးအဖွဲ့များက ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ သက်ဆိုင်ရာ ကျန်းမာရေး ဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများနှင့် ပူးပေါင်း၍ ကိုဗစ်–၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပေးသည်။



ထို့ပြင် ကိုဗစ်–၁၉ ရောဂါ ထိန်းချုပ် ကာကွယ်ရာတွင် အထောက်အကူ ဖြစ်စေရန်အတွက် နှာခေါင်းစည်းများကို ပြည်သူများ လက်ဝယ်အရောက် တိုင်းစစ်ဌာနချုပ် အသီးသီးမှ တာဝန်ရှိသူများက အခမဲ့ပေးဝေလှူဒါန်းလျက်ရှိရာ ယနေ့တွင် နေပြည်တော် ကောင်စီနယ်မြေအတွင်းရှိ မြို့နယ် ရှစ်မြို့နယ်၊ တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့၊ ရန်ကုန်တိုင်းဒေသကြီး ခရိုင်များအတွင်းရှိ မြို့နယ် ၄၅ မြို့နယ်၊ ဧရာဝတီတိုင်းဒေသကြီး ကန်ကြီးထောင့်မြို့၊ စစ်ကိုင်းတိုင်းဒေသကြီး ခန္တီးမြို့နှင့် မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့ရှိ စာသင်ကျောင်းများ၊ ဈေးများ၊ လမ်းများ၊ မြို့အဝင်ဂိတ်များနှင့် လူစည်ကားရာ နေရာများတွင် နယ်မြေခံ တပ်မတော်သားများက ခရိုင်/မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့မှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာ ဝန်ထမ်းများ၊ တာဝန်ရှိသူများ၊ ပရဟိတအဖွဲ့များနှင့် ပူးပေါင်း၍ ကိုဗစ်–၁၉ ရောဂါ ကာကွယ်ရေးအတွက် အသိပညာပေး ဆောင်ရွက်ခြင်း၊ နှာခေါင်းစည်းများ တပ်ဆင်ပြီး သွားလာကြရန် လှုံ့ဆော်ခြင်းနှင့် နှာခေါင်းစည်းများကို ဒေသခံပြည်သူများ လက်ဝယ်အရောက် အခမဲ့ပေးဝေလှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## ကိုဗစ်-၁၉ ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာ ပစ္စည်းများ ပြည်ပမှအဆင်ပြေချောမွေ့စွာ တင်သွင်းနိုင်ရေး ဆောင်ရွက်ပေးလျက်ရှိ

**နေပြည်တော် စက်တင်ဘာ ၂၇**

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနအနေဖြင့် ကိုဗစ်–၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာပစ္စည်းများကို လေကြောင်း၊ ပင်လယ်ရေကြောင်းနှင့် နယ်စပ်ကုန်သွယ်ရေးစခန်းများမှ နှောင့်နှေးကြန့်ကြာမှုမရှိ တင်သွင်းနိုင်ရေးအတွက် အချိန်နှင့်တစ်ပြေးညီ စီစဉ်ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် အပြည်ပြည်ဆိုင်ရာလေဆိပ်မှ Covid Test Kit ၁၂၆၄ ခု တင်သွင်းခဲ့ကြောင်း သိရသည်။

ကိုဗစ်–၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာပစ္စည်းများကို သက်ဆိုင်ရာဌာနများနှင့် ညှိနှိုင်းထားသည့် SOP များနှင့်အညီ ဦးစားပေးတင်သွင်း ခွင့်ပြုပေးလျက်ရှိကြောင်းနှင့် ဆေးဝါးနှင့် ဆက်စပ်ပစ္စည်းများ တင်သွင်းခြင်းနှင့်ဆက်စပ်သည့် အသိပေးကြေညာချက်များကိုလည်း အများပြည်သူသိရှိစေရန် ဝန်ကြီးဌာန Website ဖြစ်သည့် commerce.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ရေး စီစဉ်ဆောင်ရွက်ပေးထားကြောင်း သိရသည်။

**သတင်းစဉ်**


လက်တွင် ကပ်ပါလာနိုင်သော ဗိုင်းရပ်စ်ပိုးကို ပျက်စီးစေရန်အတွက် လက်ကို ဆပ်ပြာနှင့်ရေအသုံးပြု၍ အနည်းဆုံး စက္ကန့်(၂၀) ကြာဆေးကြောပါ။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၊ သတင်းထုတ်ပြန်ရေးအဖွဲ့၏ အကြိမ်(၂၀)မြောက် သတင်းစာရှင်းလင်းပွဲ

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့၏ အကြိမ် (၂၀) မြောက် သတင်းစာရှင်းလင်းပွဲကို စက်တင်ဘာ ၂၀ ရက် မွန်းလွဲပိုင်းတွင် ပြန်ကြားရေးဝန်ကြီးဌာန၌ ကျင်းပပြုလုပ်ပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့ခေါင်းဆောင် ဗိုလ်ချုပ် ဇော်မင်းထွန်း၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးခင်မောင်ဦး၊ ဌာနဆိုင်ရာမှ ပြောရေးဆိုခွင့်ရှိသူများနှင့် ဌာနဆိုင်ရာသတင်းထုတ်ပြန်ရေးအဖွဲ့ ကိုယ်စားလှယ်များက သတင်းမီဒီယာများ၏ သိရှိလိုသည့် မေးမြန်းမှုများကို ပြန်လည်ဖြေကြားသည်။**

*(ယမန်နေ့မှအဆက်)*

**Cohesion News Agency မှ သတင်းထောက် ဒေါ်ဆွေဇင်ဦး** က ပြိုင်ဖက်ပါတီဆိုလျှင်ဖမ်းပြီး အမျိုးဘာသာ၊ သာသနာကို အလေးပေးလျှင် ဖမ်းသည့်ခေတ်ကို မိမိတို့ ငါးနှစ်တာကြုံခဲ့ရကြောင်း၊ ပါတီချင်း သူနိုင်၊ ငါနိုင် ပြိုင်သည်ထက်ပို၍ မိမိနိုင်ငံအတွက်မိမိပါတီသည်မည်ကဲ့သို့ကောင်းအောင်ပိုလုပ်မည်ဆိုခြင်းကိုသာ ပြည်သူများက ပြိုင်စေချင်ကြကြောင်း၊ မိမိမကြာသေးမီက UEC ကို မေးသည်မှာ အသုံးအနှုန်းလွဲသွားပါကြောင်း၊ မတရားအသင်းအဖြစ် ကြေညာခြင်းမဟုတ်ပါကြောင်း၊ နှင်းဆီပါတီကို နိုင်ငံရေးပါတီမှနေ၍ ပယ်ဖျက်ခဲ့ခြင်းသာ ဖြစ်ပါကြောင်း၊ နှင်းဆီပါတီ ဦးကျော်မြင့်သည် လက်နက်ကိုင်လမ်းစဉ်ကိုစွန့်၍ နိုင်ငံရေးစကားဝိုင်းသို့ ရောက်ရှိခဲ့သူဖြစ်ကြောင်း၊ ဗိုလ်ချုပ်တို့လည်း အတိအလင်းသိပြီးဖြစ်ပါကြောင်း၊ နိုင်ငံတော်၏ အနာဂတ်ကလေးငယ်များကို ပြုစုပျိုးထောင်ပြီး အမျိုးဘာသာ၊ သာသနာအတွက် နောက်မျိုးဆက်များ အားထားနိုင်လောက်သည့် မဟော်သဓာကျောင်း၏ Founder တစ်ယောက်ဖြစ်သည့် ဦးစိုးထွန်းရှိန်သည် NLD လက်ထက်တွင် မတရားဖမ်းဆီးခံခဲ့ရသည်ဟု မြင်ပါကြောင်း၊ တပ်မတော်အနေဖြင့် နောင်လာမည့်ရွေးကောက်ပွဲများ ကျင်းပပေးရန်အတွက် စီစဉ်နေသည်များရှိနေကြောင်း၊ လက်နက်ကိုင်အဖွဲ့များကိုလည်း စိတ်သဘောထားကြီးမားစွာဖြင့် ပြန်လည်ညှိနှိုင်းနေသည်ကို တွေ့ရပါကြောင်း၊ ယခုလိုအချိန်တွင် အမျိုးဘာသာ၊ သာသနာနှင့် တိုင်းပြည်အတွက် အားကိုးအားထားပြုနိုင်သည့်သူများကို အပြစ်မှဖြေလျှော့၍ တပ်မတော်အနေဖြင့် ပူးပေါင်းလက်တွဲပြီး ဆောင်ရွက်နိုင်မည့် အစီအစဉ်ရှိ/မရှိနှင့် အပြစ်များမှ ဖြေလျှော့ပေးနိုင်မည့်အစီအစဉ် ရှိ/မရှိကို သိလိုပါကြောင်း မေးမြန်းသည်။

## တရားဥပဒေအရ ငြိစွန်းပါက တရားဥပဒေအရ ဆောင်ရွက်ရမည်

**ဗိုလ်ချုပ် ဇော်မင်းထွန်း** က နှင်းဆီပါတီနှင့် ပတ်သက်၍ နိုင်ငံရေးပါတီမှ ပယ်ဖျက်ခဲ့ကြောင်း၊ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ ပြန်လည်သုံးသပ်ချိန်တွင် တချို့အရာများသည် မှန်ကန်သည့်အတွက်လုပ်ခဲ့ပါကြောင်း၊ ဦးစိုးထွန်းရှိန်ကိစ္စသည် ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ ၎င်းအနေဖြင့် သွင်းရမည်များကို ပေးသွင်းရမည်ဖြစ်ကြောင်း၊ ၎င်းလုပ်ဆောင်ရမည်များကို လုပ်ရမည်ဖြစ်ကြောင်း၊ တချို့နေရာများတွင် လုပ်ဆောင်ချက်နှင့် လူပုဂ္ဂိုလ်ဟူ၍ရှိကြောင်း၊ လူပုဂ္ဂိုလ်သည် မည်မျှအပြစ်ကင်းစင်သည်ဟု ယူဆသည်ဖြစ်စေ တရားဥပဒေအရ ငြိစွန်းပါက တရားဥပဒေအရ ဆောင်ရွက်ရမည်ဖြစ်ကြောင်း ပြန်လည်ဖြေကြားသည်။

**Cohesion News Agency မှ ဒေါ်ဆွေဇင်ဦး** က ရုရှားနိုင်ငံမှ ရောက်ရှိလာမည့် စက်သုံးဆီများသည် မည်သည့်နေရာတွင် ရောက်ရှိနေပြီး မည်သည့်အခြေအနေတွင်ရှိနေကြောင်း မေးမြန်းသည်။

**စက်သုံးဆီများ မကြာမီရက်ပိုင်းအတွင်း ရောက်ရှိမည်**

**ဗိုလ်ချုပ် ဇော်မင်းထွန်း** က ရုရှားနိုင်ငံမှ ရောက်ရှိလာမည့် စက်သုံးဆီများ ဖြန့်ဖြူးမှုအပိုင်းသည် Public Transportation သို့ အများအားဖြင့် ဖြန့်ဖြူးပေးမည်ဖြစ်ကြောင်း၊ စက်သုံးဆီများနှင့် ပတ်သက်လျှင် လမ်းခရီးတွင် ကြန့်ကြာမှုရှိကြောင်း၊ ရုရှားနိုင်ငံမှထွက်လာပြီး လမ်းခရီးတွင်ရောက်ရှိနေပြီဖြစ်ကြောင်း၊ မကြာမီရက်ပိုင်းအတွင်း ရောက်ရှိလာမည်ဖြစ်ကြောင်း၊ မည်သည့်ရက်တွင် ရောက်ရှိမည်ကို အတိအကျဖြေကြားပေးနိုင်မည် မဟုတ်ကြောင်း ပြန်လည်ဖြေကြားသည်။

**လူထုရင်ဖွင့်သံဂျာနယ်မှ အယ်ဒီတာ ဒေါ်ခိုင်စံပယ်ဦး** က ကျန်းမာရေးနှင့် ပတ်သက်သည့် မေးခွန်းမေးမြန်းလိုကြောင်း၊ ပရဟိတအဖွဲ့များအနေဖြင့် Accident ဖြစ်ပွားခဲ့သည့် နေရာမှလူနာကို လမ်းပေါ်မှကောက်ပြီး သက်ဆိုင်ရာမြို့နယ်ဆေးရုံသို့ သွားရောက်ပို့ဆောင်သည့်အခါ ပြည်သူ့ဆေးရုံများမှ လူနာရှင်မပါရှိပါက လူနာကို ဆေးရုံတင်ခွင့်မပြုကြောင်း၊ လူနာတင်ကားပေါ်တွင်ထားရှိစေပြီး လူနာရှင်နှင့် အဆက်အသွယ်ရရှိမှသာ ဆေးရုံတင်ခွင့်ပြုကြောင်း၊ လူနာတစ်ဦးအား ယခုဆေးရုံမှ အဆင်မပြေ၍ နောက်ဆေးရုံတစ်ရုံသို့ ကုသမှုလိုအပ်ချက်အရ ရွှေ့ပြောင်းရာတွင်လည်း ဆေးရုံကား အသုံးမပြုဘဲ မူလခေါ်ယူလာသော လူနာတင်ကားကို ဖုန်းဆက်ခေါ်ယူ၍ အသုံးပြုခဲ့ကြောင်း၊ သက်ဆိုင်ရာဆေးရုံများမှ လူနာတင်ကားများလည်း ပုံမှန်လည်ပတ်နေသည်ဟု သိရကြောင်း၊ ယင်းကိစ္စကို မည်သို့ဖြေရှင်းပေးနိုင်မည်ကို သိရှိလိုကြောင်း မေးမြန်းသည်။



**ဦးဝင်းနိုင်**
**နေပြည်တော်အွန်လိုင်း သတင်းအေဂျင်စီ**

## ခွဲခြားခြင်းမရှိဘဲ ကုသပေးနေ

**ကျန်းမာရေးဝန်ကြီးဌာနမှ တာဝန်ရှိသူတစ်ဦး** က အဆိုပါကိစ္စနှင့်ပတ်သက်၍ မိမိပြောလိုသည်မှာ ပြည်သူ့ဆေးရုံများအနေဖြင့် လူနာရှင်ပါသည်ဖြစ်စေ၊ မပါသည်ဖြစ်စေ ခွဲခြားခြင်းမရှိဘဲ ကုသပေးနေပါကြောင်း၊ မိမိကိုယ်တိုင်လည်း ပြည်သူ့ဆေးရုံတွင် တာဝန်ထမ်းဆောင်ကတည်းက လူနာရှင်မပါဘဲ သေဆုံးပြီးမှရောက်လာသည့် Dead body များကို ဆေးရုံက တာဝန်ယူပြီး သင်္ဂြိုဟ်ပေးခဲ့ရကြောင်း၊ မီဒီယာကြီး ပြောခဲ့သည့်ဖြစ်စဉ်နှင့် နေရာကိုအသေးစိတ်ပြောခဲ့စေလိုကြောင်း၊ သို့မှသာ တာဝန်ရှိသူများကို ထပ်ဆင့်တင်ပြပေးနိုင်မည်ဖြစ်ကြောင်း ဖြေကြားသည်။

**Myanmar National Post မှ သတင်းထောက် ဦးငွေထွန်း** က တပ်မတော်သားများနှင့် ပတ်သက်သည့် မေးခွန်းမေးမြန်းလိုကြောင်း၊ ပြန်တမ်းဝင်အရာရှိဖြစ်ခွင့်၊ မဖြစ်ခွင့်နှင့်ပတ်သတ်၍ အသက်အပိုင်းအခြားခွဲခြားထားမှုအခြေအနေကို သိလိုကြောင်း၊ တပ်မတော်တွင် အရာခံဗိုလ်ရာထူးအနေဖြင့် A group, B group, C group များရှိကြောင်း၊ စစ်သက်၊ လုပ်သက်နှင့်တွက်ချက်ပြီး ၁/၉၆ တွင် သတ်မှတ်ထားသည့် သတ်မှတ်ချက်နှင့်အဆင်ပြေနေကြောင်း၊ ယခုနောက်ပိုင်း ၂/၂၀၁၃ နောက်ပိုင်း သတ်မှတ်ချက်အရ အရာခံဗိုလ်သက်နှင့် လုပ်သက်များအနက် အသက်ကို အဓိကထားသည့်အတွက် တစ်ပတ်စဉ်တည်း ကျောင်းဆင်းလာသည့် သူငယ်ချင်း အချင်းချင်း ပြန်တမ်းဝင်အရာရှိဖြစ်သူနှင့် အသက်(၁၈)နှစ်ကတည်းက တပ်ထဲဝင်လာသူက ကျန်ခဲ့ပြီး နောက်ထပ်အသက်ထပ်တိုးသည့်အခါ ၎င်းတို့မှာ အရာရှိအတူမဖြစ်ဘဲ ဂျူနီယာကျသူများထက်ပင် နောက်ကျကျန်ခဲ့ကြောင်း၊ မဖြစ်သေးသူများလည်းရှိကြောင်း၊ ၂၀၂၂ တွင် သတ်မှတ်ခဲ့သည့် အရာခံဗိုလ် လုပ်သက် ၅၅ နှစ် စသည်တို့နှင့် ပတ်သက်ပြီး ပြင်ဆင်ပေးရန် ရှိ/ မရှိ သိလိုကြောင်း မေးမြန်းသည်။

**ဗိုလ်ချုပ် ဇော်မင်းထွန်း** က ပြန်လည်ဖြေကြားရာတွင် မိမိအနေဖြင့် အသေးစိတ်ကို သက်ဆိုင်ရာသို့ မေးမြန်းပြီးမှသာ ပြန်လည်ဖြေကြားလိုကြောင်း ပြောကြားသည်။



**ဦးငွေထွန်း**
**Myanmar National Post**

**တဲ့ပြောမီဒီယာမှ အယ်ဒီတာချုပ် ဦးဇော်မင်းဦး** က ကော်သူးလေ ARMY အဖွဲ့ ကို ခေါင်းဆောင်သူမှာ နယ်ဒါးမြဖြစ်ကြောင်း၊ ၎င်း၏ဖခင်မှာ KNU မှ ဗိုလ်ချုပ်ကြီးမြဖြစ်ကြောင်း၊ နယ်ဒါးမြမှာ ထိုင်းနိုင်ငံတွင်မွေးပြီး ထိုင်းနိုင်ငံသားဖြစ်နေကြောင်း၊ မိမိတို့နိုင်ငံတွင် ကော်သူးလေ ARMY ဆိုပြီး ဖွဲ့စည်းခဲ့ပြီး မိမိတို့နိုင်ငံကို ပျက်စီးရာပျက်စီးကြောင်းနှင့် ကုန်စည်စီးဆင်းမှုများကိုလည်း နှောင့်နှေးအောင် လုပ်ဆောင်နေကြောင်း၊ ဒေသဖွံ့ဖြိုးရေးလုပ်ဆောင်နေသော လမ်းလုပ်သားများကိုလည်း ရက်စက်စွာ သတ်ဖြတ်ခဲ့ကြောင်း၊ မြဝတီနှင့် ကော့ကရိတ် ဆက်သွယ်ထားသော လျှပ်စစ်တာဝါတိုင်များကိုလည်း မိုင်းခွဲဖျက်ဆီးခဲ့ကြောင်း၊ မိမိတို့နိုင်ငံအား နိုင်ငံခြားသားမှ ကျူးကျော်ရန်ပြုတိုက်ခိုက်ခြင်းဖြစ်ကြောင်း၊ နိုင်ငံခြားရေးဝန်ကြီးဌာနအနေဖြင့် ထိုင်းနိုင်ငံသံရုံးမှ တာဝန်ရှိသူများကို ခေါ်ယူတွေ့ဆုံစေလိုကြောင်း၊ ယခုဆိုလျှင် နယ်ဒါးမြ အမေရိကန်နိုင်ငံသို့ရောက်ရှိနေပြီး နိုင်ငံတကာတွင် အလျှုခံစားနေသော အဖွဲ့များနှင့်တွေ့ဆုံ၍ နိုင်ငံတော်ပျက်စီးရာပျက်စီးကြောင်း စီမံကိန်းများရေးဆွဲနေကြောင်း၊ မြန်မာ့တပ်မတော်အနေဖြင့် ကော်သူးလေ ARMY အဖွဲ့အစည်းကို မည်သို့ဆက်လက်ဆောင်ရွက်သွားမည်ကိုသိလိုကြောင်း၊ တိုင်းရင်းသားလက်နက်ကိုင်ခေါင်းဆောင်တစ်ဦးမှ မိမိကို ဖုန်းဆက်၍အကူအညီတောင်းပြီး မေးခွန်းမေးမြန်းခိုင်းထားမှုရှိကြောင်း၊ မြဝတီအာရှလမ်းပိုင်းလမ်းများ ပျက်စီးနေကြောင်း၊ နိုင်ငံတော်အနေဖြင့် ပြန်လည်ပြုပြင်ပေးရန် ရှိ/ မရှိနှင့် ဆောင်ရွက်မှုရှိပါက တိုင်းရင်းသားလက်နက်ကိုင်ခေါင်းဆောင်တစ်ဦးမှ လုံခြုံရေးပါ ဆောင်ရွက်ပေးမည်ဟု ပြောကြောင်း မေးမြန်းသည်။

## နယ်ဒါးမြအနေဖြင့် အခြားလက်နက်ကိုင်အဖွဲ့များနှင့် ပူးပေါင်း၍ တိုက်ခိုက်မှုများရှိ

**ဗိုလ်ချုပ် ဇော်မင်းထွန်း** က နယ်ဒါးမြနှင့် ပတ်သက်ပြီး မိမိအနေဖြင့်ပြောလိုသည်မှာ ၎င်းတို့အနေဖြင့် နယ်စပ်ဒေသဖွံ့ဖြိုးရေးအတွက် လမ်းပန်းဆက်သွယ်ရေးလုပ်ကိုင်နေသူများအား သတ်ဖြတ်ခဲ့ကြောင်း၊ နောက်ပိုင်းတွင် KNU၊ KNDO အဖွဲ့မှ ခွဲထွက်၍ ကော်သူးလေ ARMY ကို ဖွဲ့စည်းခဲ့ကြောင်း၊ ယင်းကိစ္စနှင့်ပတ်သက်၍ KNU၊ KNDO အဖွဲ့များမှ ကန့်ကွက်ခဲ့ကြောင်း၊ နယ်ဒါးမြအနေဖြင့် လက်နက်ကိုင်အဖွဲ့များ ထပ်မံဖွဲ့စည်းနေကြောင်း၊ အခြားလက်နက်ကိုင်အဖွဲ့များနှင့် ပူးပေါင်း၍ နယ်စပ်ဒေသများတွင် တိုက်ခိုက်မှုများရှိကြောင်း၊



**ဒေါ်မျိုးပပဖြိုးဝေလွင်**
**Queen For Peace News Angency**

မိမိတို့ တပ်မတော်အနေဖြင့် KNU အဖွဲ့ကို ငြိမ်းချမ်းရေးတံခါး ဖွင့်လှစ်ပေးခဲ့ပြီးဖြစ်ကြောင်း၊ နယ်ဒါးမြအဖွဲ့ကိုတော့ စစ်ဆင်ရေး ဆောင်ရွက်လျက်ရှိကြောင်း၊ မြဝတီအာရှကားလမ်းပိုင်းအနေဖြင့် သက်ဆိုင်ရာဝန်ကြီးဌာနမှ တာဝန်ရှိသူများက ဆက်လက်သတင်းပေးပို့သွားမည်ဖြစ်ကြောင်း ဖြေကြားသည်။

**Myanmar Public Press သတင်းဌာနမှ အယ်ဒီတာချုပ် ဦးဇော်မင်းနိုင်** က ကျေးလက်ဒေသတော်တော်များများတွင် ယခင်အစိုးရလက်ထက်ကတည်းက စရိတ်ကောက်ခံပြီး မီးလင်းရေး၊ ကျေးရွာဖွံ့ဖြိုးရေးများ ဆောင်ရွက်ခဲ့ပါကြောင်း၊ တချို့မီးလင်းရေးအဖွဲ့အစည်းများက တစ်လတစ်ကြိမ်၊ သုံးလတစ်ကြိမ်၊ ခြောက်လတစ်ကြိမ် စာရင်းရှင်းခြင်း၊ ပြည်သူများရှေ့တွင် ပွင့်လင်းမြင်သာစွာ ရှင်းပြသော်လည်း တချို့ မီးလင်းရေးကော်မတီများက ယခုအစိုးရလက်ထက်ထိ မရှင်းပေးကြောင်း၊ ယင်းအပေါ်တွင် ကျေနပ်မှုမရှိသည့် ပြည်သူများက အဆင့်ဆင့်တိုင်ကြားခြင်း၊ တစ်ဦးနှင့်တစ်ဦး တရားစွဲခြင်းများ အချို့ဒေသများ၌ရှိသည့်အတွက် ယင်းကိစ္စအား အစိုးရအနေဖြင့် ဖြေရှင်းဆောင်ရွက်ပေးခြင်း၊ စိစစ်အရေးယူပေးခြင်း အစီအစဉ် ရှိ/ မရှိ သိရှိလိုကြောင်း မေးမြန်းသည်။

**ဗိုလ်ချုပ် ဇော်မင်းထွန်း** က ကျေးလက်မီးလင်းရေးကော်မတီကို စဖွဲ့ကတည်းက ကျေးရွာသူကျေးရွာသားများက ၎င်းတို့၏ ဆန္ဒသဘောထားအတိုင်း ရွေးချယ်တင်မြှောက်ဖွဲ့စည်းကြောင်း၊ ယင်းကိစ္စနှင့်ပတ်သက်၍ ကျေးရွာသူ၊ ကျေးရွာသားများက ယင်းတို့သဘောဆန္ဒအတိုင်း စီစဉ်ဆောင်ရွက်ကြောင်း၊ လျှပ်စစ်နှင့်စွမ်းအားဝန်ကြီးဌာန အနေဖြင့် ကျေးရွာမီးလင်းရေးကော်မတီ လိုက်နာဆောင်ရွက်ရမည့်

*စာမျက်နှာ ၁၇ သို့*

*စာမျက်နှာ ၁၆ မှ*
ဝန်ခံကတိပြုချက် ၁၂ ချက်ကို ထုတ်ပြန်ထားရှိ၍ လိုက်နာဆောင်ရွက်စေပြီး လိုအပ်သည့် နည်းပညာ အကူအညီများပေးကြောင်း၊ ယင်းနှင့်ပတ်သက်၍ ကျေးရွာမီးလင်းရေး၊ ငွေအလွဲသုံးစားပြုမှု၊ အငြင်းပွားမှု၊ မသမာမှုများဖြစ်လာလျှင် လုပ်ထုံးလုပ်နည်းနှင့်အညီ လုပ်ဆောင်ရန် သက်ဆိုင်ရာဒေသအုပ်ချုပ်ရေးအဖွဲ့များအားတင်ပြ၍ အရေးယူဆောင်ရွက်နိုင်ကြောင်း ပြန်လည်ဖြေကြားသည်။

**ခေတ်ပုံရိပ်ဂျာနယ် အယ်ဒီတာချုပ် ဦးစိုးဝင်း** က မွန်ပြည်နယ် ကျိုက်ထိုမြို့နယ် စစ်တောင်းတံတားဟောင်းထိပ်သိမ်ဇရပ်မြို့၌ရှိသည့် စစ်တောင်းစက္ကူစက်ရုံတွင် ရွှေသံလွင်ဟိုင်းဝေးကုမ္ပဏီက ၁-၉-၂၀၁၁ ရက်နေ့က ရော်ဘာတာယာစက်ရုံ တည်ဆောက်ရန်အတွက် အစိုးရထံမှ တစ်နှစ်လျှင် ကျပ်ငွေ ၁၂၆ သန်းဖြင့် ၁၀ နှစ် စာချုပ်ချုပ်၍ ငှားရမ်းခဲ့ပါကြောင်း၊ သို့သော် မအောင်မြင်ခဲ့သဖြင့် ယင်းကုမ္ပဏီ မှ ၁၀-၁-၂၀၁၇ တွင် ပြည်နယ်အစိုးရအား ပြန်လည်အပ်နှံခဲ့ကြောင်း၊ သို့သော် ယင်းစက်ရုံသည် ယနေ့အချိန်ထိ အသုံးပြုခြင်းမရှိကြောင်း၊ ဒေသခံများ အလုပ်အကိုင်အခွင့်အလမ်းများ ရရှိရန်အတွက် ယင်းနေရာအား အခြားစက်ရုံများ တည်ဆောက်ပေးနိုင်ခြင်း ရှိ/ မရှိနှင့် ယင်းစက်ရုံအတွင်း မြေကေပေါင်း ၉၆၃၀ စက်မှုကုန်ကြမ်းစိုက်ပျိုးမြေများရှိကြောင်း၊ ယင်းမြေနေရာများကို ဒေသခံတောင်သူများအား ကောက်ပဲသီးနှံများစိုက်ပျိုးခွင့် ပြု၊ မပြု သိရှိလိုကြောင်း မေးမြန်းသည်။

**ဗိုလ်ချုပ် ဇော်မင်းထွန်း** က ယင်းကိစ္စနှင့်ပတ်သက်၍ သတင်းထောက်ကြီး ပြောသွားသည့် သတင်းအချက်အလက်များကို သေချာစိစစ်ကာ သက်ဆိုင်ရာဝန်ကြီးဌာနသို့ မေးမြန်း၍ ပြန်လည်ဖြေကြားပေးမည်ဖြစ်ကြောင်း ဖြေကြားသည်။

## ရွှေ့လျားဆေးခန်းများ

**နေပြည်တော်အွန်လိုင်း သတင်းအေဂျင်စီမှ လက်ထောက်အယ်ဒီတာ ဦးဝင်းနိုင်** က ကုန်ဈေးနှုန်းကြီးမြင့်လာသည့်အပေါ်တွင် ပြည်သူများ ဝင်ငွေနှင့်ထွက်ငွေ မမျှတသည့်အတွက်ကြောင့် စားဝတ်နေရေး အဆင်မပြေမှုများ၊ ကျန်းမာရေးဂရုစိုက်မှုအားနည်းလာသည့်အတွက်ကြောင့် အခြေခံလူတန်းစား မိဘပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုအနေဖြင့် ရွှေ့လျားဆေးခန်းများဖြင့် ဆေးကုသပေး နိုင်ရန်အစီအစဉ် ရှိ/ မရှိ မေးမြန်းသည်။

**ဗိုလ်ချုပ် ဇော်မင်းထွန်း**က ကျန်းမာရေးဝန်ကြီးဌာနအနေနှင့် ပြည်သူ့ကျန်းမာရေးစောင့်ရှောက်မှုကဏ္ဍများတွင် ကျေးရွာရပ်ကွက်များအထိ ဆောင်ရွက်ပေးနေကြောင်း၊ အထူးဆေးကုသပေးရန်အတွက် ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် လူအင်အားအခက်အခဲရှိကြောင်း၊ မီဒီယာများသိရှိသည့်အတိုင်း CDM အများစုသည် ကျန်းမာရေးဝန်ထမ်းများနှင့် ပညာရေးဝန်ထမ်းများဖြစ်ကြောင်း၊ ကျန်းမာရေးဝန်ကြီးဌာနတစ်ခုလုံးအနေဖြင့် ယခုအခြေအနေထိဖြစ်လာအောင် ကိုဗစ်-၁၉ တတိယလှိုင်းတွင် အတော်လုပ်ယူခဲ့ရပါကြောင်း၊ ကျန်းမာရေးဝန်ကြီးဌာနက ဆရာဝန်၊ ဆရာမများသာမက တပ်မတော်ကလည်း ကူခဲ့ရသည်များရှိပါကြောင်း၊ လတ်တလောတွင် ကျန်းမာရေးဝန်ကြီးဌာနက အထူးဆေးကုသရေးအဖွဲ့ စေလွှတ်ခြင်းများရှိပါကြောင်း၊ ယခင်က ရှမ်းပြည်နယ်ဘက်တွင် ကိုဗစ်-၁၉ ရောဂါနှင့်ပတ်သက်၍ အလွန်ဖြစ်ခဲ့ပြီး ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး၊ ညွှန်ကြားရေးမှူးချုပ်များသွားရောက်ပြီး အထူးဆေးကုရေးအဖွဲ့ဖြင့် သွားရောက်ဆောင်ရွက်ခဲ့ခြင်းများ ရှိပါကြောင်း၊ ရွှေ့လျားဆေးကုသရေးနှင့်ပတ်သက်ပြီး တပ်မတော်အနေဖြင့် ဆောင်ရွက်နေခြင်းများရှိပါကြောင်း၊ ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် ရပ်နားနေခြင်းများလည်း ရှိပါကြောင်း၊ လိုအပ်သည့်အချိန်တွင် တပ်မတော်နှင့် ကျန်းမာရေးဝန်ကြီးဌာန ပူးပေါင်းပြီး ဆက်လက်ဆောင်ရွက်သွားမည်ဟု ပြန်လည်ဖြေကြားသည်။

**NHP သတင်းဌာနမှ အယ်ဒီတာချုပ် ဦးဝင်းဦး** က ရုရှားခရီးစဉ်အတွင်း ရုရှားဖက်ဒရေးရှင်းနိုင်ငံသမ္မတကို မြန်မာနိုင်ငံသို့ လာရောက်ရန်အတွက် ဖိတ်ကြားခဲ့သည်ဟု သိရကြောင်း၊ ၎င်းအနေဖြင့် မည်သည့်အချိန်ခန့်တွင် လာရောက်နိုင်မည်ကို ဖြေကြားပေးရန် အဆင်ပြေပါက ဖြေကြားပေးစေလိုကြောင်း၊ မီဒီယာတစ်ခုက မေးမြန်းခဲ့သည့် မေးခွန်းတစ်ခုတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစိုးရဘက်မှ NUG ဘက်သို့ SPY များ လွှတ်ထားပါသလားဆိုသည့်မေးခွန်းကို ဗိုလ်ချုပ်ကလည်း ရှိကောင်းရှိနိုင်သကဲ့သို့ မရှိလျှင်လည်း မရှိနိုင်ဘူးဟု ပြန်လည်ဖြေကြားခဲ့သည်ကို တွေ့ရကြောင်း၊ အကယ်၍ရှိခဲ့မည်ဖြစ်ပြီး ၎င်းတို့ တစ်စုံတစ်ရာနစ်နာဆုံးရှုံးခဲ့မည်ဆိုပါက ၎င်းတို့၏ မိသားစုအတွက် မည်ကဲ့သို့သော လျှို့ဝှက်ထောက်ပံ့မှုများ လုပ်ဆောင်ပေးသွားရန် စီစဉ်ထားသည်ကို သိလိုကြောင်း၊ ၂၀၂၂ ခုနှစ်ကို ငြိမ်းချမ်းရေးနှစ်အဖြစ် သတ်မှတ်ထားပါကြောင်း၊ လက်ရှိကာလတွင် AA ကြောင့် ဖြစ်ပေါ်လာသည့် ဘင်္ဂလားဒေ့ရှ် နယ်စပ်ပြဿနာများ ဖြစ်လာနိုင်သဖြင့် AA ကို အကြမ်းဖက်အဖွဲ့အဖြစ် သတ်မှတ်သွားရန် အစီအစဉ် ရှိ/ မရှိ သိလိုကြောင်း၊ အခြေခံပြည်သူများ လူမှုဘဝတည်ငြိမ်စေရန်အတွက် ယခုဈေးနှုန်းမြင့်တက်လျက်ရှိသည့် အခြေခံစားကုန်များကို GEC ကဲ့သို့သော ဆိုင်များဖွင့်လှစ်၍ ရောင်းချပေးသွားရန် ရှိ /မရှိ သိလိုကြောင်း မေးမြန်းသည်။

## AA အဖွဲ့၏ လုပ်ရပ်များအပေါ်တွင်သာ မူတည်

**ဗိုလ်ချုပ် ဇော်မင်းထွန်း က** ရုရှားနိုင်ငံခရီးစဉ်နှင့်ပတ်သက်၍ သတင်းစာရှင်းလင်းပွဲအစောပိုင်းတွင် မိမိအနေဖြင့် အကျယ်တဝင့်ရှင်းလင်းခဲ့ပြီးဖြစ်ကြောင်း၊ အပြန်အလှန်သွားလာမှုများနှင့် ဆက်ဆံမှုများရှိနေမည်ဖြစ်သည်ဟုသာ ပြောလိုကြောင်း၊ စုံစမ်းထောက်လှမ်းရေးနှင့် ပတ်သက်သည့်ကိစ္စကိုပြောရလျှင် နိုင်ငံတော်လုံခြုံရေးနှင့်ပတ်သက်ပြီး လုပ်ဆောင်သည့်ကိစ္စများ မည်သည့်နိုင်ငံတွင်ဖြစ်စေ သူ့အကန့်နှင့်သူ လုပ်ရကြောင်း၊ ထို့ကြောင့် သတင်းထောက်ကြီး မေးမြန်းသည့်ကိစ္စနှင့်ပတ်သက်၍ မိမိဖြေကြားနိုင်သည့်အဖြေမှာ "မသိပါဘူး၊ သိရင်လည်း ကျွန်တော်ဒီနေရာမှာ မရှိပါဘူး" ဟုသာ ပြောလိုကြောင်း၊ AA အဖွဲ့နှင့်ပတ်သက်၍ အကြမ်းဖက်အဖွဲ့အဖြစ် သတ်မှတ်ခြင်း၊ မသတ်မှတ်ခြင်းမှာ ၎င်းတို့၏ လုပ်ရပ်များအပေါ်တွင်သာ မူတည်လိမ့်မည်ဖြစ်ကြောင်း၊ အခြေခံစားကုန်များနှင့်ပတ်သက်၍ တပ်မတော်တပ်ရင်း၊ တပ်ဖွဲ့များအနေဖြင့်လည်း တချို့နေရာများတွင် ဆောင်ရွက်လျက်ရှိကြောင်း၊ ရန်ကုန်မြို့တွင် ရန်ကုန်မြို့တော်စည်ပင်သာယာရေးအဖွဲ့နှင့် နေပြည်တော်တွင်လည်း နေပြည်တော်စည်ပင်သာယာရေးအဖွဲ့များစသည့် ဒေသဆိုင်ရာအဖွဲ့များကလည်း ၎င်းတို့တတ်နိုင်သမျှ လုပ်ဆောင်ပေးလျက်ရှိကြောင်း၊ မိမိတို့အနေဖြင့်လည်း ဆက်လက်တိုးချဲ့လုပ်ဆောင်သွားရန် စီစဉ်ထားကြောင်း ပြန်လည်ဖြေကြားသည်။

**General Life သတင်းဌာနမှ အယ်ဒီတာ ဦးအောင်ထူးထက်** က လက်ရှိအစိုးရလက်ထက်တွင် နိုင်ငံ့အရေး၊ နိုင်ငံရေးစသည်ဖြင့် နိုင်ငံရေးအသိပညာပေးလုပ်ငန်းစဉ်များကို လုပ်ကိုင်ဆောင်ရွက်ပေးရန်အတွက် ပြည်သူများကို Wellness ပေးရန်၊ Participation များ ပြုလုပ်ပေးရန် အစီအစဉ် ရှိ/ မရှိ သိလိုကြောင်း၊ ပြည်သူလူထုကို မည်ကဲ့သို့ သတင်းစကားပေးလိုသည်ကို သိလိုကြောင်း မေးမြန်းသည်။

## လူ့အခွင့်အရေးနှင့်ပတ်သက်သည်များကို အခြေခံမှစ၍သင်ကြားပေး

**ဗိုလ်ချုပ် ဇော်မင်းထွန်း** က အဓိကအားဖြင့် ပညာရေးစနစ်တွင်ပါပြီးဖြစ်ကြောင်း၊ ပညာရေးစနစ်တွင် သင်ရိုးများ၊ တွဲဖက်သင်ရိုးများရှိကြောင်း၊ ပညာရေးဝန်ကြီးဌာနက ပြဋ္ဌာန်းထားသည့် တွဲဖက်သင်ရိုးများကြည့်စေလိုကြောင်း၊ တွဲဖက်သင်ရိုးများတွင် ဒီမိုကရေစီနှင့်ပတ်သက်သည်များ၊ လူ့အခွင့်အရေးနှင့်ပတ်သက်သည်များကို အခြေခံမှစ၍သင်ကြားပေးကြောင်း၊ ၅ တန်းမှစ၍ သင်ကြားပေးကြောင်း၊ ပြည်သူများထက် မီဒီယာများကို ဦးစွာပြောလိုကြောင်း၊ ပညာရေးဝန်ကြီးဌာနက ထုတ်ထားသည့်အတွက် ကျောင်းသားများပါမကျန် သင်ကြားပေးသော တွဲဖက်သင်ရိုးစာအုပ်များထဲတွင် ဒီမိုကရေစီ၏တန်ဖိုးများ၊ လူ့ကျင့်ဝတ်တန်ဖိုးများ၊ လူ့အခွင့်အရေးတန်ဖိုးများ၊ ငြိမ်းချမ်းရေးနှင့်ပတ်သက်သည့် တန်ဖိုးများအကြောင်း ရေးသားထားသည်ကို ဖတ်ကြည့်စေလိုကြောင်း၊ မီဒီယာများ မသိသေးသည်များ ပါရှိသည်ကို အာမခံကြောင်း၊ မိမိကိုယ်တိုင်ဖတ်ပြီး မသိသေးသည်များ များစွာပါရှိကြောင်း၊ မိမိတို့အစိုးရအဖွဲ့၏ ကျောင်းသားလူငယ်များအရွယ်မှစ၍ အသိပညာဖွံ့ဖြိုးမှု၊ နိုင်ငံရေးအနေဖြင့် မည်သို့လုပ်ရမည်၊ မည်ကဲ့သို့ ရင့်ကျက်ရမည်၊ လူအချင်းချင်း မည်ကဲ့သို့ ပေါင်းစည်းနေထိုင်ရမည်ကို ယင်းစာအုပ်များထဲတွင် ပါရှိပြီးဖြစ်ကြောင်း၊ ထိုအချက်များနှင့်ပတ်သက်၍ ပြန်ကြားရေးဝန်ကြီးဌာန၏ ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ ပြည်သူ့ဆက်ဆံရေးရုံးများသည် မြို့နယ်တိုင်းတွင် ရှိပြီးဖြစ်ကြောင်း၊ ယင်းစာအုပ်များလည်း ရှိပါကြောင်း၊ မြို့နယ်တိုင်းရှိ စာကြည့်တိုက်များတွင် နံရံကပ်စာစောင်များပြုလုပ်နေရကြောင်း၊ မိမိတို့အနေဖြင့် မေတ္တာရပ်ခံလိုသည်မှာ အစိုးရအနေဖြင့် အစိုးရအဖွဲ့၏လုပ်ဆောင်နိုင်သည်များကို လုပ်ဆောင်လျက်ရှိပြီး မိမိတို့၏ ချို့ယွင်းအားနည်းချက်များလည်းရှိနိုင်ကြောင်း၊ ယခုနေရာမှနေ၍ ပြည်သူလူထုကို အသိပေးလိုကြောင်း၊ သတင်းထောက်ကြီးပြောသကဲ့သို့ မှန်ကန်နေပြီး တချို့ကိစ္စများသည် မဖြစ်သင့်ဘဲဖြစ်နေကြောင်း၊ နိုင်ငံရေး ရေချိန်အနေဖြင့် မပြည့်မီသေးကြောင်း၊ နည်းပါးသည်၊ ညံ့သည်ဟုမပြောလိုကြောင်း၊ မိမိကိုယ်တိုင်လည်း မပြည့်မီသေးကြောင်း၊ ဒီမိုကရေစီနိုင်ငံကို ထူထောင်ရာတွင် ပညာရေးစနစ်မြင့်မားသည့်၊ အသိပညာမြင့်မားသည့် နိုင်ငံရေးအရရင့်ကျက်မှုရှိသည့် အဖွဲ့အစည်းများပေါ်ပေါက်ရန်လိုကြောင်း၊ ယင်းအဖွဲ့အစည်းများပေါ်ပေါက်ရန် တစ်ဦးချင်းစိတ်ဓာတ်ကောင်းများ၊ ခံယူချက်ကောင်းများလည်း ရှိရန်လိုကြောင်း၊ ယင်းစိတ်ဓာတ်နှင့် ခံယူချက်များသည် ဖတ်ခြင်း၊ မှတ်ခြင်း၊ နားထောင်ခြင်း၊ လေ့လာသင်ယူခြင်းများပြုလုပ်ခြင်းဖြင့် ရရှိမည်ဖြစ်ကြောင်း၊ ယင်းအချက်များကို လုပ်ဆောင်ရန် မိမိတို့တွင် ရှိသင့်သည့် အရင်းအမြစ်များရှိပြီးဖြစ်ကြောင်း၊ ယင်းအရင်းအမြစ်များကို ပြည်သူလူထုအနေဖြင့် အသုံးချကြစေလိုကြောင်း၊ လက်ဆင့်ကမ်းကြရန် မိမိအနေဖြင့် ပြောကြားလိုကြောင်း ပြန်လည်ဖြေကြားသည်။

> **"ဒီမိုကရေစီနိုင်ငံကိုထူထောင်ရာတွင် ပညာရေးစနစ်မြင့်မားသည့်၊ အသိပညာမြင့်မားသည့် နိုင်ငံရေးအရ ရင့်ကျက်မှုရှိသည့် အဖွဲ့အစည်းများ ပေါ်ပေါက်ရန်လိုကြောင်း၊ ယင်းအဖွဲ့အစည်းများပေါ်ပေါက်ရန် တစ်ဦးချင်းစိတ်ဓာတ်ကောင်းများ၊ ခံယူချက်ကောင်းများလည်း ရှိရန်လိုကြောင်း၊ ယင်းစိတ်ဓာတ်နှင့် ခံယူချက်များသည် ဖတ်ခြင်း၊ မှတ်ခြင်း၊ နားထောင်ခြင်း၊ လေ့လာသင်ယူခြင်းများ ပြုလုပ်ခြင်းဖြင့် ရရှိမည်ဖြစ်ကြောင်း၊ ယင်းအချက်များကို လုပ်ဆောင်ရန် မိမိတို့တွင်ရှိသင့်သည့် အရင်းအမြစ်များရှိပြီးဖြစ်ကြောင်း၊ ယင်းအရင်းအမြစ်များကို ပြည်သူလူထုအနေဖြင့် အသုံးချကြစေလိုကြောင်း၊ လက်ဆင့်ကမ်းကြရန် မိမိအနေဖြင့် ပြောကြားလို"**

**97 Media မှ သတင်းထောက်ချုပ် နန္ဒလင်း (ထားဝယ်)**က ပြည်ပနိုင်ငံများတွင် ရောက်ရှိနေသော မြန်မာနိုင်ငံသားများ၏ မိသားစုသို့လွှဲငွေများကို တရားဝင်ဘဏ်များမှလွှဲနိုင်ရန် အလုပ်သမားဝန်ကြီးဌာနမှ စီစဉ်ဆောင်ရွက်ပေးလျက်ရှိသည်ကို သိရှိရပါကြောင်း၊ အစည်းအဝေး ပြုလုပ်သည်ကိုလည်း သိရှိရကြောင်း၊ ပြည်ပအလုပ်အကိုင်အကျိုးဆောင်လိုင်စင်ရအေဂျင်စီများနှင့် ပူးပေါင်းဆောင်ရွက်နေသည့် အခြေအနေများကို သိလိုကြောင်း မေးမြန်းသည်။

## လုံခြုံစိတ်ချရသော ငွေလွှဲပြောင်းမှု

**ဗိုလ်ချုပ် ဇော်မင်းထွန်း** က အလုပ်သမားဝန်ကြီးဌာနအနေဖြင့် ပြည်ပအလုပ်သမားအေဂျင်စီများမှ တစ်ဆင့် နိုင်ငံခြားသို့ သွားရောက်လုပ်ကိုင်ကြသူများကို နိုင်ငံခြားသို့မပို့မီစည်းရုံး၍ တစ်ဦးချင်း ဘဏ်အကောင့်များဖွင့်ပေးရန် စီစဉ်ထားကြောင်း၊ ပူးပေါင်းဆောင်ရွက်နေသည့် အေဂျင်စီများလည်း ရှိကြောင်း၊ မိမိတို့အနေဖြင့် အာမခံချက်ရှိပြီး လုံခြုံစိတ်ချရသော ငွေလွှဲပြောင်းမှုမျိုးဖြစ်စေရန် ဆောင်ရွက်ပေးခြင်းဖြစ်ကြောင်း၊ အေဂျင်စီများကလည်း ပူးပေါင်းဆောင်ရွက်ရန် ပြောလိုကြောင်း၊ သွားရောက်အလုပ်လုပ်ကိုင်မည့် အလုပ်သမားများအနေဖြင့် ကန့်သတ်ထားခြင်းမျိုးမရှိကြောင်း၊ ဘဏ်၌မဖြစ်မနေလဲရမည်ဟု မဆိုလိုကြောင်း၊ ကိုယ်တိုင်သုံးစွဲခြင်း၊ အခြားသူကို လွှဲပြောင်းပေးခြင်း၊ ဘဏ်ကိုရောင်းချခြင်းများရှိကြောင်း၊ ဘဏ်သို့ရောင်းချရာတွင် မကွာသော ဈေးနှုန်းဖြင့်ရောင်းချပေးရမည်ဆိုသည်မှာ ဘဏ်အလိုက်ရှိကြောင်း၊ ယုံကြည်စိတ်ချနိုင်ကြောင်း၊ အေဂျင်စီများအနေဖြင့် မိမိနိုင်ငံသားများဖြစ်သောကြောင့် အကျိုးဆောင်ပေးကြရန် မိမိအနေဖြင့် တိုက်တွန်းလိုကြောင်း ပြန်လည်ဖြေကြားသည်။

## ငွေစက္ကူအတု ပြဿနာ

**နေပြည်တော်ဟစ်တိုင်သတင်းစုံ CEO ဦးသက်နိုင်ထွန်း** က ပြီးခဲ့သည့်လ သတင်းစာရှင်းလင်းပွဲအပြီးနှင့် ယခုသတင်းစာရှင်းလင်းပွဲကြားတွင် ငွေစက္ကူအတု ပြဿနာနှင့်ပတ်သက်၍ ရှုပ်ထွေးမှုများဖြစ်ပေါ်နေသည်ကို စုံစမ်းသိရှိရကြောင်း၊ ငွေစက္ကူ အတုရောင်းဝယ်ခြင်းပြုလုပ်သူများကို တိတိကျကျဖော်ထုတ်ဖြိုခွင်းခြင်း မပြုနိုင်ပါက ယင်းငွေစက္ကူအတုများသည် ပြည်သူလူထုကြားသို့ရောက်ရှိပြီး မရှိဆင်းရဲသားများ၊ တိုင်းရင်းသားဒေသများရှိ ပြည်သူလူထုများသည် အတုမှန်းအစစ်မှန်းမသိဘဲ Wave Money ဆိုင်၊ မိသားစုအချင်းချင်း ဘဏ်တွင် ငွေသွားလွှဲခြင်း၊ ဈေးဆိုင်တွင် ဈေးဝယ်ရန် သုံးစွဲမိသည့်အခါမှ အတုမှန်းသိသဖြင့် အဖမ်းခံရနိုင်ကြောင်း၊ ထို့ကြောင့် ငွေစက္ကူအတုရောင်းဝယ်ခြင်းကိစ္စများ ပိုမို၍တွင်ကျယ်မှုမရှိလာစေရန် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစိုးရအနေဖြင့် အထူးကြပ်မတ်၍ မည်ကဲ့သို့စီစဉ်ဆောင်ရွက်ထားသည်ကို သိလိုကြောင်း မေးမြန်းသည်။

## ငွေစက္ကူအတု Online ပေါ်ပျံ့နှံ့

**ဗိုလ်ချုပ် ဇော်မင်းထွန်း** က ငွေစက္ကူအတုကိစ္စနှင့်ပတ်သက်၍ ယခင် သတင်းစာရှင်းလင်းပွဲများတွင်ပြောပြီးဖြစ်ကြောင်း၊ အများအားဖြင့် လိမ်ညာမှုများဖြစ်ပြီး အမှန်တကယ် ၎င်းတို့တွင် ဘာမှမရှိကြောင်း၊ Online ပေါ်မှ ငွေလိမ်ညာစားခြင်းဖြစ်ကြောင်း၊ ငွေစက္ကူအတုနှင့် ပတ်သက်၍ အရေးယူဆောင်ရွက်မည်ဆိုလျှင် စာရင်းဇယားများအရ Online ပေါ်တွင် ပျံ့နှံ့နေသည့်နေရာများသည် ခြောက်ခုခန့်ရှိပြီး မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့် သက်ဆိုင်ရာလုံခြုံရေးအဖွဲ့များ လိုက်လံစုံစမ်းသော အချိန်တွင် ငါးခုခန့်သည် အကောင့်အတုများ ဖြစ်ကြောင်း၊ ယင်းကိစ္စနှင့်ပတ်သက်၍ ၎င်းတို့နှင့် ဆက်သွယ်သောအချိန်တွင် Online မှ ငွေမည်မျှလွှဲပေးရန်ပြောပြီး လွှဲပြီးပါက ပြန်လည်ရရှိရန် အကြောင်းမရှိကြောင်း၊ ဗဟိုဘဏ်မှ ထုတ်သည့် နိုင်ငံတော်လုံခြုံရေးဆိုက်အရထုတ်သည့် ငွေစက္ကူကို

*စာမျက်နှာ ၁၈ သို့*

*စာမျက်နှာ ၁၇ မှ*

အတုပြုလုပ်ခြင်းသည် အင်မတန်ခဲယဉ်းသောကိစ္စဖြစ်ကြောင်း၊ ငွေစက္ကူအတုသည် လုံခြုံရေးအရ သိသာကြောင်း၊ ငွေစက္ကူအတုနှင့်ပတ်သက်ပြီး ပျံ့နှံ့မှုတွင် ဖမ်းဆီးရမိသောအချိန်၌ အထုပ်အထည်ဖြင့် ဖမ်းဆီးရမိမှုမရှိကြောင်း၊ အဓိကအားဖြင့် ရောညှပ်သုံးစွဲခြင်း၊ ဘဏ်အပ်ငွေအထုပ်များထဲတွင် နှစ်ရွက်၊ သုံးရွက်စသည်ဖြင့် တွေ့နိုင်ကြောင်း၊ ပြည်သူလူထုနစ်နာသည်ကို မိမိတို့တွေ့ရကြောင်း၊ ပြည်သူလူထုအနေဖြင့် Online ပေါ်တွင် လုပ်နေခြင်းများသည် အစစ်အမှန်မရှိသည်များသာ ဖြစ်သည်ကို အသိပေးလိုကြောင်း ပြန်လည်ဖြေကြားသည်။

**Queen For Peace News Angency မှ အယ်ဒီတာချုပ် ဒေါ်မျိုးပပဖြိုးဝေလွင်** က ကမ်းရိုးတန်းဒေသဖြစ်သည့် တနင်္သာရီတိုင်းဒေသကြီး ဘုတ်ပြင်းခရိုင် ကရသူရီမြို့နယ်အတွင်းရှိ ပြည်သူများမှာ ပင်လယ်ရေလုပ်ငန်းနှင့် ဥယျာဉ်တောင်ယာလုပ်ငန်းများလုပ်ကိုင်ကြပြီး အများစုမှာ ဥယျာဉ်တောင်ယာလုပ်ငန်း လုပ်ကိုင်ကြသူများဖြစ်ကြောင်း၊ အသက်မွေးဝမ်းကျောင်းလုပ်ငန်းအဖြစ် ဆီအုန်း၊ ရော်ဘာ၊ ကွမ်းသီးစသည့် သီးနှံများကို အများဆုံးစိုက်ပျိုးကြသူများဖြစ်ကြောင်း၊ အဆိုပါတောင်သူများမှာ ရိုးသားစွာကြိုးစားလုပ်ကိုင်နေကြသူများဖြစ်ကြပြီး မိမိတို့မိဘများ၏ အမွေသော်လည်းကောင်း၊ မိမိ၏မြေယာသော်လည်းကောင်း၊ မြေလွတ်မြေရိုင်းများပေါ်၌ လည်းကောင်း တစ်ပိုင်တစ်နိုင်စိုက်ပျိုးနေကြသူများဖြစ်ကြောင်း၊ သို့သော် အဆိုပါဥယျာဉ်ခြံစိုက်တောင်သူများမှာ ယနေ့အချိန်အထိ ၎င်းတို့၏ ပိုင်ဆိုင်မှုအထောက်အထားအနေဖြင့် မြေဂရန်များ လုံးဝရရှိခြင်းမရှိသေးကြောင်း၊ ရရှိသူများမှာလည်း လူနည်းစုသာဖြစ်ကြောင်း၊ သက်ဆိုင်ရာတာဝန်ရှိသူများနှင့် ဌာနဆိုင်ရာများကို တင်ပြလျှောက်ထားသော်လည်း ထူးခြားမှုမရှိသည့်အတွက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစိုးရအနေဖြင့် မြေဂရန်မရရှိသေးသဖြင့် အခက်အခဲများတွေ့ကြုံနေရသည့် ပြည်သူများအတွက် မည်ကဲ့သို့ကူညီဆောင်ရွက်ပေးနိုင်မည်ကို သိလိုကြောင်း မေးမြန်းသည်။

## မြေလွတ်မြေရိုင်းစီမံခန့်ခွဲရေးဥပဒေ

**ဗိုလ်ချုပ် ဇော်မင်းထွန်း** က အယ်ဒီတာချုပ်ကြီး မေးမြန်းခဲ့သည့် မေးခွန်းနှင့်ပတ်သက်၍ ယခုသတင်းစာရှင်းလင်းပွဲတွင် မိမိဖြေကြားနိုင်သည့် မြေလွတ်မြေရိုင်းနှင့်ပတ်သက်သည့် လုပ်ထုံးလုပ်နည်းများကို ဖြေကြားပေးမည်ဖြစ်ကြောင်း၊ တချို့သောနေရာများတွင် လုပ်ထုံးလုပ်နည်းများအရ မှန်ကန်သော်လည်း မြေပြင်တွင် အခက်အခဲများကြုံတွေ့နေရသည့် အခြေအနေများရှိသည်ကို တွေ့ရကြောင်း၊ ၎င်းတို့တွေ့ကြုံခဲ့ရသည့် အခက်အခဲများနှင့်ပတ်သက်သည့် အချက်အလက်များကို သက်ဆိုင်ရာဝန်ကြီးဌာနများမှ တာဝန်ရှိသူများထံ တစ်ပါတည်း တင်ပြပေးလိုက်စေလိုကြောင်း၊ ၂၀၁၈ ခုနှစ် မြေလွတ်မြေရိုင်းစီမံခန့်ခွဲရေးဥပဒေကို ပြင်ဆင်သည့် ပုဒ်မ ၂၂၊ ပုဒ်မခွဲ(ခ)အရ ရယူလုပ်ကိုင်အသုံးပြုလျက်ရှိသည့် မြေလွတ်မြေရိုင်းဧရိယာနှင့် ပတ်သက်ပြီး အသေးစိတ်အချက်အလက်များကို ပြည့်စုံစွာဖော်ပြ၍ မြေလွတ်မြေရိုင်းစီမံခန့်ခွဲရေးဥပဒေကို ပြင်ဆင်ပြဋ္ဌာန်းသည့်နေ့မှစ၍ သတ်မှတ်ချက်များနှင့်အညီ ဗဟိုကော်မတီထံ သက်ဆိုင်ရာကော်မတီများမှတစ်ဆင့် လျှောက်ထားရမည်ဖြစ်ကြောင်း။

တနင်္သာရီတိုင်းဒေသကြီးတွင် တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် မြေစာရင်းဦးစီးဌာန၏ ပြောပြချက်များအရ ဘုတ်ပြင်းခရိုင် ကရသူရီမြို့တွင် စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်ရန်အတွက် လုပ်ပိုင်ခွင့်လျှောက်လွှာပုံစံ (၁) ၄၈၅ စောင်ကို အခမဲ့ဖြန့်ဝေပေးထားသည်ဟု သိရကြောင်း၊ အဆိုပါ လျှောက်လွှာပုံစံ(၁)ဖြင့် တိုင်းဒေသကြီး မြေလွတ်မြေရိုင်းစီမံခန့်ခွဲရေးကော်မတီထံ လျှောက်ထားသူ ၄၈၅ ဦးရှိသည်ဟု သိရကြောင်း၊ မြေဧရိယာအနေဖြင့် ၁၂၆၃၂ ဧကရှိသည်ဟုလည်း သိရကြောင်း၊ တောင်သူ ၄၀ ၏ မြေဧရိယာ ၃၉၇ ဒသမ ၄၅ ဧကကို မြေလွတ်မြေရိုင်း လုပ်ပိုင်ခွင့်ပြုသည်ဟု သိရကြောင်း၊ ကျန်ရှိသည့်ပုံစံ(၁)ဖြင့် လျှောက်ထားသူ ၄၄၅ ဦး၊ မြေဧရိယာ ၁၂၂၃၅ ဧကနှင့်ပတ်သက်၍ ကန့်ကွက်လွှာခေါ်ယူခြင်း၊ လျှောက်ထားသည့်နေရာများကို မြေပြင်ကွင်းဆင်းစိစစ်ခြင်းနှင့် မြေပုံရေးဆွဲခြင်းလုပ်ငန်းများကို ဆောင်ရွက်ပေးနေသည်ဟု သိရကြောင်း၊ ထပ်မံလျှောက်ထားလာသည့် စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်မည့် မြေဧရိယာဧက ၃၀၀ နှင့် မွေးမြူရေးလုပ်ငန်း လုပ်ကိုင်မည့် မြေဧရိယာဧက ၅၀ တို့ကိုလည်း စနစ်တကျ စိစစ်ခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးနေသည်ဟုလည်း ပြောထားကြောင်း။

မြေလွတ်မြေရိုင်းလုပ်ပိုင်ခွင့်၊ အသုံးပြုခွင့်ရရှိသူများ၏ လုပ်ငန်းများအနေဖြင့် စိုက်ပျိုးရေးလုပ်ငန်း နှစ်ရှည်ပင် စိုက်ပျိုးမြေဖြစ်ပါက ခုနစ်နှစ်၊ ဥယျာဉ်သီးနှံ စိုက်ပျိုးမြေဖြစ်ပါက ငါးနှစ်၊ ရာသီသီးနှံနှင့် စက်မှုကုန်ကြမ်းသီးနှံဖြစ်ပါက လေးနှစ်ဟု သတ်မှတ်ပေးထားကြောင်း၊ မွေးမြူရေးလုပ်ငန်း လုပ်ကိုင်မည့်သူများအတွက်လည်း ကုန်ကျစရိတ်များကိုလည်း သတ်မှတ်ပေးထားသည်ဟု သိရကြောင်း၊ မိမိအနေဖြင့် ယခုပြန်လည်ဖြေကြားခဲ့သည့် အချက်အလက်များကို အယ်ဒီတာချုပ်ကြီး မေးခွန်းကြိုတင်မေးမြန်းစဉ်ကပင် တိုင်းဒေသကြီး လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနထံမှ တောင်းယူထားသည့် အချက်အလက်များဖြစ်ကြောင်း၊ မြေပြင်အခြေအနေများနှင့် ကွဲလွဲလျှင်လည်း ကွဲလွဲနိုင်ကြောင်း၊ မိမိဖြေကြားခဲ့သည့် အချက်အလက်များနှင့် မြေပြင်အခြေအနေကွဲလွဲသည့်အချက်များရှိပါက ယခုသတင်းစာရှင်းလင်းပွဲသို့ တက်ရောက်လာသည့် သက်ဆိုင်ရာဝန်ကြီးဌာနမှ တာဝန်ရှိသူထံ ပေးခဲ့စေလိုကြောင်း၊ ၎င်းတို့က ဆက်လက်ဆောင်ရွက်ပေးလိမ့်မည် ဖြစ်ကြောင်း၊ ၎င်းတို့အနေဖြင့် မရှင်းလင်းသည့်အချက်များရှိပါက သက်ဆိုင်ရာမြို့နယ် လယ်ယာမြေစီမံခန့်ခွဲရေးနှင့်စာရင်းအင်းဦးစီးဌာနထံ မေးမြန်းနိုင်သည်ဟုလည်း ပြောထားကြောင်း၊ ပုံစံ(၁)ဖြင့် လျှောက်ထားခြင်းနှင့်ပတ်သက်၍လည်း မြေလွတ်မြေလပ်မြေရိုင်းများ စီမံခန့်ခွဲရေးဥပဒေများနှင့်အညီ ဆက်လက်စိစစ်ဆောင်ရွက်ပေးသွားမည်ဟု ပြောထားကြောင်း၊ အမှန်တကယ် မြေပြင်တွင်ဖြစ်နေသည့် အခြေအနေများကို တိုက်ဆိုင်စစ်ဆေးနိုင်ရန်အတွက် သက်ဆိုင်ရာဝန်ကြီးဌာနမှ တာဝန်ရှိသူများထံ ပေးခဲ့စေလိုကြောင်း ပြန်လည်ဖြေကြားသည်။

## Drone ဖြင့် တိုက်ခိုက်နေမှုများ

**မြန်မာသံတော်ဆင့်ဂျာနယ်မှ အယ်ဒီတာ ဦးကိုကိုကြီး** က ကယားပြည်နယ် မိုးဗြဲဒေသ၌ ကရင်နီလက်နက်ကိုင်သောင်းကျန်းသူများနှင့် PDF များပူးပေါင်း၍ လုံခြုံရေးတပ်ဖွဲ့ဝင်များကို တိုက်ခိုက်ခြင်း၊ ဆက်သွယ်ရေးတာဝါတိုင်များကို ဖျက်ဆီးခြင်းများ လုပ်ဆောင်နေသည်ဟု ကြားသိနေရကြောင်း၊ အဆိုပါ သောင်းကျန်းသူများ၏ ပစ်ခတ်မှုများကြောင့် ရှေးဟောင်းဘုရားများနှင့် နေအိမ်များပျက်စီးခြင်းများ ဖြစ်ပွားနေသည်ဟုလည်း မီဒီယာများက ဖော်ပြနေသည်ကို တွေ့ရကြောင်း၊ မိုးဗြဲဒေသ၏ တည်ငြိမ်အေးချမ်းမှုအခြေအနေကို သိလိုကြောင်း၊ စစ်ကိုင်းတိုင်းဒေသကြီးအတွင်း အကြမ်းဖက်သောင်းကျန်းသူများက Drone များကို အသုံးပြု၍ စာသင်ကျောင်းများ၊ လူနေအိမ်များနှင့် ဘုန်းကြီးကျောင်းများကိုလည်း တိုက်ခိုက်နေကြသည်ကို တွေ့ရကြောင်း၊ ထိုကဲ့သို့ Drone ဖြင့် တိုက်ခိုက်နေမှုများကို မည်ကဲ့သို့ ကာကွယ်ပေးမည်ကိုသိလိုကြောင်း၊ ထို့ပြင် Drone များသယ်ဆောင်လာသူများကို ထိရောက်စွာ ဟန့်တားနိုင်မည့်ပြစ်ဒဏ်များချမှတ်ရန် လုပ်ဆောင်ရန်အစီအစဉ် ရှိ၊ မရှိ သိလိုကြောင်း၊ အခြား မေးခွန်းတစ်ခုအနေဖြင့် M-Tube ကို မည်သည့်အချိန်တွင် စတင်အသုံးပြုမည်ကိုသိလိုကြောင်း၊ ၁၉-၉-၂၀၂၂ ရက်က နိုင်ငံပိုင်သတင်းစာများတွင် M-Tube ၏ Trademark ကိုကြေညာထားသည်ကိုတွေ့ရကြောင်း၊ ထို့ကြောင့် မည်သည့်အဆင့်အထိ ရောက်နေပြီနှင့် မည်သည့်အချိန်တွင် စတင်အသုံးပြုနိုင်မည်ကို သိလိုကြောင်း မေးမြန်းသည်။

## အကြမ်းဖက်လုပ်ရပ်များကို သင်ကြားပေးနေသည့် အဓိကအဖွဲ့အစည်းတစ်ခုဖြစ်

**ဗိုလ်ချုပ် ဇော်မင်းထွန်း** က ကယားပြည်နယ်အတွင်းရှိ မိုးဗြဲဒေသနှင့် အောက်ဘက်မှ ဖယ်ခုံဒေသများအပါအဝင် ဒေသအချို့၌ ငြိမ်းချမ်းမှုမရှိသေးကြောင်း၊ လွိုင်ကော်ဒေသမှာမူ ယခင်က မြို့ပေါ်တွင်ပင်လျှင် လူမရှိသည့်အခြေအနေမှ ယခုနောက်ပိုင်းတွင် ပြန်လည်ဝင်ရောက်နေထိုင်နေကြပြီဖြစ်ကြောင်း၊ သို့သော် အောက်ပိုင်းတွင်ရှိနေသည့် ဖယ်ခုံကဲ့သို့သောနေရာများတွင်မူ လာရောက်ပစ်ခတ်တိုက်ခိုက်မှုများ ရှိနေဆဲဖြစ်ကြောင်း၊ KNPP နှင့်ပတ်သက်ပါက ထိုအဖွဲ့အစည်းအနေဖြင့် ယခင်ကတည်းကပင် မြို့ပေါ်မှထွက်ပြေးတိမ်းရှောင်သွားသည့် လူငယ်လူရွယ်များကို လက်ခံ၍ အကြမ်းဖက်လုပ်ရပ်များကို သင်ကြားပေးနေသည့် အဓိကအဖွဲ့အစည်းတစ်ခုဖြစ်ကြောင်း၊ ထိုကိစ္စနှင့်ပတ်သက်ပြီး တပ်မတော်အနေဖြင့် လိုအပ်သည့် လုံခြုံရေးဆောင်ရွက်မှုများ ဆောင်ရွက်လျက်ရှိသည်ဟု ပြောလိုကြောင်း၊ Drone များနှင့် ပတ်သက်ပါက မိမိတို့အနေဖြင့် သက်ဆိုင်ရာအရေးကြီးသည့်နေရာများနှင့် လူနေအဆောက်အအုံများကို Anti-Drone Gun များ တပ်ဆင်ပေးလျက်ရှိကြောင်း၊ အားလုံးအပြည့်အစုံ တပ်ဆင်နိုင်ခြင်းမရှိသေးကြောင်း၊ Drone များမှာလည်း ရိုးရိုးပစ်ချ၍ရသည့် Drone များမဟုတ်ဘဲ Anti-Drone Gun နှင့်သာ ပစ်ချနိုင်သည့် Drone များဖြစ်ကြောင်း၊ မိမိတို့အနေဖြင့် ထိုကိစ္စများကို တိုးချဲ့ဆောင်ရွက်လျက်ရှိသည်ဟုသာ ပြောလိုကြောင်း၊ M-Tube ကိစ္စနှင့်ပတ်သက်၍ ပြောရမည်ဆိုပါက လုပ်ဆောင်နေဆဲလုပ်ငန်းတစ်ခုအဆင့်တွင်သာ ရှိသေးကြောင်း၊ မှတ်ပုံတင်ထားပြီး လုပ်ငန်းစဉ်များစွာ ကျန်ရှိနေသေးကြောင်း၊ တိုးချဲ့လုပ်ဆောင်ရမည့်လုပ်ငန်းများနှင့် လက်တွေ့အသုံးပြုရမည့် လုပ်ငန်းများ ရှိသေးကြောင်း၊ လက်တွေ့အသုံးပြုနေသည့် လူမှုကွန်ရက်စာမျက်နှာများနှင့် Website များပင်လျှင် အသုံးပြုနေရင်းဖြင့် ၎င်းတို့၏ လိုအပ်ချက်များကို ထပ်မံဖြည့်စွက်နေရကြောင်း၊ M-Tube ၏ လက်ရှိအခြေအနေမှာ စမ်းသပ်ဆဲအဆင့်တွင်သာ ရှိသေးသည်ဟု ပြောလိုကြောင်း ပြန်လည်ဖြေကြားသည်။

**နေပြည်တော် အွန်လိုင်းသတင်းဌာနမှ အယ်ဒီတာချုပ် ဦးမင်းမောင်** က နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက ပြည်တွင်းမီဒီယာများအား ကိုဗစ်ကာကွယ်ဆေးထိုးနှံပေးခြင်းကို အစီအစဉ်ဆွဲ၍ဆောင်ရွက်ပေးခဲ့ကြောင်း၊ နှစ်ကြိမ်အထိ ထိုးနှံပေးပြီးဖြစ်ကြောင်း၊ ယခုနောက်ပိုင်း ဆက်လက်ထိုးနှံပေးခြင်းမရှိသဖြင့် ဆက်လက်ထိုးနှံပေးရန် အစီအစဉ် ရှိ၊ မရှိ သိလိုကြောင်းနှင့် ကျန်းမာရေးဝန်ကြီးဌာန၏ တရားဝင်သတင်းထုတ်ပြန်ချက်များအရ စက်တင်ဘာလဒုတိယအပတ်တွင် ကိုဗစ်ကူးစက်မှုများ မြင့်တက်လာသည်ကို တွေ့ရကြောင်း၊ ထိုကဲ့သို့ မြင့်တက်လာမှုအပေါ် ကြိုတင်ကာကွယ်တားဆီးနိုင်ရန်အတွက် အစိုးရအနေဖြင့် ကာကွယ်ဆေးများ လုံလောက်စွာ ကြိုတင်ပြင်ဆင်ပြီးဖြစ်၊ မဖြစ်သိလိုကြောင်း၊ မည်သည့်အတိုင်းအတာအထိ ပြင်ဆင်ပြီးဖြစ်သည်ကို သိလိုကြောင်း မေးမြန်းသည်။

**ဗိုလ်ချုပ် ဇော်မင်းထွန်း** က ကိုဗစ်-၁၉ ရောဂါနှင့်ပတ်သက်၍ ကာကွယ်ဆေးဝယ်ယူခြင်းနှင့် ကာကွယ်ဆေးထုတ်လုပ်နိုင်ရန် လုပ်ဆောင်နေသည့်အခြေအနေများကို ယခင်သတင်းစာရှင်းလင်းပွဲများတွင် ကျယ်ကျယ်ပြန့်ပြန့် ပြောပြီးဖြစ်ကြောင်း၊ မိမိတို့နိုင်ငံအနေဖြင့် တရုတ်နိုင်ငံနှင့်ပူးပေါင်း၍ ကာကွယ်ဆေးထုတ်လုပ်နိုင်ရန်အတွက် လုပ်ဆောင်ပြီးဖြစ်ကြောင်း၊ Myancopharm အမှတ်တံဆိပ် ကိုဗစ်-၁၉ ကာကွယ်ဆေးကို လစဉ်တွက်ချက်၍ ထုတ်လုပ်လျက်ရှိကြောင်း၊ ဝယ်ယူထားပြီး ရောက်ရှိရန်ကျန်နေသည့် ကာကွယ်ဆေးများလည်း ရှိပါကြောင်း၊ ကာကွယ်ဆေးလုံလောက်မှုရှိသည်ဟု ပြောလိုကြောင်း၊ ကာကွယ်ဆေးထိုးနှံမှုအခြေအနေနှင့် ကာကွယ်ဆေးလုံလောက်မှုအခြေအနေ အသေးစိတ်ကို ကျန်းမာရေးဝန်ကြီးဌာနမှ ဒေါက်တာသန်းနိုင်စိုးက ရှင်းလင်းပေးမည်ဖြစ်ကြောင်း ပြန်လည်ဖြေကြားသည်။

## ရွေ့လျားကာကွယ်ဆေးထိုးစုရပ်များအဖြစ် လိုက်လံထိုးနှံပေးလျက်ရှိ

**ကျန်းမာရေးဝန်ကြီးဌာနမှ ဒေါက်တာသန်းနိုင်စိုး** က ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးရရှိမှုအနေဖြင့် ဝန်ကြီးဌာနအနေဖြင့်ရရှိမှု ၈၁ ဒသမ ၄၉ သန်းကျော် ရရှိပြီးဖြစ်ကြောင်း၊ တစ်နိုင်ငံလုံးအနေဖြင့် တပ်မတော်နှင့် ပုဂ္ဂလိကကဏ္ဍမှ ကာကွယ်ဆေးများကိုပါ ထည့်တွက်မည်ဆိုပါက စုစုပေါင်း ၈၃ ဒသမ ၁၂ သန်းကျော် Dose ရရှိ ပြီးဖြစ်ကြောင်း၊ ထိုကာကွယ်ဆေးများကိုလည်း ဆက်လက်ထိုးနှံပေးလျက်ရှိကြောင်း၊ ထိုသို့ထိုးနှံပေးရာတွင် အသက် ၅ နှစ်မှ ၁၈ နှစ်အရွယ်အထိ အကျုံးဝင်သူများအားလုံးကို ကာကွယ်ဆေးအကြိမ်ပြည့် ထိုးနှံပေးလျက်ရှိကြောင်း၊ အသက် ၁၂ နှစ်မှ ၁၈ နှစ်အရွယ် အခြေခံပညာကျောင်းသား ကျောင်းသူများကို ကာကွယ်ဆေးနှစ်ကြိမ် ထိုးနှံပြီး၍ ခြောက်လပြည့်ပြီးချိန်တွင် ထပ်ဆောင်းကာကွယ်ဆေးအဖြစ် ထိုးနှံပေးလျက်ရှိကြောင်း၊ ထို့ပြင် အသက် ၁၈ နှစ်ပြည့်ပြီးသူအားလုံးကိုလည်း အကြိမ်ပြည့်ပေးလျက်ရှိသည့်အပြင် အကြိမ်ပြည့်ထိုးနှံပြီးစီး၍ ခြောက်လပြည့်သည့်အချိန်တွင် ထပ်ဆောင်းကာကွယ်ဆေးအဖြစ် ထိုးနှံပေးသည့်အပြင် ထပ်ဆောင်းကာကွယ်ဆေးထိုးနှံပြီးစီး၍ နောက်ထပ် ခြောက်လပြည့်သည့်အချိန်တွင်လည်း အပိုထပ်ဆောင်းကာကွယ်ဆေးအဖြစ် ထိုးနှံပေးလျက်ရှိကြောင်း၊ မိမိတို့တွင် ကာကွယ်ဆေးလက်ကျန်ပမာဏ သန်းနှင့်ချီ၍ ကျန်ရှိနေသေးကြောင်း၊ မကြာမီရောက်ရှိလာမည့် ကာကွယ်ဆေးအရေအတွက်မှာလည်း သန်းပေါင်းများစွာရှိပါကြောင်း၊ ပြည်သူများအနေဖြင့် ကာကွယ်ဆေးရရှိမှုနှင့် ထိုးနှံမှုအပေါ် စိတ်ပူရန်မလိုဘဲ လာရောက်ထိုးနှံကြရန် အလွန်အရေးကြီးပါကြောင်း၊ ကာကွယ်ဆေးထိုးနှံထားခြင်းမရှိသည့် အုပ်စုများတွင်သာ ရောဂါဖြစ်ပွားမှုနှင့် ရောဂါပြင်းထန်မှုကို တွေ့မြင်နေရကြောင်း၊ ကာကွယ်ဆေးထိုးနှံထားသည့် အုပ်စုများနှင့် Booster ဆေး ထိုးနှံထားသည့်အုပ်စုများတွင် ရောဂါဖြစ်ပွားမှုနည်းပါးသကဲ့သို့ ရောဂါပြင်းထန်ခြင်းနှင့် သေဆုံးမှုအခြေအနေ အင်မတန်နည်းပါးကြောင်းကိုလည်း တင်ပြအသိပေးပြီးဖြစ်ကြောင်း၊ ထို့ကြောင့် ကာကွယ်ဆေးများကို မဖြစ်မနေထိုးနှံကြရန်နှင့် ထပ်ဆောင်းကာကွယ်ဆေးထိုးနှံမှုများကိုလည်း မဖြစ်မနေ ထိုးနှံကြရန် အလွန်အရေးကြီးပါကြောင်း၊ ထို့အတွက် ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနရုံးများ၊ တိုင်းအဆင့်၊ ခရိုင်အဆင့်၊ မြို့နယ်အဆင့်၊ ဒေသန္တရကျန်းမာရေးဌာနများ၊ စာသင်ကျောင်းများ၊ ပြည်သူ့ဆေးရုံများကို အခြေပြု၍ ကာကွယ်ဆေးထိုးစုရပ်များ ဖွင့်လှစ်ထားပါကြောင်း၊ ထို့ပြင် လူစုလူဝေးရှိသည့် ဘိုးဘွားရိပ်သာများ၊ လူအများ စုဝေးမှုရှိသည့်နေရာများနှင့် အားကစားသမားများ လေ့ကျင့်သည့်နေရာများတွင် ရွေ့လျားကာကွယ်ဆေးထိုးစုရပ်များအဖြစ် လိုက်လံထိုးနှံပေးလျက်ရှိကြောင်း၊ ထို့ကြောင့် ပြည်သူလူထုအနေဖြင့် ကာကွယ်ဆေးထိုးစုရပ်များ၊ နီးစပ်ရာ ကျန်းမာရေးဌာနများအပြင် သက်ဆိုင်ရာ အုပ်ချုပ်ရေးမှူးများနှင့်ဆက်သွယ်၍ ကာကွယ်ဆေးထိုးနှံမှုကို မပျက်မကွက်ခံယူကြရန် ထပ်မံပြောကြားလိုကြောင်း ပြန်လည်ဖြေကြားသည်။ ။

## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၂၈-၉-၂၀၂၂ ဗုဒ္ဓဟူးနေ့

### MRTV HD

**၀၆:၀၀** တောင်တန်းသာသနာပြုဆရာတော်ဘုရားကြီး၏ပရိတ်တရားတော်(မောရသုတ်)
**၀၇:၀၀** နံနက်ခင်းသတင်း
**၀၈:၃၅** 'အသက်ထက်မြတ်သော ဂုဏ်သိက္ခာ' ဇာတ်တော်ကြီးတွင်ပါဝင်တင်ဆက်သူများရဲ့ စကားသံများ(အပိုင်း-၁)
**၁၀:၀၀** သတင်းထဲကသတင်း
**၁၀:၃၀** 'အသက်ထက်မြတ်သော ဂုဏ်သိက္ခာ' ဇာတ်တော်ကြီးတွင်ပါဝင်တင်ဆက်သူများရဲ့ စကားသံများ(အပိုင်း-၂)
**၁၃:၁၀** သီချင်းကြီးပဒေသာ
**၁၃:၃၀** MRTV National News
**၁၅:၃၀** မျိုးဂုဏ်တင့်စေဆိုကရေးတီးအမွေ
**၁၆:၃၅** အသိပညာနှင့်အမှန်တရား
**၁၇:၁၅** ခံစားသက်ဝင်မှုမှသည်ရသမြောက်အနုပညာဆီသို့
**၁၇:၄၀** ကြိုတင်ကာကွယ်ခွေးရူးရောဂါအန္တရာယ်
**၁၈:၀၀** ပြည်တွင်းသတင်း
**၁၈:၂၀** 'အသက်ထက်မြတ်သော ဂုဏ်သိက္ခာ' ဆိုဒိုပြောဇာတ်တော်ကြီး
**၁၉:၃၀** သံစဉ်ချိုမြမြန်မာတေးအလှ
**၂၀:၀၀** ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း မိုးလေဝသအခြေအနေ
**၂၁:၀၀** (၅၈)နှစ်မြောက်မြန်မာနိုင်ငံရဲ့တပ်ဖွဲ့နေ့ ဂုဏ်ပြုဇာတ်လမ်း 'ရောင်စဉ်တန်းတို့ထွန်းတောက်ချိန်' (အပိုင်း-၁)
**၂၁:၄၅** (၁၈)ကြိမ်မြောက်ဆိုကရေးတီးပြိုင်ပွဲ 'မဟာဗုဒ္ဓဝင်ဖွားတော်မူခန်း' (ဒုတိယဆု) (စစ်ကိုင်းတိုင်းဒေသကြီး) (ပထမပိုင်း)

### mitv

**07:02** Evergreen Classic: Myat Day Thanar (Pan Ei Phyu)
**07:10** Myanmar Puppeteers (Chinlone)
**07:21** Traditional Myanmar Lanterns
**07:28** Danu Food: Mone Nyin Saw Dish
**07:33** Myanmar Traditions and Culture: Tea
**08:01** News
**08:27** Asia Updates: Beyond the Mountains (Life in Xinjiang) (P-3) The New Generation
**08:52** Palm Resort
**09:01** Myanmar Musical Orchestra
**09:05** Winkabar Festival
**09:27** Artist Life: Designer May Myat Waso
**09:49** MONASTERY (Shwe In - Pin Kyaung)

### MRTV NRC

**အရှေ့ပိုးကရင် (၀၆:၀၀ မှ ၀၇:၀၀)**
ချိုအေးမွှေးတဲ့အုန်းမွှေးလုံး
**ချင်း (လိုင်ဇိုး) (၀၇:၀၀ မှ ၀၈:၀၀)**
ဆေးဘက်ဝင်သခွတ်ပင်
**ချင်း (ချိုး) (၀၈:၀၀ မှ ၀၉:၀၀)**
လည်ပတ်ချင်စရာချပ်ကျေးရွာ(အပိုင်း-၁)
**မွန် (၀၉:၀၀ မှ ၁၁:၀၀)**
အလှပြာဝေရာမညမြေ
**ရခိုင် (၁၁:၀၀ မှ ၁၃:၀၀)**
နံ့ထဲကရွှေကြာ
**ရှမ်း (၁၃:၀၀ မှ ၁၅:၀၀)**
ပင်လောင်းရှမ်းစက္ကူ
**ဝ (၁၅:၀၀ မှ ၁၇:၀၀)**
ဒေသတစ်လွှားစိတ်ဝင်စားဖွယ်ရာများ(အပိုင်း-၈)
**ကချင် (၁၇:၀၀ မှ ၁၉:၀၀)**
တိုင်းရင်းဆေးရှာဖွေလေ့လာသိကောင်းစရာ
**ကယား (၁၉:၀၀ မှ ၂၁:၀၀)**
ကယားရိုးရာခေါင်ရည်
**ပအိုဝ့်ကရင် (၂၁:၀၀ မှ ၂၂:၀၀)**
နှလုံးကျန်းမာရေးအကြောင်းသိကောင်းစရာ
**အနောက်ပိုးကရင် (၂၂:၀၀ မှ ၂၃:၀၀)**
ကရင်စကားပုံများအကြောင်း(အပိုင်း-၂)

### MRTV NEWS

**၀၆:၀၀** အဖွင့်၊ တေးသီချင်း
**၀၆:၄၀** အားကစားသတင်း
**၀၉:၁၅** ကြိုတင်ကာကွယ်ခွေးရူးရောဂါအန္တရာယ်
**၀၉:၃၀** နိုင်ငံတကာသတင်း (LIVE)
**၁၁:၀၀** ပြည်တွင်းသတင်း (LIVE)
**၁၃:၃၀** နိုင်ငံတကာသတင်း (LIVE)
**၁၄:၀၀** MRTV National News
**၁၅:၀၀** ပြည်တွင်းသတင်း (LIVE)
**၁၆:၀၀** သတင်းမှန်ကဏ္ဍ
**၁၉:၀၀** ပြည်တွင်းသတင်း (LIVE)
**၁၇:၃၀** နိုင်ငံတကာသတင်း (LIVE)
**၂၀:၀၀** ပြည်တွင်းသတင်း (LIVE)

### MRTV PARLIAMENT

**၀၉:၀၀** အဖွင့်၊ အလံ
**၀၉:၃၀** ဥပဒေရေးရာအဖြာဖြာဇာတ်လမ်းတို 'ဒါဏ်'
**၁၀:၀၀** ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ကြေညာချက်သတင်းများ
**၁၀:၃၀** ဥပဒေဆိုင်ရာသိမှတ်ဖွယ်ရာဆွေးနွေးခန်း (အပိုင်း-၃)
**၁၁:၀၀** ရွေးချယ်တင်မြှောက်ပုံစနစ်(အပိုင်း-၁)
**၁၁:၃၀** အတွေးအမြင် (အပိုင်း-၃)

### MRTV FARMERS'

**၀၆:၀၀** အဖွင့်၊ နိုင်ငံတော်သီချင်း၊ နှုတ်ခွန်းဆက်
**၀၆:၀၂** တောင်သူလယ်သမားရေးရာသတင်း
**၀၆:၂၅** အပင်ဇီဝအရင်းအမြစ်များစုဆောင်းရာ မျိုးစေ့ဘဏ်အကြောင်းသိကောင်းစရာ
**၀၇:၄၅** အညာမြေမှာစပျစ်ဝေ
**၀၈:၂၀** ခေတ်မီမီအရည်အသွေးကောင်းရောင်းပန်းလှ
**၀၈:၃၀** တန်ဖိုးမြင့်သစ်များမပြုန်းတီးရေး လူသုံးနည်းသစ်များသုံးစွဲပေး
**၀၉:၄၀** တိုက်ကြီးဒေသထွက်ကျွဲကော

### MRTV SPORTS

**၀၆:၀၀** အဖွင့်
**၀၆:၃၀** အခြေခံအားကစားနည်းစနစ်များ
**၀၇:၀၀** Sports News
**၀၇:၃၀** Soccer View/Weekly Sports Info Sports Diary/Weekly MNL Review
**၀၇:၄၅** အားကစားလောကထဲကသူတို့အကြောင်း
**၀၈:၀၀** ပြန်လည်ခံစားမြန်မာနေရှင်နယ်လိဂ် ဘောလုံးပွဲစဉ်များ
**၂၀:၀၀** ပြည်တွင်းသတင်း

Education Channel ကို နေ့စဉ်နံနက် (၉:၀၀)နာရီမှ တစ်ကြိမ်လျှင် (၄)နာရီ (၆)ကြိမ်နှုန်း (၂၄)နာရီ ထုတ်လွှင့်ပြသပေးလျက်ရှိပါသည်။

SCAN ME

www.mrtv.gov.mm t.me/mrtvnews twitter.com/mrtvwebportal

---

(၁၆) ကြိမ်မြောက်
ကမ္ဘာ့ခွေးရူးရောဂါကာကွယ်တိုက်ဖျက်ရေးနေ့




"ခွေးရူးရောဂါကြောင့် သေဆုံးမှု မရှိစေရေး၊
တစ်ခုတည်းသောကျန်းမာရေးအသိဖြင့် ဆောင်ရွက်ပေး"

၂၀၂၂ ခုနှစ်၊ စက်တင်ဘာလ (၂၈) ရက်
မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန

---

## ယနေ့ဈေးကွက်ပေါက်ဈေးများ

၂၇ - ၉ - ၂၀၂၂

### ရွှေ

| | |
|---|---|
| အကယ်ဒမီမီးလင်းရွှေအဖွင့်ဈေး တစ်ကျပ်သား | ကျပ် ၁၉၂၄၀၀၀ |
| အကယ်ဒမီမီးလင်းရွှေအပိတ်ဈေး တစ်ကျပ်သား | ကျပ် ၁၉၃၁၀၀၀ |
| ကမ္ဘာ့ရွှေဈေးအဖွင့်ဈေး တစ်အောင်စ အမေရိကန်ဒေါ်လာ | ၁၆၃၀ |
| ကမ္ဘာ့ရွှေဈေးအပိတ်ဈေး တစ်အောင်စ အမေရိကန်ဒေါ်လာ | ၁၆၃၇ |

(ရန်ကုန်တိုင်းဒေသကြီး ရွှေလုပ်ငန်းရှင်များအသင်းမှ ရယူပါသည်)

### စက်သုံးဆီ(လက်လီဈေးနှုန်းများ)

| စက်သုံးဆီ | (ရန်ကုန်) | (မန္တလေး) |
|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၂၅၄၀ ကျပ် | ၂၅၉၀ ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၂၆၂၅ ကျပ် | ၂၆၇၅ ကျပ် |
| အောက်တိန်း ၉၂ | ၂၀၇၀ ကျပ် | ၂၁၁၅ ကျပ် |
| အောက်တိန်း ၉၅ | ၂၁၄၀ ကျပ် | ၂၁၉၀ ကျပ် |

(Moon Sun စက်သုံးဆီအရောင်းဆိုင်မှ ရယူပါသည်)

### နိုင်ငံတကာ ငွေကြေးများ

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် ၂၁၀၀ . ၀ |
| ဥရောပ | တစ်ယူရို | ကျပ် ၂၀၂၀ . ၂ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် ၁၄၆၂ . ၃ |
| ထိုင်း | တစ်ဘတ် | ကျပ် ၅၅ . ၃၂၉ |
| ဂျပန် | ယန်း ၁၀၀ | ကျပ် ၁၄၅၃ . ၈ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် ၄၅၅ . ၄၆ |
| တရုတ် | တစ်ယွမ် | ကျပ် ၂၉၃ . ၀၁ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် ၂၅ . ၇၄၆ |

(မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ ရယူပါသည်)

### ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၉၅၀၀ | ၉၅၀၀ | ၁၁၇၁ | ၁၁၁၂၃၇၀၀ |
| MTSH | ၃၄၅၀ | ၃၆၀၀ | ၇၅၁၉ | ၂၆၈၁၁၇၅၀ |
| MCB | ၇၈၀၀ | ၇၈၀၀ | ၁၃၄ | ၁၀၄၅၂၀၀ |
| FPB | ၂၀၀၀၀ | ၂၀၀၀၀ | ၅၆ | ၁၁၂၀၀၀၀ |
| TMH | ၂၇၅၀ | ၂၈၀၀ | ၁၁၀ | ၃၀၃၀၀၀ |
| EFR | ၂၇၅၀ | ၂၇၅၀ | ၆၉ | ၁၈၉၇၅၀ |
| AHP | ၅၃၀၀ | ၅၃၀၀ | ၃၁ | ၁၆၆၃၀၀ |

ညီညီ - စုစည်းသည်

---

မြန်မာ့အလင်း

စာတည်းမှူးချုပ် - အောင်နိုင်ဦး
ခေတ္တစာတည်းမှူး - မြင့်စိုး
သတင်းထောက်မှူး - ခင်ရတနာ
စာတည်းများ - ကြည်ဝင်း၊ ဝင်းကျော်၊ သိမ့်သိမ့်မိုး
ဘာသာပြန်စာတည်း - ချိုးစန္ဒီနွေး၊ တင်လင်းအောင်
အကြီးတန်းသတင်းထောက်များ - ကျော်သူဝင်း၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်၊ နေဝင်းထွန်း(၂)
အငယ်တန်းသတင်းထောက်များ - ဝေသူနွယ်၊ မီမီဖြိုး၊ ဇော်ဝိုင်းအောင်၊ ခင်ဖြူထွေး
ဓာတ်ပုံသတင်းထောက် - တင်စိုး
သုတေသန - အိအိခင်နှင့် အဖွဲ့
စာပြင် - အေးအေးမိုးလှိုင်နှင့် အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - သန်းထွန်းအောင်နှင့် အဖွဲ့
အီးမေးနှင့် အွန်လိုင်း - သက်လွင်ဦးနှင့် အဖွဲ့
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၀၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၀၄၅၊ ဖက်စ် ၀၆၇-၃၆၁၀၄၃၊ ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၀၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

MYANMAR Digital News
Presented by NPE
www.mdn.gov.mm

# ဒုတိယအကြိမ်မြောက် မြန်မာနိုင်ငံရိုးရာခြင်းလုံးအဖွဲ့ချုပ် ဥက္ကဋ္ဌဖလား မိုးရာသီတံခွန်စိုက် မြန်မာ့ရိုးရာခြင်းလုံးခတ်ပြိုင်ပွဲ ပဒေသာ(ပြင်ဦးလွင်)အသင်းနှင့် UTH Club အသင်း ပထမဆုဆွတ်ခူး




**ရန်ကုန် စက်တင်ဘာ ၂၇**

၂၀၂၂ ခုနှစ် ဒုတိယအကြိမ်မြောက် မြန်မာနိုင်ငံ ရိုးရာခြင်းလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌဖလား မိုးရာသီတံခွန်စိုက် မြန်မာ့ရိုးရာခြင်းလုံးခတ်ပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲကို ယမန်နေ့က ရန်ကုန်မြို့ သဃ်န်းကျွန်းမြို့နယ်ရှိ အမျိုးသားအားကစားရုံ(၁)သုဝဏ္ဏ၌ ကျင်းပရာ ၁၀ ပေါက်တန်းပြိုင်ပွဲတွင် ပဒေသာ (ပြင်ဦးလွင်) အသင်းနှင့် ခြောက်ပေါက်တန်းတွင် UTH Club တို့က အနိုင်ရရှိသည်။

ပြိုင်ပွဲအပြီး ဆုချီးမြှင့်ပွဲကို ကျင်းပရာ ဆုရရှိသူများအား တာဝန်ရှိသူများက ဆုများချီးမြှင့်ပေးပြီး အမျိုးသား ခြောက်ပေါက်တန်း ပြိုင်ပွဲတွင် ပထမဆုရ UTH Club အသင်းကို တိုင်းဒေသကြီး အစိုးရအဖွဲ့ အတွင်းရေးမှူး ဦးညီညီမင်းနှင့် အမျိုးသား ၁၀ ပေါက်တန်းပြိုင်ပွဲတွင် ပထမဆုရ ပဒေသာ (ပြင်ဦးလွင်) အသင်းတို့ကို ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်း က ပေးအပ်ချီးမြှင့်ကြောင်း သိရသည်။(ယာပုံ)

**အာကာစိုး**

# ရုရှား - မြန်မာ နှစ်နိုင်ငံရေထွက်ကုန်လုပ်ငန်းပူးပေါင်းဆောင်ရွက်မှုမှ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်မှု၏ လင်းရောင်ခြည်များ ယှက်သန်းစေလျက်

**ရန်ကုန် စက်တင်ဘာ ၂၇**

ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဖက်ဒရယ်ငါးလုပ်ငန်းအေဂျင်စီ၏ အကြီးအကဲ Mr.Ilya Shestakov ၏ ဖိတ်ကြားမှုဖြင့် မြန်မာနိုင်ငံမှ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာ အောင်ကြီး ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် စက်တင်ဘာ ၂၁ မှ၂၃ ရက်အထိ စိန့်ပီတာစဘတ်မြို့ St.Petersburg Exhibition and Convention Center ၌ ကျင်းပခဲ့သော Global Fisheries Fourm and Seafood Expo Russia ဖိုရမ်ဖြစ်သည့် (၅)ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာ ငါးလုပ်ငန်းဖိုရမ်နှင့် ဆက်စပ်လုပ်ငန်းများဆိုင်ရာ ရေလုပ်ငန်းကုန်စည်ပြပွဲသို့ တက်ရောက်ခဲ့သည်။

ထိုသို့တက်ရောက်ရာတွင် မြန်မာ့ရေထွက်ကုန်များ တန်ဖိုးမြှင့်ထုတ်လုပ်နိုင်ရန်၊ ပင်လယ်ပြင် ငါး/ ပုစွန်ဖမ်းဆီးရာတွင် Deep Sea ၌ ကမ္ဘာ့နိုင်ငံများနှင့် ရင်ပေါင်တန်းဖမ်းဆီးနိုင်မည့် နည်းပညာပိုင်းဆိုင်ရာနှင့် မြန်မာနိုင်ငံတွင် မွေးမြူထုတ်လုပ်မှု အောင်မြင်လျက်ရှိသည့် ရေငန်ပုစွန်ဖြူကို ရုရှားနိုင်ငံသို့ တင်ပို့နိုင်ရေးအပါအဝင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ရေထွက်ကုန်ကဏ္ဍဆိုင်ရာ ပြည်ပပို့ကုန်တိုးမြှင့်တင်ပို့နိုင်ရေး နိုင်ငံတော်အတွက် စီးပွားရေးအခွင့်အလမ်းများစွာ သယ်ဆောင်လာခဲ့သော ဒုတိယဝန်ကြီးနှင့် အဖွဲ့အား ရေထွက်ကုန်ကဏ္ဍဖွံ့ဖြိုးမှုဆိုင်ရာနှင့် စပ်လျဉ်း၍ တွေ့ဆုံမေးမြန်းခဲ့သည်များကို ဖော်ပြလိုက်ပါသည်။



ဒေါက်တာအောင်ကြီး

**ဒေါက်တာအောင်ကြီး (စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး)**

ကျွန်တော်တို့သွားခဲ့တဲ့ အပြည်ပြည်ဆိုင်ရာ ရေလုပ်ငန်းဆိုင်ရာ ပြပွဲမှာ ငါးလုပ်ငန်းကဏ္ဍနဲ့ ပတ်သက်ပြီး ဆွေးနွေးခဲ့ပါတယ်။ ဒုတိယနေ့ဖြစ်တဲ့ စက်တင်ဘာ ၂၂ ရက်မှာ ရုရှားနဲ့ မြန်မာနိုင်ငံပူးတွဲပြီး ဆောင်ရွက်မယ့် လုပ်ငန်းရပ်တွေအတွက် လက်မှတ်ရေးထိုးခဲ့ပါတယ်။ အထူးသဖြင့် ငါးလုပ်ငန်းကဏ္ဍ ဖွံ့ဖြိုးတိုးတက်ဖို့ဖြစ်ပါတယ်။ ရုရှားနိုင်ငံဟာ ငါးလုပ်ငန်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်တဲ့ နိုင်ငံဖြစ်တာကြောင့် မြန်မာနိုင်ငံအတွက် နည်းပညာပိုင်းဆိုင်ရာနဲ့ ပစ္စည်းပိုင်းဆိုင်ရာ အကူအညီပေးမှုကို လက်မှတ်ရေးထိုးခဲ့ပါတယ်။ ရေထွက်ပစ္စည်းဖြစ်တဲ့ ငါး/ပုစွန် ထုတ်လုပ်မှုမှာ ကုန်ချော ထုတ်လုပ်မှုပိုင်းဆိုင်ရာ နည်းပညာအကူအညီနဲ့ တန်ဖိုးမြှင့်ထုတ်ကုန်အဖြစ်ထုတ်လုပ်ပြီး တင်ပို့နိုင်ဖို့အတွက် လက်မှတ်ရေးထိုးခဲ့တာ ရှိပါတယ်။ ရုရှားမှာရှိတဲ့ ရေလုပ်ငန်းနဲ့ ပတ်သက်တဲ့ စက်ရုံတွေကို လေ့လာခဲ့ပြီး စိန့်ပီတာစဘတ်မြို့က မြို့တော်ဝန်နဲ့ တွေ့ဆုံဆွေးနွေးပြီး နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်မယ့် ကိစ္စရပ်များကိုလည်း ဆွေးနွေးခဲ့ပါတယ်။ ယခုလို ဆောင်ရွက်နိုင်ခြင်းဟာ နိုင်ငံတော်ဝန်ကြီးချုပ်သွားရောက်ခဲ့တဲ့ ရုရှားခရီးစဉ်ရဲ့ အကျိုးကျေးဇူးကြောင့်ပါ။ မြန်မာနိုင်ငံရဲ့ လက်ယာစိုက်ပျိုးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ဖို့ ကိစ္စရပ်တွေမှာ အကူအညီပေးဖို့ ဖိတ်ကြားမှုအပေါ် သွားရောက် ဆွေးနွေးနိုင်ခဲ့တာဖြစ်ပါတယ်။ ဒီခရီးစဉ်ဟာ မကြာမီကာလအတွင်း မြန်မာ့ပင်လယ်ပြင်မှာ ငါးသယံဇာတတည်ရှိမှုကို သုတေသနပြုမယ့် ကဏ္ဍနဲ့ အခြားသောကဏ္ဍများမှာ ပူးပေါင်းလုပ်ဆောင်သွားဖို့ရှိပါတယ်။

အထူးသဖြင့် ကမ်းဝေးငါးဖမ်းသင်္ဘောနဲ့ပတ်သက်ရင် ငါးဖမ်းစက်လှေတွေရောက်ရှိနေတဲ့ နေရာကိုသိရှိပြီး စုံစမ်းစစ်ဆေး ဆောင်ရွက်နိုင်အောင် နည်းပညာအကူအညီအတွက် ဆွေးနွေးခဲ့တာရှိတယ်။ ကမ္ဘာမှာ မြန်မာဟာ ငါးဖမ်းဆီးမှုအဆင့် ၁၀ အတွင်းမှာ ရှိပေမယ့် ဖမ်းဆီးမှုကိရိယာနဲ့ နည်းပညာသုံးစွဲဖို့ လိုအပ်နေတာကြောင့် ပင်လယ်ပြင်မှာ မီတာ ၁၀၀ အောက်ဆိုရင် ဖမ်းဆီးလို့မရနိုင်တဲ့ အခြေအနေရှိပါတယ်။ ရေအောက်မီတာ ၂၀၀ ကနေ ငါး/ပုစွန် ဖမ်းဆီးနိုင်အောင် နည်းပညာပိုင်းဆိုင်ရာကို ဆွေးနွေးခဲ့ပြီး မကြာမီကာလအတွင်းမှာ ရုရှားကသင်္ဘော ၁၆ စင်း လာရောက်ပြီး နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်ဖို့ ရှိပါတယ်။ မြန်မာ့ပင်လယ်ပြင်မှာ ငါး/ပုစွန် ဖမ်းဆီးမှု နည်းပညာပိုင်းဆိုင်ရာအတွက် နည်းပညာနဲ့ ပစ္စည်းအထောက်အပံ့ရရှိဖို့ ဆွေးနွေးခဲ့တာလည်းရှိပါတယ်။ အပြည်ပြည်ဆိုင်ရာ ငါးလုပ်ငန်းဖိုရမ်မှာ ရေထွက်ကုန်ကို အဓိကထားပြီး ဆွေးနွေးတာ ဖြစ်ပေမယ့် တစ်ဖက်က မွေးမြူရေးနဲ့စိုက်ပျိုးရေး ကဏ္ဍအတွက်လည်း ဆွေးနွေးခဲ့တာလည်း ရှိပါတယ်။

ရုရှားနိုင်ငံဟာ မြန်မာနိုင်ငံကို ချစ်ကြည်ရင်းနှီးစွာနဲ့ ပူးပေါင်းဆောင်ရွက်သွားဖို့ အစီအစဉ်များစွာရှိပါတယ်။ မြန်မာနိုင်ငံဟာ စိုက်ပျိုးမွေးမြူရေးကဏ္ဍ ဖွံ့ဖြိုးလာတာကြောင့် စိုက်ပျိုးရေးနဲ့ အသားကဏ္ဍဖွံ့ဖြိုးတိုးတက်ဖို့ ဆက်လက်ဆောင်ရွက်မယ့် အစီအစဉ်တွေလည်းရှိတယ်။ ရုရှားနိုင်ငံနဲ့ လက်ရှိဆောင်ရွက်မှုဟာ ပထမဆုံးအကြိမ် သွားရောက်တာ ဖြစ်သော်လည်း တစ်ကြိမ်ဆိုရင်တစ်ကြိမ် အတိုင်းအတာနဲ့ အောင်အောင်မြင်မြင် ထူးထူးခြားခြားရှိခဲ့ပါတယ်။ ရုရှားနိုင်ငံက တာဝန်ရှိတဲ့ပုဂ္ဂိုလ်များက ရင်းရင်းနှီးနှီး တွေ့ဆုံပြီး ဆောင်ရွက်ခဲ့ရတာကြောင့် အခုခရီးစဉ်ဟာ မြန်မာနိုင်ငံအတွက် လယ်ယာစိုက်ပျိုးရေးကဏ္ဍ ဖွံ့ဖြိုးဖို့နဲ့ တောင်သူများရဲ့ လူမှုဘဝဖွံ့ဖြိုးတိုးတက်ဖို့အတွက် အထောက်အကူဖြစ်စေတဲ့ ခရီးစဉ်တစ်ခုလည်းဖြစ်စေခဲ့ပါတယ်။



ဒေါက်တာ တိုးနန္ဒာတင်

**ဒေါက်တာ တိုးနန္ဒာတင် (မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ် အကြီးတန်း ဒုတိယဥက္ကဋ္ဌ)**

ရုရှားနိုင်ငံက ရေထွက်ကုန်ကဏ္ဍအတွက် တာဝန်ရှိသူတွေနဲ့ တွေ့ဆုံဆွေးနွေးပြီး မြန်မာနိုင်ငံက လက်မှတ်ရေးထိုးပြီးတဲ့နောက်မှာ ရေထွက်ကုန်တင်ပို့မှုအတွက် ဆိပ်ခံတွေ၊ စက်ရုံတွေကို လာရောက်စစ်ဆေးဖို့ လိုပါ့မယ်။ EU ကိုပို့တဲ့ရေထွက်ကုန်တွေဆိုရင် EU က လာရောက်စစ်ဆေးတာရှိတယ်။ အဲဒီလိုပဲ ရုရှားနိုင်ငံကို ရေထွက်ကုန်တင်ပို့မယ်ဆိုရင် ပရိုတိုကောလ်လို့ခေါ်တဲ့လုပ်ငန်းစဉ်တွေ လုပ်ဆောင်ပြီးမှ ပို့ကုန်ကဏ္ဍကို လုပ်ဆောင်နိုင်မှာပါ။ ရုရှားမှာငါးနဲ့ ကဏန်းပေါများပြီး အအေးပိုင်းဖြစ်လို့ ပုစွန်မွေးမြူဖို့ ခက်ခဲတဲ့အတွက် အဓိက ပုစွန်ကို လိုလားတာ တွေ့ရတယ်။ တနင်္သာရီတိုင်းဒေသကြီး ငါးလုပ်ငန်းအဖွဲ့လည်းပါလာတာကြောင့် မွေးမြူထုတ်လုပ်နိုင်တဲ့အတွက် ပရိုတိုကောလ် မြန်မြန်လုပ်ဆောင်နိုင်ရင် မြန်မြန်တင်ပို့နိုင်တဲ့ အခြေအနေရှိပါတယ်။ တရုတ်နိုင်ငံနဲ့ ပရိုတိုကောလ်ပြီးသွားလို့ MoU ကျန်ပေမယ့် ငါးတန်နဲ့ပုစွန် သွားလို့မရသေးဘူး။ ယခုဟာက MoU ပြီးသွားပြီး ပရိုတိုကောလ်ကဏ္ဍ ကျန်နေသေးတယ်။ အဲဒီအပိုင်းတွေပြီးသွားမှ ပို့ကုန်ကဏ္ဍအဆင်ပြေမှာ ဖြစ်ပါတယ်။

ရေထွက်ကုန် ပို့ဆောင်ရေးမှာ ရေကြောင်းကို အဓိကအားပြုရမှာပါ။ တိုက်ရိုက်မရရင် တစ်ဆင့်တင်ပို့ပေးရမယ့်နေရာ လိုပါတယ်။ လောလောဆယ် ပုစွန်ကိုစိတ်ဝင်စားတာကြောင့် တနင်္သာရီတိုင်းဒေသကြီးမှာ အများဆုံးမွေးမြူတာဖြစ်တဲ့အတွက် ဘယ်လောက်မွေးနိုင်မလဲ၊ ဘယ်လောက်တင်ပို့ရမလဲ၊ ပရိုတိုကောလ် ဘယ်အချိန်ပြီးမလဲ စသဖြင့် မြန်မြန်ဆန်ဆန် လုပ်ဆောင်သွားမယ်ဆိုရင် ဈေးကွက်သစ်တစ်ခု ပွင့်သွားမှာပါ။ နောက်တစ်ခု မြန်မာ့ပင်လယ်ပြင်ရေနက်ပိုင်းကဏ္ဍကို မသိဘူး။ ငါး/ပုစွန်ကိုမီတာ ၂၀၀ မှာ အနိုင်နိုင်ဖမ်းနေချိန်မှာ အခြားနိုင်ငံတွေက မီတာ ၁၅၀၀ မှာ ဖမ်းဆီးနိုင်နေကြပြီ။ အဲဒီလိုဖမ်းဆီးနိုင်အောင် နှစ်နိုင်ငံ အကျိုးတူပူးပေါင်းဆောင်ရွက်မယ်ဆိုရင် နည်းပညာ တတ်မြောက်သွားမှာပါ။ ရေနက်ပိုင်း ရေထွက်ကုန်ဖမ်းဆီးရေး ကဏ္ဍလည်း ဖွံ့ဖြိုးလာမှာပါ။ နော်ဝေနဲ့ မြန်မာ့ပင်လယ်ပြင်သုတေသနလုပ်ငန်း ရပ်နားထားတာကြာပြီဖြစ်တဲ့အတွက် ရုရှားက သုတေသနရေယာဉ်နဲ့ ပူးပေါင်းဆောင်ရွက်ဖို့ ဆွေးနွေးခဲ့တာရှိတာကြောင့် မြန်မာ့ရေသယံဇာတ ဘယ်လောက်ရှိပြီး ဘယ်လိုဖမ်းဆီးနိုင်မယ်ဆိုတဲ့ အဖြေထွက်ပေါ်လာမယ်လို့ ထင်ပါတယ်။



ဦးသက်စိုး

**ဦးသက်စိုး( တနင်္သာရီတိုင်းဒေသကြီး ငါးလုပ်ငန်းအဖွဲ့ချုပ် အတွင်းရေးမှူး)**

တနင်္သာရီတိုင်းဒေသကြီးမှာ ပနားမီးပုစွန်မွေးမြူမှု အောင်မြင်နေတဲ့အတွက် တရုတ်နဲ့ ထိုင်းကိုတင်ပို့ဖို့ ကြိုးစားနေတာရှိပါတယ်။ အခု ရုရှားနိုင်ငံနဲ့ ချိတ်ဆက် ဆောင်ရွက်နိုင်ခဲ့တယ်လို့ ဆိုရမှာပါ။ ရေငန်ပုစွန်ပနားမီး မွေးမြူထုတ်လုပ်နေတာဖြစ်တဲ့အတွက် ရုရှားနိုင်ငံနဲ့ ပနားမီးပုစွန်ဖြူတင်ပို့ဖို့ အခွင့်အလမ်းရခဲ့ပါတယ်။ မြန်မာ့ရေငန်ပုစွန် တင်ပို့နိုင်ပြီဆိုရင် ရေထွက်ကုန်ပြည်ပပို့ကုန်ကဏ္ဍအတွက် အခွင့်အလမ်းများစွာ ရရှိစေမှာပါ။ လက်ရှိတရုတ်နိုင်ငံဖြစ်စေ၊ ရုရှားနိုင်ငံဖြစ်စေ ရေထွက်ကုန်တင်ပို့ရာမှာ G to G လုပ်ဆောင်နိုင်ရင် နိုင်ငံအတွက် ရေရှည်မှာအကျိုးရှိစေပါတယ်။ တနင်္သာရီတိုင်းဒေသကြီးမှာ ရေငန်ပနားမီး ပုစွန်ဖြူမွေးမြူတဲ့ ကုမ္ပဏီလေးခုရှိပါတယ်။ ဝယ်လိုအားရှိရင် ရှိသလို မွေးမြူနိုင်တာကြောင့် ထုတ်လုပ်မယ့်အပိုင်းက အဆင်သင့်ရှိနေတယ်လို့ဆိုရမှာပါ။ အားလုံးပြီးစီးသွားလို့ ပုစွန်တင်ပို့မယ်ဆိုရင် ပို့ဆောင်မှုစရိတ် ကအစ တွက်ချက်ရမှာ ဖြစ်တဲ့အတွက် ခိုင်မာတဲ့ဈေးကွက်တစ်ခု ပေါ်ထွန်းဖို့ပဲ လိုပါတယ်။ အခုခရီးစဉ်ဟာ ရေထွက်ကုန်မွေးမြူရေးကဏ္ဍအတွက် တန်ဖိုးဖြတ်လို့မရတဲ့ ခရီးစဉ်ဖြစ်တာကြောင့် နိုင်ငံတော်နဲ့ ဝန်ကြီးဌာနကိုလည်း ကျေးဇူးတင်ပါတယ်။

**တွေ့ဆုံမေးမြန်း – ညိမ်းသူ(သတင်းစဉ်)**

# အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

**နေပြည်တော် စက်တင်ဘာ ၂၇**

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

**အသိပေးသတင်းထုတ်ပြန်ခဲ့ပြီး**

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-ကနှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ် ဆက်သွယ်ဆောင်ရွက်ရေးဥပဒေပုဒ်မ ၃၃ (က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့် သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ထိုကဲ့သို့ အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း မန္တလေးတိုင်းဒေသကြီး မြင်းခြံမြို့နယ် အမှတ်(၆)ရပ်ကွက်နေ ချမ်းမြေ့အောင်(ခ) ကိုဖြိုးသည် ၎င်းအသုံးပြုသည့် "Ko Phyo" Face book အကောင့်ဖြင့် အသိပေးသတင်းထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုမူလုပ်ဆောင်ခဲ့သည့်အတွက် တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ် အရေးယူခြင်းများ ဆောင်ရွက်ခဲ့ရသည်။

**ထိရောက်စွာ အရေးယူသွားမည်**

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်း ပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ် အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# သတင်းအမှန် ပြင်ဆင်ဖတ်ရှုပေးပါရန်

**နေပြည်တော် စက်တင်ဘာ ၂၇**

စက်တင်ဘာ ၂၆ ရက်ထုတ် မြန်မာ့အလင်းသတင်းစာ စာမျက်နှာ (၇)တွင် ပါရှိသော ရေကြည်မြို့နယ်၌ မုန်တိုင်းမိုးကြောင့် ပဲစိုက်ဧက ၇၀၀ ကျော် ပျက်စီးဆုံးရှုံးသတင်းနှင့်စပ်လျဉ်း၍ ဖြစ်စဉ်အမှန်မှာ ရေကြည်မြို့နယ် ဘုရားကုန်းကျေးရွာအုပ်စု၊ ကွင်းလျားကျေးရွာအုပ်စု၊ ကညင်ငူကျေးရွာအုပ်စု၊ နွားရေတိုက်ကျေးရွာအုပ်စု၊ နှောကုန်းကျေးရွာအုပ်စုတို့တွင် ပဲစိုက်ဧကများ ပျက်စီးဆိုသည်မှာ သတင်းရေးသားသူ၏ လွဲမှားသော အချက်အလက်များဖြစ်ကြောင်း သိရပြီး အဆိုပါနေရာများတွင် ပဲစိုက်ရန် တာဝန်ပေးအပ်ထားခြင်းမရှိကြောင်းနှင့် ဆောင်းသီးနှံပဲစိုက်ရာသီလည်း မဟုတ်ကြောင်း၊ မုန်တိုင်းမိုးကြောင့် ရေတက်ပြီး ပဲစိုက်ဧက ၇၀၀ ကျော်နှင့် ငွေကျပ် သိန်း ၄၀၀ ကျော်ခန့် တောင်သူများ ဆုံးရှုံးကြောင်းဆိုသည်မှာ မှန်ကန်မှုမရှိကြောင်း သက်ဆိုင်ရာမှ သိရသည်။

သတင်းတွင်ပါရှိသည့် ကျေးရွာအုပ်စုအချို့မှာ ဝေန်ရေကာတာ၏ တစ်ဖက် ကိုင်းသီးနှံစိုက်ကျေးရွာ အုပ်စုများဖြစ်ပြီး ချောင်းမြောင်းပေါများသော ဒေသများဖြစ်ခြင်းကြောင့် ချောင်းစပ်တွင် စိုက်ထားသော ပဲသုံးဧကခန့်သာ မုန်တိုင်းမိုးကြောင့် ပျက်စီးထိခိုက်ခြင်းသာ အမှန်ဖြစ်ကြောင်း သက်ဆိုင်ရာ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများ၏ တင်ပြချက်အရ သတင်းအမှန် သိရှိရပါသည်။

**မြန်မာ့အလင်း**

# ရှမ်းပြည်နယ်(မြောက်ပိုင်း) နောင်ချိုမြို့နယ်၌ ငွေကျပ်သိန်း ၂၅၀၀ကျော် တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြား ငါးသိန်း ဖမ်းဆီးရမိ

**နေပြည်တော် စက်တင်ဘာ ၂၇**

ရှမ်းပြည်နယ် (မြောက်ပိုင်း) နောင်ချိုမြို့နယ်တွင် ငွေကျပ်သိန်း ၂၅၀၀ ကျော်တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြား ငါးသိန်း ဖမ်းဆီးရမိခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

ဖြစ်စဉ်မှာ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် စက်တင်ဘာ ၂၄ ရက် မွန်းလွဲ ၁ နာရီတွင် ရှမ်းပြည်နယ် (မြောက်ပိုင်း) နောင်ချိုမြို့နယ် လားရှိုး - မန္တလေးသွားကားလမ်း အိုရီယမ်တယ်တိုးဂိတ်အနီးတွင် လားရှိုးမှ နောင်ချိုဘက်သို့ မင်းနိုင် မောင်းနှင်လာသည့် Nissan UD ၁၂ ဘီး မော်တော်ယာဉ်ကို သတင်းအရရှာဖွေရာ ယာဉ်ပေါ်မှ ဒေသကာလတန်ဖိုး ငွေကျပ်သိန်း ၂၅၀၀ ကျော် တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြား ငါးသိန်းနှင့် စိတ်ကြွရူးသွပ်ဆေးပြား ထုတ်လုပ်ရာတွင် အသုံးပြုသည့် အနံ့ဆေးရည် ၅၉ ဒသမ ၇ လီတာ၊ အရောင်မှုန့် ၁၃၂ ဒသမ ၂ ကီလို သိမ်းဆည်းရမိခဲ့ပြီး စစ်ဆေးချက်အရ ညနေ ၃ နာရီခွဲတွင် နောင်ချိုမြို့နယ် ကျောက်ကြမ်း ကျေးရွာအနီး လားရှိုး - မန္တလေးသွား ကားလမ်းဘေးတွင် စိတ်ကြွရူးသွပ်ဆေးပြားများ သယ်ဆောင်ရာ၌ ပူးပေါင်းပါဝင်သူ ရဲမင်းနိုင်အား ဆက်လက်ဖမ်းဆီးရမိခဲ့ကြောင်း၊ စစ်ဆေးဖော်ထုတ်ချက်အရ သိမ်းဆည်းရမိ စိတ်ကြွရူးသွပ်ဆေးပြားများအား ရှမ်းပြည်နယ် (မြောက်ပိုင်း)မှ မန္တလေးတိုင်းဒေသကြီးသို့ သယ်ဆောင်ခြင်း ဖြစ်ကြောင်း သိရှိရသဖြင့် ၎င်းတို့အား ဥပဒေအရအရေးယူထားရှိပြီး ကွင်းဆက်ပြစ်မှုကျူးလွန်သူများအား ဆက်လက်စစ်ဆေး ဖော်ထုတ်လျက်ရှိကြောင်း သိရသည်။ **သတင်းစဉ်**



မင်းနိုင်နှင့် ရဲမင်းနိုင်တို့အား သိမ်းဆည်းရမိသည့် စိတ်ကြွရူးသွပ်ဆေးပြားများနှင့်အတူ တွေ့ရစဉ်။

# တရားမဝင်သစ်မျိုးစုံ၊ တိရစ္ဆာန်အစာ၊ စားသောက်ကုန်ပစ္စည်း၊ လူသုံးကုန်ပစ္စည်း၊ လုပ်ငန်းသုံးပစ္စည်းနှင့် မော်တော်ယာဉ်များ ဖမ်းဆီးရမိ

**နေပြည်တော် စက်တင်ဘာ ၂၇**

တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ စက်တင်ဘာ ၂၅ ရက်တွင် တနင်္သာရီတိုင်းဒေသကြီး တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် မြိတ်ခရိုင် တနင်္သာရီမြို့နယ် တနင်္သာရီ တံတားစစ်ဆေးရေးဂိတ်၌ တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ တရားမဝင် အေးခဲအသားများ (ခန့်မှန်းတန်ဖိုး ငွေကျပ် ၁၅၀၀၀၀၀)နှင့် အဆိုပါကုန်စည်များ တင်ဆောင်လာသည့် မော်တော်ယာဉ်တစ်စီး (ခန့်မှန်းတန်ဖိုး ငွေကျပ် ၁၅၀၀၀၀၀၀) စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၆၅၀၀၀၀၀)ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန် လုပ်ထုံးလုပ်နည်းနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် မွန်ပြည်နယ် မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်း၌ တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မော်တော်ယာဉ်တစ်စီးပေါ်၌ သွင်းကုန်ကြေညာလွှာ (ID)တွင် ကြေညာထားသည်ထက် ပိုမိုတင်ဆောင်လာသော လူသုံးကုန်ပစ္စည်းနှင့် လုပ်ငန်းသုံးပစ္စည်းများ (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၀၀၇၆၀၀) နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Hino Profia အမျိုးအစားကုန်တင်ယာဉ် တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၀၀၀၀၀၀၀) စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၂၀၀၇၆၀၀)ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန် လုပ်ထုံးလုပ်နည်းနှင့်အညီ အရေးယူ ဆောင်ရွက်လျက်ရှိသည်။

ယင်းအပြင် မကွေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် ပူးပေါင်းစစ်ဆေးရေးအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ အောင်လံမြို့နယ် အရှေ့ရိုးမကြိုးဝိုင်းအတွင်း တရားမဝင် သစ်မျိုးစုံ ၀ ဒသမ ၇၅၂၃ တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၈၀၅၃) ကို ဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

၎င်းအပြင် နေပြည်တော် ကောင်စီနယ်မြေ တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် လယ်ဝေးခရိုင် ရဲတပ်ဖွဲ့မှူးရုံး၊ မှုခင်းနှိမ်နင်းရေးဌာနစုဦးဆောင်သော ပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ လယ်ဝေးမြို့နယ်အတွင်း တရားမဝင်သစ်မျိုးစုံ ၄ ဒသမ ၁၈၀၂ တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၉၂၆၁၄)ကို ဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူ ဆောင်ရွက်လျက်ရှိသည်။

အလားတူ စက်တင်ဘာ ၂၆ ရက်တွင် စစ်ကိုင်းတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် မုံရွာမြို့နယ် ကျွဲရဲပူးပေါင်းစစ်ဆေးရေးဂိတ်၌ တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ လိုင်စင်မဲ့ Wish အမျိုးအစား မော်တော်ယာဉ်တစ်စီး၊ Honda Odyssey အမျိုးအစား မော်တော်ယာဉ် တစ်စီးနှင့် Voxy အမျိုးအစား မော်တော်ယာဉ်တစ်စီး စုစုပေါင်း (ခန့်မှန်းတန်ဖိုး ငွေကျပ် ၁၆၀၀၀၀၀၀)ကို ဖမ်းဆီးရမိခဲ့ပြီး ပို့ကုန်သွင်းကုန် ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် ကရင်ပြည်နယ် တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် မြဝတီ(OSS)ကုန်သွယ်ရေးဇုန်၌ တာဝန်ကျ ပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ တရားဝင် စာရွက်စာတမ်း အထောက်အထား တစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသည့် တိရစ္ဆာန်အစာ ကီလိုဂရမ် ၄၅၀၀ (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၆၇၀၀၀၀)ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန် လုပ်ထုံးလုပ်နည်းနှင့် အညီ အရေးယူ ဆောင်ရွက်လျက်ရှိသည်။

ယင်းအပြင် ပဲခူးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တိုင်းဒေသကြီး သစ်တောဦးစီးဌာန ဦးဆောင်သော ပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ပဲခူးခရိုင်နှင့် တောင်ငူခရိုင်များအတွင်း တရားမဝင် သစ်မျိုးစုံ ၃ ဒသမ ၃၄၈၈ တန် (ခန့်မှန်းတန်ဖိုး ငွေကျပ် ၁၁၄၈၄၅၆) ကို ဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူ ဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်ပါ၍ စက်တင်ဘာ ၂၅ ရက်နှင့် ၂၆ ရက်တို့တွင် ဖမ်းဆီးရမိမှု စုစုပေါင်းမှာ အမှုတွဲ ၁၂ မှု၊ (ခန့်မှန်းတန်ဖိုး ငွေကျပ် ၈၁၆၈၆၇၂၃) ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှ သိရသည်။

**သတင်းစဉ်**

# စစ်ကိုင်းတိုင်းဒေသကြီး ဒီပဲယင်းမြို့နယ်၌ PDF အမည်ခံ အကြမ်းဖက်သမားများက စစ်ရေးပစ်မှတ်မဟုတ်သည့် မြို့အတွင်းသို့ လက်လုပ်စိန်ပြောင်းဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့သဖြင့် အပြစ်မဲ့ပြည်သူ တစ်ဦးသေဆုံး၊ နှစ်ဦးထိခိုက်ဒဏ်ရာရရှိ

**နေပြည်တော် စက်တင်ဘာ ၂၇**

စစ်ကိုင်းတိုင်းဒေသကြီး ဒီပဲယင်းမြို့နယ်၌ PDF အမည်ခံအကြမ်းဖက်သမားများက စစ်ရေးပစ်မှတ်မဟုတ်သည့် မြို့အတွင်းသို့ လက်လုပ်စိန်ပြောင်းဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့သဖြင့် အပြစ်မဲ့ပြည်သူတစ်ဦးသေဆုံးပြီး နှစ်ဦးထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ စစ်ကိုင်းတိုင်းဒေသကြီး ဒီပဲယင်းမြို့အတွင်း လုံခြုံရေး ဆောင်ရွက်နေသော တပ်ဖွဲ့ဝင်များကို စက်တင်ဘာ ၂၃ ရက် ည ၈ နာရီခန့်တွင် ဒီပဲယင်းမြို့၏ အနောက်တောင်ဘက် မီတာ ၁၀၀၀ ခန့်အကွာမှနေ၍ PDF အကြမ်းဖက်အဖွဲ့အင်အား ၁၅ ဦးခန့်က လက်လုပ်စိန်ပြောင်းဖြင့် နှစ်ချက်ပစ်ခတ်ခဲ့ကြောင်း၊ ထိုသို့ပစ်ခတ်မှုကြောင့် ဒီပဲယင်းမြို့၊ မြို့မရပ်ကွက်အနီး လယ်ကွက်အတွင်းသို့ လက်လုပ်စိန်ပြောင်းကျည် တစ်လုံးနှင့် မြို့မရပ်ကွက် ယုဇနလမ်းရှိ ဦးမြင့်လှိုင် (၇၉)နှစ် (ဘ)ဦးဘအေး၏ နေအိမ်ပေါ်သို့ လက်လုပ်စိန်ပြောင်းကျည် တစ်လုံးတို့ ကျရောက် ပေါက်ကွဲခဲ့ကြောင်း၊ ပေါက်ကွဲမှုကြောင့် ဦးမြင့်လှိုင်နှင့် ၎င်း၏သမီးဖြစ်သူ မချိုချိုဝင်း(၅၂)နှစ်၊ မြေးဖြစ်သူ မသော်ဇာမြင့်(၁၅)နှစ်တို့တွင် မိုင်းစထိမှန်ဒဏ်ရာများရရှိခဲ့သဖြင့် ဒီပဲယင်းမြို့နယ်ပြည်သူ့ဆေးရုံသို့ ပို့ဆောင်ကုသမှုခံယူနေစဉ် မသော်ဇာမြင့်မှာ ရရှိထားသော ဒဏ်ရာများဖြင့် သေဆုံးသွားခဲ့ကြောင်း သိရသည်။

ထို့ပြင် ယခင်ကလည်း PDF အမည်ခံ အကြမ်းဖက်သမားများ အနေဖြင့် စစ်ရေးပစ်မှတ်မဟုတ်သည့် စာသင်ကျောင်းများ၊ ဌာနဆိုင်ရာ အဆောက်အဦများနှင့် လူနေ အဆောက်အဦများကို လက်လုပ် စိန်ပြောင်းများဖြင့် ရမ်းသန်းပစ်ခတ်ခြင်း၊ Drone များအသုံးပြု၍ ဗုံးကြဲချခြင်းများ လုပ်ဆောင်ခဲ့ခြင်းကြောင့် အပြစ်မဲ့ပြည်သူအချို့ သေဆုံး/ဒဏ်ရာရရှိခဲ့သည်။



(ဝဲမှယာ) မသော်ဇာမြင့် (သေဆုံး)၊ ဦးမြင့်လှိုင်၊ မချိုချိုဝင်း (ဒဏ်ရာရ)

ဖြစ်စဉ်တွင် မြို့အတွင်းသို့ လက်လုပ်စိန်ပြောင်းဖြင့် ပစ်ခတ်ခဲ့သည့် အကြမ်းဖက်သမားများကို ဖော်ထုတ်ဖမ်းဆီး အရေးယူနိုင်ရေး လုံခြုံရေးတပ်ဖွဲ့ဝင်များက လိုအပ်သည့် လုံခြုံရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်လျက် ရှိကြောင်း သတင်း ရရှိသည်။

**သတင်းစဉ်**

---

# စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့နယ် စည်သာကျေးရွာ အခြေခံပညာမူလတန်းကျောင်းအတွင်းမှ PDF အမည်ခံ အကြမ်းဖက်သမားများ သို၀ှက်သိမ်းဆည်းထားသည့် လက်နက်/ခဲယမ်းများနှင့် ဆက်စပ်ပစ္စည်းများ သိမ်းဆည်းရမိ

**နေပြည်တော် စက်တင်ဘာ ၂၇**

အကြမ်းဖက် အဖွဲ့အစည်းများဖြစ်သည့် NUG နှင့် PDF အမည်ခံ အကြမ်းဖက်သမားများ အနေဖြင့် ကျေးရွာများအတွင်း ဝင်ရောက်ပြီး အရပ်သား ပြည်သူများအား လူသားတံတိုင်း ပြုလုပ်ကာကွယ်ရယူ၍ နယ်မြေလုံခြုံရေး ဆောင်ရွက်နေသော တပ်ဖွဲ့ဝင်များအား ချောင်းမြောင်း ပစ်ခတ်ခြင်းများ လုပ်ဆောင်လျက် ရှိသည့်အပြင် လက်နက်/ခဲယမ်းများနှင့် ဆက်စပ်ပစ္စည်းများအား ဘာသာရေးဆိုင်ရာအဆောက်အဦများ၊ စာသင်ကျောင်းများ၊ အများပြည်သူနှင့် သက်ဆိုင်သော နေရာများ၌ သို၀ှက် သိမ်းဆည်းခြင်းများ လုပ်ဆောင်လျက်ရှိသဖြင့် လုံခြုံရေး တပ်ဖွဲ့ဝင်များက ရှာဖွေဖော်ထုတ် သိမ်းဆည်းခြင်းများ အပါအဝင် လုံခြုံရေး လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ရှာဖွေဖော်ထုတ် ဆောင်ရွက်လျက်ရှိစဉ် အကြမ်းဖက်မှုများကို မလိုလားသည့် ပြည်သူများ၏ သတင်းပေးပို့ချက်အရ စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့နယ်အတွင်း လုံခြုံရေး ဆောင်ရွက်နေသော တပ်ဖွဲ့ဝင်များက စက်တင်ဘာ ၂၃ ရက် ညနေပိုင်းတွင် စည်သာကျေးရွာအနီး ရှာဖွေဖော်ထုတ်ခြင်းများ ဆောင်ရွက်ခဲ့ရာ အဆိုပါကျေးရွာရှိ အခြေခံပညာ မူလတန်းကျောင်း အတွင်းမှ အကြမ်းဖက်သမားများ သို၀ှက် သိမ်းဆည်းထားသည့် လက်လုပ်သေနတ် သုံးလက်၊ လက်လုပ်သေနတ် ပြောင်းများနှင့် ပြုလုပ်ဆဲ လက်လုပ်သေနတ်များ၊ လက်လုပ်လက်ပစ်ဗုံး လေးလုံး၊ ၁၂ ဗို့ဘက်ထရီ နှစ်လုံး၊ သံဖြတ်စက် သုံးလုံး၊ သံဖြတ်စက်အသွား အခု ၄၀၊ ဝရိန်ပုံး တစ်ပုံး၊ ဝရိန်ချောင်း ၅၀၊ ဝိုင်ယာကြိုးများ၊ ဆာလာအိတ်များ၊ ငါးဂါလန်ပုံးများဖြင့် မိုင်းများပြုလုပ်ရန် ထည့်ထားသည့် သံတိုသံစများ၊ လက်လုပ်မိုင်းပြုလုပ်ရန် ကားစလစ်အိုး ၄၃ လုံး၊ ကျည်ကာအကျီ တစ်ထည်နှင့် အခြားဆက်စပ်ပစ္စည်းများ တွေ့ရှိ သိမ်းဆည်းရမိခဲ့သည်။

အလားတူ PDF အမည်ခံ အကြမ်းဖက် သမားများအနေဖြင့် ယခုနှစ် ဇန်နဝါရီ ၁၃ ရက်တွင်လည်း မရသိမ်ကျေးရွာရှိ အခြေခံပညာ မူလတန်းကျောင်းအတွင်း စခန်းချအခြေပြု အကာအကွယ်ရယူ၍ အကြမ်းဖက်လုပ်ရပ်များကို ဆောင်ရွက်ရန် ပြင်ဆင်လျက်ရှိကြောင်း သိရှိရသဖြင့် လုံခြုံရေး တပ်ဖွဲ့ဝင်များက သွားရောက် တိုက်ခိုက်ချေမှုန်းခဲ့ရသည်။

အဆိုပါ ဖြစ်စဉ်တွင်လည်း အကြမ်းဖက် သမားများအနေဖြင့် စာသင်ကျောင်း အတွင်း/အပြင်၌ ခြံစည်းရိုးပတ်လည်ကို သဲအိတ်များ ကာရံခြင်း၊ မိုင်းများ ထောင်ထားခြင်း၊ သဲအိတ်ဘန်ကာများ တည်ဆောက်ခြင်း၊ အကြမ်းဖက် လေ့ကျင့်ရေးကွင်းများ ဖောက်လုပ်ခြင်းများပြုလုပ်ကာ စာသင်ကျောင်းကို အခိုင်အမာ စခန်းတည်ဆောက်၍ အဖျက်အမှောင့် လုပ်ရပ်များ လုပ်ဆောင်ရန် ကြိုတင်ကြံစည်နေမှုကို တားဆီးနိုင်ခဲ့သည်။

အကြမ်းဖက် သမားများအနေဖြင့် ကျေးရွာအချို့အတွင်း ဝင်ရောက်၍ အကြမ်းဖက်လုပ်ရပ်များ လုပ်ဆောင်လျက်ရှိခြင်းကြောင့် ဒေသခံပြည်သူများ အေးချမ်းတည်ငြိမ်စွာ နေထိုင်နိုင်ရေးအတွက် လုံခြုံရေးတပ်ဖွဲ့များက နယ်မြေလုံခြုံရေး လုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်လျက်ရှိကြောင်းနှင့် သိမ်းဆည်းရမိခဲ့သည့် လက်နက်/ခဲယမ်းများကို လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်း ရရှိသည်။

**သတင်းစဉ်**

မုံရွာမြို့နယ်၊ စည်သာကျေးရွာ စာသင်ကျောင်းအတွင်းမှ လက်နက်၊ ခဲယမ်းနှင့် ဆက်စပ်ပစ္စည်းများ သိမ်းဆည်းရမိသည့် နေရာပြပုံ




| ရည်ညွှန်းချက် | |
|---|---|
| ● | လက်နက်၊ခဲယမ်းနှင့်ဆက်စပ်ပစ္စည်းများသိမ်းဆည်းရရှိသည့် နေရာ |



မုံရွာမြို့နယ် စည်သာကျေးရွာစာသင်ကျောင်းအတွင်းမှ လက်နက်၊ ခဲယမ်းနှင့် ဆက်စပ်ပစ္စည်းများ သိမ်းဆည်းရမိမှု။



# ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားဆင်းတုတော်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်လာမည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ပူဇော်ခြင်းလုပ်ငန်းများတွင် အလှူငွေထည့်ဝင်လှူဒါန်းနိုင်ရေးနှိုးဆော်ခြင်း







ကျောက်စာရုံစေတီ(၁၂ × ၁၂× ၁၈)ပေ ၁ ဆူ တန်ဖိုး-၂၇၉ သိန်း



မုစလိန္ဒအိုင်

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့် (၇)ရက်သား၊ သမီး၊ ဘုရားဒါယကာ၊ ဒါယိကာမတို့က မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား မြန်မာနိုင်ငံတွင် ထေရဝါဒဗုဒ္ဓသာသနာတော်ထွန်းလင်းတောက်ပလျက်ရှိသည်ကို ကမ္ဘာကိုပြသရန်၊ တိုင်းပြည်အေးချမ်းသာယာမှုရှိစေရန်၊ ရုပ်ပွားတော်မြတ်ကြီးအား ပြည်တွင်း၊ ပြည်ပဘုရားဖူးများလာရောက်ခြင်းဖြင့် ဒေသတိုးတက်စည်ကားမှုကို အထောက်အကူဖြစ်စေရန်၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုအား အထောက်အကူဖြစ်စေရန် ရည်သန်လျက် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်အတွင်း၌ သာသနာတော်ထုံး၊ ရုပ်ပွားဆင်းတုတော်ထုံး၊ မြန်မာ့ရိုးရာတည်ထုံးများနှင့်အညီ တည်ဆောက်ပူဇော်လျက်ရှိပါသည်။

၂။ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ရေးလုပ်ငန်းများအား တပ်မတော်(ကြည်း၊ ရေ၊ လေ)မိသားစုများ၊ စေတနာရှင်များ၊ တိုင်းရင်းသားပြည်သူတို့၏ စုပေါင်းလှူဒါန်းမှုဖြင့် အောက်ပါအတိုင်းတည်ဆောက်ပူဇော်သွားမည်ဖြစ်ပါသည်-

| စဉ် | လှူဒါန်းနိုင်သည့်အမျိုးအစား | တန်ဖိုး (ကျပ်သိန်း) | လှူဒါန်းနိုင်သည့် အရေအတွက် | လှူဒါန်းပြီး အရေအတွက် | လှူဒါန်းရန်ကျန်ရှိ အရေအတွက် |
|---|---|---|---|---|---|
| ၁။ | ကျောက်စာရုံစေတီ ၁ ဆူ(ပိဋကသုံးပုံ မြန်မာပါဠိနှင့် ရိုမန်အင်္ဂလိပ် ၂ ချပ်ပါ) | ၂၇၉.၀၀ | ၇၂၀ ဆူ | ၃၆၉ ဆူ | ၃၅၁ ဆူ |
| ၂။ | သာသနာ့ဗိမာန်တော်(သိမ်တော်ကြီး)(၂၈၀×၂၀၅)ပေ | ၄၀၀၀၀ | ၁ လုံး | ၁၃၀၀၀ သိန်း | ၂၇၀၀၀ သိန်း |
| ၃။ | ရေပန်းအသေး(အချင်း ၁၅ ပေ၊ အမြင့် ၉ ပေ) | ၈၀၅.၀၀ | ၁၈ ခု | ၁ ခု | ၁၇ ခု |
| ၄။ | High Mast မီးတိုင် (၂၀ မီတာ (၁) တိုင်) | ၄၉၄.၀၀ | ၉ တိုင် | ၁ တိုင် | ၈ တိုင် |
| ၅။ | မဟာရံတံတိုင်း၏မြေထိန်းနံရံ(၁၀ ပေ ၁ ခန်း) | ၇၂.၀၀ | ၂၀၀ ခန်း | ၈ ခန်း | ၁၉၂ ခန်း |
| ၆။ | မြန်မာမှုတစ်ဖက်လှ ခြံစည်းရိုး ၂၇ ပေခန်း | ၃၁.၀၀ | ၄၅၅ ခန်း | ၅၀ ခန်း | ၄၀၅ ခန်း |
| ၇။ | မဟာရံတံတိုင်းရှိ ထောင့်တိုင်(စကျင်မြန်မာမှုပါ) | ၁၅.၀၀ | ၅၀ တိုင် | ၃၈ တိုင် | ၁၂ တိုင် |
| ၈။ | လမ်းမီးတိုင်(၉ မီတာ (၁) တိုင်) | ၁၀.၀၀ | ၁၈၀ တိုင် | ၁၅၀ တိုင် | ၃၀ တိုင် |
| ၉။ | မဟာရံတံတိုင်း စိန်တောင်စကျင်ကနုတ်ပန်း (စကျင်မြန်မာမှုပါ) | ၇.၀၀ | ၆၅၂ ခု | ၁၀၈ ခု | ၅၄၄ ခု |
| ၁၀။ | စကျင်ကျောက်ပြား ၁ ကျင်းနှုန်း | ၄.၇၀ | ၂၁၁၉.၅၃ ကျင်း | ၄၅ ကျင်း | ၂၀၇၄.၅၃ ကျင်း |
| ၁၁။ | မဟာရံတံတိုင်း(အင်္ဂတေမြန်မာမှု) | ၄.၁၀ | ၂၁၈.၁၄ ကျင်း | ၂၀ ကျင်း | ၁၉၇.၁၄ ကျင်း |
| ၁၂။ | ကွန်ကရစ် ၈ လက်မထုခင်းကျင်း | ၃.၆၀ | ၅၉၁၀.၆၆ ကျင်း | ၁၇ ကျင်း | ၅၈၉၃.၆၆ ကျင်း |

| စဉ် | လှူဒါန်းနိုင်သည့်အမျိုးအစား | တန်ဖိုး (ကျပ်သိန်း) | လှူဒါန်းနိုင်သည့် အရေအတွက် | လှူဒါန်းပြီး အရေအတွက် | လှူဒါန်းရန်ကျန်ရှိ အရေအတွက် |
|---|---|---|---|---|---|
| ၁၃။ | ကြွေပြား ၁ ကျင်းနှုန်း | ၂.၀၀ | ၁၇၃၆.၀၈ ကျင်း | ၁၂၅ ကျင်း | ၁၆၁၁.၀၈ ကျင်း |
| ၁၄။ | မုစလိန္ဒအိုင် | | | | |
| | (က) အဝင်မုခ်အဆောက်အဦ စကျင်မြန်မာမှု လုပ်ငန်း(အတွင်းမီးအပါ) | ၃၅၃၆.၀၀ | ၁ ခု | - | ၁ ခု |
| | (ခ) ရေကန်ဆောက်လုပ်ခြင်း(၃၁၅ ပေ × ၂၃၄ ပေ) | ၁၆၂၄.၀၀ | ၁ ကန် | - | ၁ ကန် |
| | (ဂ) ရေကန်အတွင်းပတ်လမ်းနှင့် လက်ရန်းလုပ်ငန်း | ၉၁၇.၀၀ | ၁ ခု | - | ၁ ခု |
| | (ဃ) ရေကန်အပြင်ပတ်လမ်းဘေးလှေကား ၂ စင်းနှင့်လက်ရန်းလုပ်ငန်း | ၁၀၀၈.၀၀ | ၁ ခု | - | ၁ ခု |
| | (င) ရေကန်ပတ်လမ်းမီးတိုင်များထွန်းညှိပေးခြင်း လုပ်ငန်း(၁ တိုင် ၉.၅ သိန်း) | ၇၀၃.၀၀ | ၇၄ တိုင် | - | ၇၄ တိုင် |
| ၁၅။ | ချောင်းဖြောင့်မြေထိန်းနံရံ(၁၂ ပေ × ၁၇၆ ပေ) | ၁၉၃.၀၀ | ၈၂ ခု | - | ၈၂ ခု |
| ၁၆။ | ပိဋကသုံးပုံကျမ်းစာအုပ်များ(မြန်မာပါဠိနှင့် ရိုမန်အင်္ဂလိပ် ၂ မျက်နှာစီပါ)လှူဒါန်းနိုင်ရေး [၅၃ ကျမ်း(၄၀ အုပ်)]တစ်စုံလျှင် | ၁၂.၀၀ | ၅၀၀ စုံ | ၆၃ စုံ | ၄၃၇ စုံ |

၃။ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ မဟာရံအတွင်း တည်ဆောက်လှူဒါန်းမည့် သာသနိကအဆောက်အဦများအတွက် **ကြိုတင်လျာထားစာရင်းပေးသွင်းလှူဒါန်းထားကြသည့် ဘုရားဒါယကာ၊ ဒါယိကာမများအနေဖြင့်** မိမိတို့ရည်စူးလှူဒါန်းထားသည့် အလှူငွေများအားလည်းကောင်း၊ အထက်ပါတည်ဆောက်ရေးလုပ်ငန်းများအတွက် အလှူငွေများထည့်ဝင်လှူဒါန်းလိုသည့် ဘုရားဒါယကာ၊ ဒါယိကာမများသည်လည်းကောင်း၊ **အင်းဝဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၃၃၅၆၁၇၊ မြဝတီဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၇၆၂၆၆၆၊ ကမ္ဘောဇဘဏ်ငွေစာရင်းအမှတ်၊ ၀၃၄၃၀၂၀၁၇၀၀၂၈၇၀၀၁** တို့သို့ ငွေသားဖြင့်ဖြစ်စေ၊ Account Transfer ဖြင့်ဖြစ်စေ ဦးစွာဆက်သွယ်ပေးသွင်းလှူဒါန်းနိုင်ပြီဖြစ်ပါကြောင်းနှင့် အသေးစိတ်သိရှိလိုပါက အောက်ပါဖုန်းနံပါတ်များတွင် စုံစမ်းနိုင်ပါကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ အသိပေးနှိုးဆော်အပ်ပါသည်-

**(က) ဒုတိယဗိုလ်မှူးကြီးအောင်ကျော်ဇော ၀၉-၆၅၀၁၉၉၉၉၆၊ ၀၃၆-၃၁၀၀၅**

**(ခ) ဒေါ်အေးအေးကြည် ၀၉-၄၂၉၇၂၂၅၄၈၊ ၀၉-၂၅၅၈၂၅၂၁၆**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန
## ပြန်လည်ထူထောင်ရေးဦးစီးဌာန

၁။ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ပြန်လည်ထူထောင်ရေးဦးစီးဌာန၊ တရုတ်နိုင်ငံအစိုးရမှ လှူဒါန်းငွေဖြင့် ဆောင်ရွက်မည့် အောက်ဖော်ပြပါလုပ်ငန်း တစ်ခုအား မြန်မာနိုင်ငံသား လုပ်ငန်းရှင်များနှင့် ဆောင်ရွက်လိုပါသဖြင့် အိတ်ဖွင့်တင်ဒါများတင်သွင်းနိုင်ပါရန် ဖိတ်ခေါ်အပ်ပါသည်-

ကချင်ပြည်နယ်၊ မူးယစ်ဆေးဖြတ်ပြီးသူများပြန်လည်ထူထောင်ရေးစခန်း (မြစ်ကြီးနား)တွင် (၆၀'x၃၀'x၂၄')RCC နှစ်ထပ် သင်တန်းသား(၄၀)ဦးဆံ့ အိပ်ဆောင် တစ်လုံး ရေ၊ မီး၊ မိလ္လာ၊ Apron & Drainအပါအဝင် တည်ဆောက်ခြင်းလုပ်ငန်း — 1 Lot

၂။ အိတ်ဖွင့်တင်ဒါများကို အောက်ပါအစီအစဉ်အတိုင်း ဆောင်ရွက်ပါမည်-

(က) **တင်ဒါပုံစံရောင်းချမည့်ရက်၊ အချိန်** - ၂၈-၉-၂၀၂၂ ရက်မှ ၂၇-၁၀-၂၀၂၂ရက်အထိ (၉:၃၀)နာရီမှ (၁၆:၃၀)နာရီအထိ (ရုံးချိန်အတွင်း)

(ခ) **တင်ဒါတင်သွင်းရမည့်ရက်၊ အချိန်** - ၂၉-၉-၂၀၂၂ရက်မှ ၂၇-၁၀-၂၀၂၂ရက်အထိ (၉:၃၀)နာရီမှ (၁၆:၃၀)နာရီအထိ (ရုံးချိန်အတွင်း)

(ဂ) **တင်ဒါဖွင့်ဖောက်မည့်ရက်** - ၂၈-၁၀-၂၀၂၂ရက် နံနက်(၁၀:၀၀)နာရီမှ(၁၃:၀၀)နာရီအထိ

